ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၃၀) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၇၂.၅၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးမန်းကံညွန့်၊ ကရင်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးငွေမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်း အတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကျန်းမာရေး။ ဦးတင်ဝင်း၊ မကွေး (၈)၊ ကျန်းမာရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဒေါက်တာငွေဝင်း၊ ဧရာဝတီ(၅)၊ ကျန်းမာရေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ မိသားစု ကျန်းမာရေး။ ဦးပီမောင်စိုး၊ ကယား(၁)၊ အလုပ်ရုံ ဆွေးနွေးပွဲတက်ရောက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းကဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**သံတောင်ကြီးမြို့နယ်၊ တောင်ငူ-သံတောင်-ဘောဂလိကားလမ်းပေါ်ရှိ ပလက်ဝကြိုးတံတားကို အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ က သံတောင်ကြီးမြို့နယ်၊ တောင်ငူ-သံတောင်-ဘောဂလိကားလမ်းပေါ်ရှိ ပလက်ဝကြိုးတံတားကို အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောတော်ပလဲ ဖြစ်ပါ တယ်။ ဒီမေးခွန်းကို မေးမြန်းခွင့်ပြုတဲ့ ဥက္ကဋ္ဌကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သံတောင်ကြီးမြို့နယ်မှာ လွန်ခဲ့တဲ့ ၂၀၀၈ ခုနှစ်ကစပြီးတော့ သောက်ရေ ခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းကို စတင်အကောင်အထည်ဖော်ပါတယ်။ စက်ရုံစီမံကိန်းကတော့ တောင်ငူမြို့နယ်ထဲမှာရှိတယ်။ ဒါကတော့ ကျွန်တော်တို့ သံတောင်မြို့နယ်နဲ့ တောင်ငူ Boundary ပေါ် မှာရှိတယ်။ အဲဒီတော့ ရေလွှမ်း၊ ရေနစ်မြုပ်တဲ့ ဧရိယာအားလုံးဟာ သံတောင်မြို့နယ် ထဲမှာ ဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၂ ခုနှစ်ကစပြီးတော့ ရေစတင်သိုလှောင်တဲ့အချိန်မှာ ကျွန်တော်တို့ ဒီ တောင်ငူ-သံတောင်-ဘောဂလိ မော်ချီးလမ်း(၃)မိုင်ဟာ ရေမြုပ်သွားပါတယ်။ အဲဒီသောက်ရေခပ်ချောင်း ဘေးက ကားလမ်း(၃)မိုင်နဲ့အတူ ပလက်ဝစခန်းမှာရှိတဲ့ တံတားကြီးလည်း ရေမြုပ်သွားပါတယ်။

သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းကြီးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက BOT စနစ်နဲ့ ရွှေစွမ်းအင်ကုမ္ပဏီက ဆောင်ရွက်တယ်လို့ သိရပါတယ်။ အဲဒီတော့ ရွှေစွမ်းအင် ကုမ္ပဏီက ရေမြုပ်သွားတဲ့ လမ်းကို ဒီ ၂၀၁၂ မှာပဲ သူတို့ လမ်းလွှဲကားလမ်းပြန်ဖောက် ပေးပါတယ်။ ဒါပေမဲ့ တံတား ကိုတော့ ဒီနေ့အထိ ဆောက်လုပ်ပေးခြင်းမရှိဘူး။ အဲဒီတော့ ဒေသခံပြည်သူများ ခရီးသွား လာလွယ်ကူဖို့ အတွက် သူတို့ ဇက်တစ်စီး ပြင်ဆင်ထားပေးပါတယ်။ ဘောဂလိဘက်က ဆင်းလာတဲ့ ကားတို့၊ မော်တော်ယာဉ်တို့၊ တောင်ငူဘက်က တက်လာတာတို့ ဒီဇက်နဲ့ သူတို့ ပို့ဆောင်ပေးတယ်။ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း၊ အဲဒီတော့ ၂၀၁၂ ခုနှစ်က ကျွန်တော်ကိုယ်တိုင်သွား ရောက်ပြီးတော့ မေးမြန်းတဲ့အချိန်မှာ ဒီတံတားကြီးကို ၂၀၁၃ ခုနှစ် မေလအကုန်မှာ အပြီးဆောက်ပေးပါမယ်လို့ သူတို့ ကတိပေးတယ်။ ဒေသခံ ပြည်သူကိုလည်း သူတို့က ကတိပေးထားတယ်။

အဲဒီတော့ ဇက်ကြီးနဲ့ ဒီလိုပို့ဆောင်ပေးတာ ဒီနေ့ထိဆိုရင် (၂)၊ (၃)နှစ် ပြည့်တော့မှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့ ဒေသခံပြည်သူတွေက တောင်ပေါ်သားတွေဖြစ်တော့ ပင်လယ်ပြင်လို ရေမျိုးမတွေ့ ဖူးဘူး။ အဲဒီတော့ ဒီဇက်ပေါ်မှာ ဆိုင်ကယ်၊ကားတွေ မောင်းတက်လိုက်၊ ပြန်ဆင်းလိုက်၊ ခရီးသည်တွေက လည်း ကြောက်ကြောက်ရွံ့ရွံ့နဲ့ စီးကြရပါတယ်။ ရေထဲမှာ ၂၀၁၄ ခုနှစ်ပြည့်တဲ့ ဩဂုတ်လ၊ ဒုတိယ ပတ်က ဇက်က ဘောဂလိဘက် ကူးရင်းနဲ့ ကမ်းကိုရောက်တဲ့အချိန်မှာ ဇက်ဝန်ထမ်းရဲ့ တာဝန် ပေါ့လျော့

မှုကြောင့် ကြားရတာကတော့ ကြိုးမချည်ဘူးပေါ့ဗျာ။ အဲဒီအချိန်မှာ ကားနဲ့ဆိုင်ကယ်က ကြိုးချည်ပြီးပြီ လို့ အောက်မေ့ပြီးတော့ ကားမောင်းတဲ့အချိန်မှာ အဲဒီ ပြန်ဆင်းတဲ့နေရာမှာ ဇက်ကကမ်းကို ပြန်ခွာပြီး တော့ ကားက ရေထဲကို ကျသွားတယ်။ အဲဒီမှာ ခရီးသည်တစ်ဦးရဲ့ အသက် ဆုံးရှုံးသွားပါတယ်။

အဲဒီကစပြီးတော့ ခရီးသည်တွေဟာ ပိုပြီးတော့ ကြောက်ကြောက်ရွံ့ရွံ့ပေါ့၊ ယနေ့အထိပေါ့၊ အဲဒီ ဇက်ပေါ်မှာပဲ ကားနဲ့ဆိုင်ကယ်နဲ့ သွားလာကြပါတယ်။ အဲဒီတော့ ဒီလမ်းက တောင်ငူ-သံတောင်-ဘောဂလိ လမ်းအပြင် တစ်နေ့ကျရင် ကျွန်တော်တို့ ကယားပြည်နယ်၊ မော်ချီး-ဖားဆောင်း-မယ်စဲ့ အထိ ဆက်သွယ်ရမယ့် လမ်းကြောင်းကြီးဖြစ်နေတယ်။ အဲဒီတော့ ဒီကြိုးတံတား မရှိမဖြစ်တဲ့ ကိစ္စရပ်ဖြစ်နေပါ တယ်။ အရေးကြီးနေပါတယ်။ ပြည်သူတွေကလည်း ၂၀၁၃ ခုနှစ်ကတည်းက စောင့်မျှော်နေတဲ့ တံတား ကြီးဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ပြည်သူတွေရဲ့ကိုယ်စား မေးမြန်းလိုတာကတော့ ဒီပလက်ဝ ကြိုးတံတား ကြီးကို မည်သည့်အချိန်မှာ ဆောက်လုပ်ပေးမှာလဲ၊ ဆောက်လုပ်ပြီးစီးမယ့်အချိန် ဘယ်အချိန်လဲဆိုတာ ပြည်သူတွေ သိရှိလိုကြောင်း ပြည်သူတွေရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မလှိုင်မြို့နယ်၊ မလှိုင်-ချောင်းရိုးလမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် က မလှိုင်မြို့နယ်၊ မလှိုင်-ချောင်းရိုးလမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေ အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက် အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတာကတော့ မလှိုင်မြို့နယ်၊ မလှိုင်-ချောင်းရိုး လမ်း အဆင့်မြှင့်တင်နိုင်ရေး၊ ကတ္တရာလမ်း ခင်းပေးနိုင်ခြင်း ရှိ/မရှိနဲ့ ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါ တယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မလှိုင်မြို့နယ်၊ မလှိုင်မြို့မှ ချောင်းရိုးခေါ် ကျေးရွာ သို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းသည် အရှည်(၄)မိုင်(၆)ဖာလုံရှိပါတယ်။ ကျေးရွာ (၁၄)ရွာမှ အိမ်ထောင်စု(၁၃၀၀)၊ လူဦးရေ(၁၀၀၀၀)ကျော်ခန့်အတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများ အတွက် အရေးပါသော လမ်းတစ်လမ်း ဖြစ်ပါတယ်။ ဒီလမ်းကို ၁၉၉၆ ခုနှစ်တွင် မြို့နယ် စည်ပင် သာယာရေးအဖွဲ့၏ အကူအညီဖြင့် ကျေးရွာပြည်သူလူထုမှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ခဲ့သော လမ်းဖြစ်ပါတယ် ခင်ဗျား။

ကံတွင်းအုပ်စုမှ လယ်တာအိုရွာ၊ ရွာငွေ့ရွာ၊ ကျောက်တန်းအုပ်စုမှ မုံကန်ရွာ၊ ရေအိပ်ကျင်းရွာ၊ မြင်းဦးလှည့်အုပ်စုမှ ထနောင်းကျင်းရွာ၊ ကောက်ကွေ့ကုန်းရွာ၊ ရေရင်ရွာ၊ ညောင်ကုန်းရွာ၊ ရွာသစ်ကြီးရွာ၊ ဖျောက်ဆိပ်ကျင်းအုပ်စုမှ သဲကျွန်းရွာ၊ ချောင်းဆုံရွာ၊ လက်ပံချိုင်းရွာ၊ သပြေပင်ရွာ၊မြေနီကုန်းရွာတို့မှ ပြည်သူလူထုစုပေါင်း၍ ကျောက်ကျင်းပေါင်း (၁၉၅၀)ကျင်း၊ မြို့နယ်စည်ပင်သာယာရေးမှ ကျောက်ကျင်းပေါင်း (၁၄၇၀)ကျင်း၊ စုစုပေါင်း(၃၄၂၀)ကျင်းဖြင့် ကျောက်လမ်း ခင်း ခဲ့ပါတယ်။

သို့ရာတွင် ယခုအခါလမ်းမှာ ပျက်စီးယိုယွင်းနေပြီဖြစ်ပါတယ်။ ကျေးရွာပေါင်း(၁၄)ရွာမှ အခြားဒေသများသို့ ဒေသထွက်ကုန်များဖြစ်သော ပဲမျိုးစုံ၊ ကြက်သွန်ဖြူကြက်သွန်နီ၊ ငရုပ်၊ ပြောင်း၊ ဝါ၊ ဟင်းသီးဟင်းရွက်များ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက်လည်းကောင်း၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးလုပ်ငန်းများအတွက် ဘက်စုံဆောင်ရွက်နိုင်ရေးအတွက် ကျောက်လမ်းအဖြစ်မှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ပြုပြင်ပေးနိုင်ရေးအတွက် ကျေးရွာပြည်သူလူထုနှင့် ကျေးရွာကျောင်းထိုင်ဆရာတော်ကြီးများမှလည်း မလှိုင်-ချောင်းရိုးလမ်း အဆင့်မြှင့်တင်ရေးကို လိုလားလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အကျိုးကိုလည်းကောင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးတို့အတွက် မလှိုင်-ချောင်းရိုးလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစော်တော်ပလဲ၏ မေးမြန်းခြင်းနဲ့ ပတ်သက်ပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူ-သံတောင်-ဘောဂလိ လမ်းပေါ်ရှိ ပလက်ဝကြိုးတံတားကို အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါတယ်။ လက်ရှိတွင် ပလက်ဝကြိုးတံတားကို ရွှေစွမ်းအင်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိပါတယ်။ မူလက ပလက်ဝကြိုးတံတားကို တစ်လမ်းသွား တံတားအဖြစ်ဆောင်ရွက်ရန် ပုံစံဒီဇိုင်းထုတ်ခြင်း၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး ဖြစ်သော်

လည်း အဆိုပါတံတားသည် ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိခြင်း၊ ဒေသအကျိုးအတွက် ရေရှည်နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်ရန် လျာထားခြင်း စသည့်အချက်များကြောင့် မူလတစ်လမ်းသွား တံတားပုံစံအစား နှစ်လမ်းသွား ပုံစံ ဒီဇိုင်းထုတ်ခြင်း၊ မြေစမ်းသပ်ခြင်း လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၏ မေးမြန်းခြင်းနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီး ထံပန်ကြားအပ်ပါတယ်ခင်ဗျာ။ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ မလှိုင်-ချောင်းရိုးလမ်းမှာ (၄)မိုင်၊ (၆)ဖာလုံရှိ ကျောက်ချောလမ်းဖြစ်ပြီး လက်ရှိတွင် ၎င်းကျောက်ချောလမ်းမှာ ပျက်စီးလျက်ရှိပါတယ်။ မလှိုင်-ချောင်းရိုးကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၃၈၉)သန်း ကုန်ကျမည်ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု(၄)စုရှိ ကျေးရွာ(၁၂)ရွာမှ အိမ်ထောင်စု (၃၂၅၆)စု၊ လူဦးရေ(၁၇၉၅၅)ဦးတို့အား အကျိုးပြုမည်ဖြစ်ပါတယ်။

ရန်ပုံငွေရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးနိုင်ရေး မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အဆင့်ဆင့် တင်ပြစေကာ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဘူးသီးတောင်မြို့နယ်၊ လောင်းချောင်းအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း က ဘူးသီးတောင်မြို့နယ်၊ လောင်းချောင်း အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင် လူကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း

ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဘူးသီးတောင်မြို့၊ လောင်းချောင်းကျေးရွာ အ.မ.က အဆောက်အဦအား အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားဖို့ အစီအစဉ် ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြချက်များကို Power Point ဖြင့် တင်ပြခွင့်ပြုပါ။ လေးစားစွာ တင်ပြအပ်ပါတယ်။

ဘူးသီးတောင်မြို့နယ်၊ လောင်းချောင်းကျေးရွာဟာ ဘူးသီးတောင်မြို့နဲ့ အလှမ်းကွာတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ကျေးရွာ၏အကျယ်အဝန်းမှာတော့ အလျား(၁)မိုင်ခွဲ၊ အနံက (၃)ဖာလုံခွဲ လောက်ရှိတဲ့ ရွာတန်းရှည် ရွာကြီးတစ်ရွာဖြစ်ပါတယ်။ တိုင်းရင်းသားအများစု နေထိုင်တဲ့ ရွာကြီးတစ်ရွာလည်း ဖြစ်ပါတယ်။ အဆိုပါရွာကို UM အဖွဲ့က ၁၉၉၅ ခုနှစ်မှာ ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ပေးခဲ့တဲ့အတွက် ကျောင်းဆောင်တစ်ဆောင်ရရှိခဲ့ပါတယ်။ အဲဒီ ကျောင်းဆောင်ကတော့ အလျား(၄၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၀)ပေ၊ သစ်သားတိုင်၊ သွပ်မိုး၊ ဝါးထရံကာ၊ အုတ်ခင်း ကျောင်းအမျိုးအစား ဖြစ်ပါတယ်။

အဲဒီ ကျောင်းမှာ အသုံးပြုရတဲ့ သစ်များကတော့ အပေါစားသစ်များဖြင့် သုံးထားတာကို တွေ့ရှိရပါတယ်။ ၁၉၉၅ ခုနှစ်ကနဲ့ ယခုနှစ်စာရင် နှစ်ပေါင်း(၂၀)ခန့် ရှိတဲ့အတွက် အဲဒီကျောင်းဆောင်ရဲ့ နံရံများဟာ ဆွေးမြည့်ပြီးတော့ ပြုတ်ကျနေတာကို တွေ့ရှိရပါတယ်။ အပေါ်က မိုးထားတဲ့ သွပ်ပြားများဟာလည်း ပေါက်ပြဲပြီးတော့ မိုးရွာတဲ့အခါ မိုးယိုတာကို တွေ့ရှိရပါတယ်။ အကာထရံများမှာလည်း ဆွေးမြည့်ပြီးတော့ ပြုတ်ကျနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် အဲဒီကျောင်းကို လေတိုက်တိုင်း တုန်ခါမှုရှိပါတယ်။ ဘာဖြစ်လို့ တုန်ခါမှုရှိလည်းဆိုတော့ အဲဒီကျောင်းရဲ့ အပေါစားသစ်နဲ့လုပ်ထားတဲ့ သစ်သားအမိုးမို့လို့၊ အဲဒီက သစ်တိုင်ခြေရင်းများဟာ ဆွေးမြည့်ပြီးတော့ မူလီနဲ့ကွာဟနေတာကို တွေ့ရှိရပါတယ်။

နောက်တစ်ပုံတင်ပြပေးပါ။ ဒီပုံကတော့ အနောက်ဘက်မှ မြင်ရတဲ့ပုံဖြစ်ပါတယ်။ နံရံတွေ ဆွေးမြည့်ပြီးတော့ ပြုတ်ကျသွားတဲ့အတွက် ရရာ အမိုးအကာလေးနဲ့ ကာပြီးတော့ထားရတဲ့ အခြေအနေ ဖြစ်ပါတယ်။ အတွင်းမှာ တိုင် (၆)တိုင်ဟာ အောက်က လုံးဝ ဆွေးမြည့်ပြီးတော့နေတာကိုလည်း တွေ့ရှိရပါတယ်။ နောက်တစ်ပုံ တင်ပြပေးပါ။ ဒါကတော့ မြောက်ဘက်က မြင်ရတဲ့ အခြေအနေ ဖြစ်ပါတယ်။ အဲဒီမြောက်ဘက် မျက်နှာ အကာနံရံများ ပြိုပျက်ပြီးတော့ ပုံမှာ မြင်ရတဲ့အတိုင်း ဖြစ်ပါတယ်။ ဒီပုံကတော့ အရှေ့မြောက်ထောင့်က မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ အဲဒီပုံမှာလည်း နံရံဟာ ပြိုပျက်ပြီးတော့ တစ်ပိုင်းတစ်စနဲ့ ခနော်ခနဲ့နဲ့ အကာအရံများ လုပ်ထားတာကို တွေ့ရှိရပါတယ်။ ဝိုင်းထားတဲ့ နေရာများကတော့ လုံးဝမူလီနဲ့မစွဲဘဲ ဆွေးမြည့်နေတဲ့ပုံ ဖြစ်ပါတယ်။ အဲဒီပုံကတော့ ဓာတ်ပုံ ရိုက်တဲ့သူက ကျွမ်းကျင်မှု မရှိတဲ့ အတွက် သေသေချာချာ မမြင်ရပါ။

ထို့ကြောင့် အဲဒီကျောင်းဟာ ၂၀၁၅-၂၀၁၆ မိုးရာသီ အတွင်းမှာ မုတ်သုံလေပြင်းများ တိုက်ခတ်ပါက ပြိုကျနိုင်တဲ့ အနေအထားမှာ အများကြီးရှိပါတယ်။နောက်တစ်ပုံတင်ပြပေးပါ။ ကျောင်းမှာ ကျောင်းသူ/ ကျောင်းသားကတော့ စတုတ္ထတန်းမှ သူငယ်တန်းအထိ (၂၈၉)ဦး ရှိပါတယ်။ အဲဒီမှာ ကျောင်းသားနဲ့ ကျောင်းဟာ မျှတမှုမရှိတဲ့အတွက် ပထမတန်းကျောင်းသားနဲ့ သူငယ်တန်းကျောင်းသားကို နီးစပ်ရာ အိမ်နှစ်အိမ်မှာ ခွဲပြီးတော့ ပြသနေရပါတယ်။ အဲဒီပုံတွေကို ကျွန်တော် ဒီမှာ တင်ပြချင်ပေမယ့် အဲဒီအိမ်သားက လွှတ်တော်မှာ တင်ပြမယ်ဆိုလို့ သူတို့က ရိုက်ခွင့်မပေးတဲ့အတွက် ကျွန်တော် တင်ပြခြင်း

မရှိခဲ့ပါ။ ပုံမှာ ပြထားတဲ့အတိုင်းပဲ ကျောင်းသူ/ကျောင်းသားများဟာ ကြပ်တည်းစွာ ပညာသင်ကြား နေရတာ ကို တွေ့ရှိရပါတယ်။ အဲဒီနေရာမှာ မိုးသက်လေပြင်းများ တိုက်ခတ်ပါက အဲဒီက မိုးက စင်လာပြီး အအေး ပတ် တဲ့သူတွေလည်း များပါတယ်။ ဖျားတဲ့လူလည်း ရှိပါတယ်။ အဲဒီတော့ ကျန်းမာရေးကလည်း တော်တော် ထိခိုက်ပါတယ်။ နောက်တစ်ပုံ တင်ပြပါ။ အဲဒါလည်း အဲဒီ စတုတ္ထတန်းက ဒုတိယတန်းအထိ ကျောင်းသားတွေ ဖြစ်ပါတယ်။ သူတို့တွေလည်း ဒီတိုင်းပါပဲ ကျွန်တော် စောစောက တင်ပြတဲ့အတိုင်း အခက်အခဲပေါင်း မြောက်မြားစွာနဲ့ ကျောင်းသူ/ကျောင်းသားများဟာ ပညာသင်ကြားနေရတာကို တွေ့ရှိရ ပါတယ်။ ကျေးရွာကြီးပေမယ့်၊ လူဦးရေ များပေမယ့် ကျောင်းသားများပေမယ့်၊ ကျောင်းကတော့ အလျား ပေ(၄၀) အနံ ပေ(၃၀) နဲ့ ဒီလိုပဲ စာပေ သင်ကြားနေရတာကို တွေ့ရှိရပါတယ်။

ထို့ကြောင့် ကျွန်တော့်အနေဖြင့် လောင်းချောင်း အ.မ.ကကျောင်းကို ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန်၊ မေးမြန်းရန် အစီအစဉ် ရှိခဲ့သော်လည်း ၁၆-၂-၂၀၁၅ ခု လွှတ်တော် နေ့တစ်နေ့မှာ ဥက္ကဋ္ဌကြီးက မိန့်မှာချက်အရ ယခုအချိန်ဟာ ဘဏ္ဍာရေး အပြောင်းအလဲကာလ ဖြစ်တဲ့ အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ရင် ရန်ပုံငွေ ရရှိနိုင်ရန် ခက်ခဲကြောင်း ကျွန်တော့်အနေနဲ့ ထင်မြင်မိတဲ့အတွက် ကျွန်တော်တို့ ဘူးသီးတောင်မြို့မှာ ပညာရေးဝန်ကြီးဌာနက လျာထားခွင့်ပြုထားတဲ့ ကျောင်း(၉)ကျောင်း အနက်မှာ ပါဝင်တဲ့ ကတိလှကျေးရွာအုပ်စု(က)မှာ ဆောက်မယ့်ကျောင်းကို လောင်းချောင်းကျေးရွာအုပ်စုမှာ ပြောင်းရွှေ့ဆောက်နိုင်ဖို့အတွက် မေးမြန်းရန် မေးခွန်းပြုလုပ်ဖို့ အတွက် အကြောင်း ပေါ်ပေါက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြတဲ့ မေးခွန်းကို ဒီမေးခွန်းနဲ့တစ်ဆက်တည်း မေးမြန်းခွင့် ပြုစေလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနက ကျောင်းအဟောင်းကိုဖျက်ပြီး ကျောင်း အသစ် ဆောက်လုပ်ရန်အတွက် ကျောင်း(၉)ကျောင်း လျာထား သတ်မှတ်ထားပါတယ်။ အဲဒီနေရာမှာ ကတိလှကျေးရွာလည်း ပါ ပါတယ်။ အဲဒီကတိလှကျေးရွာမှာ ကျွန်တော် ကိုယ်တွေ့၊ ဒီတစ်ခေါက် (၁၁)ကြိမ်မြောက် အစည်းအဝေးပြီး ဆင်းတဲ့အခါ အဲဒီမှာပဲ တစ်ညအိပ်ခဲ့ပါတယ်။ အိပ်ပြီးတော့ ရွာသူ/ ရွာသားများနဲ့ အတွေ့အကြုံများ ဆွေးနွေးနေခဲ့ပါတယ်။ အဲဒီအချိန်က ကျွန်တော်တွေ့မြင်ရတဲ့ ကျောင်း အနေအထားကတော့ အဲဒီရွာမှာ ပေ (၁၂၀)အရှည်၊ ပေ (၃၀)အကျယ်၊ အမြင့် က (၁၂)ပေ ရှိတဲ့ သွပ်မိုးအုတ်ကာ အုတ်ခင်း ကျောင်း ဆောင်တစ်ဆောင် ရှိပါတယ်။ နောက်ပြီးတော့ ပေ (၈၀)အရှည် အကျယ် (၃၀)ပေ အမြင့်က (၁၀)ပေ ကိုယ်ထူကိုယ်ထ ကျောင်းဆောင်တစ်ဆောင် အဲဒီကျောင်းဆောင် ကလည်း သွပ်မိုးဝါးထရံကာ အုတ်ခင်း အဆောက်အအုံ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ချမှတ်ပေးတဲ့ အရှည်ပေ(၄၀) အနံ ပေ(၃၀) အမြင့် ပေ (၁၂)ပေ သွပ်မိုး အုတ်ကာ အုတ်ခင်း အဆောင်တစ်ဆောင် စုစုပေါင်း(၃)ဆောင်ဟာ ခိုင်ခိုင်ခံ့ခံ့ တွေ့ရှိရပါတယ်။ အဲဒီကျောင်း (၃)ကျောင်းမှာ ကျောင်းသား အရေအတွက်ကတော့ ကျောင်းသား (၂၀၀)နီးပါးသာ ရှိပါတယ်။

ထို့ကြောင့် ရွာလေးကြည့်ပြီးတော့ ကျောင်းအရွယ်အစားလည်းသေးပြီး ကျောင်းကလည်း ပြိုလုလု ဖြစ်နေတဲ့ လောင်းချောင်းကျေးရွာအုပ်စုမှာ ကျောင်းက အများကြီး လိုအပ်နေပါတယ်။ ထို့ကြောင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ အဲဒီကတိလှကျေးရွာ အုပ်စုမှာ ဆောက်လုပ်မယ့် ကျောင်းအစား ကျောင်းကို လောင်းချောင်းကျေးရွာမှာ ပြောင်းရွှေ့ပြီးတော့ ဆောက်လုပ်ခွင့်ပေးပါရန်

နှင့် ဆောက်လုပ်ဆောင်ရွက်နိုင်မှု ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဘူးသီးတောင်မြို့နယ်၊ လောင်းချောင်းအစိုးရအခြေခံပညာမူလတန်းကျောင်း ပျက်စီးနေပုံ(ဗ)




ဘူးသီးတောင်မြို့နယ်၊ လောင်းချောင်းအစိုးရအခြေခံပညာမူလတန်းကျောင်း ပျက်စီးနေပုံ(ဗ-၁)



ဘူးသီးတောင်မြို့နယ်၊ လောင်းချောင်းအစိုးရအခြေခံပညာမူလတန်းကျောင်း ပျက်စီးနေပုံ(ဗ-၂)




**လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပညာရေးဝန်ကြီးဌာနကို မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်မွန် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဟာ လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီးနံဘေးတွင် တည်ရှိပြီး လားရှိုးမြို့နဲ့ (၁၅)မိုင်ခန့်

အကွာအဝေးမှာ ရှိပါတယ်ခင်ဗျား။ အဆိုပါကျောင်းခွဲကို မြေဧရိယာအကျယ်အဝန်း (၉.၇၅)ဧကပေါ်တွင် တည်ဆောက်ထားပါသဖြင့် ကျောင်းဧရိယာကျယ်ဝန်းပြီး အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ထားတဲ့ သက်တမ်းကတော့ (၇)နှစ်ရှိပြီဖြစ်ကြောင်း သိရှိရပါတယ် ခင်ဗျား။ နောင်မွန် ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၁၉)ရွာ လူဦးရေ တစ်သောင်းကျော် နေထိုင်လျက်ရှိပြီး နောင်မွန် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ပတ်ဝန်းကျင်ကျေးရွာရှိ ကျောင်းပေါင်းကတော့ (၁၃)ကျောင်း ရှိပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ နောင်မွန် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အခြေခံပညာမူလတန်းအဆင့်၌ ကျောင်းသူ/ကျောင်းသားဦးရေ (၉၀၅)ဦး၊ အလယ်တန်းအဆင့် (၅၁၂)ဦး၊ အထက်တန်းအဆင့် နဝမတန်းတွင် (၅၇)ဦးနဲ့ ဒသမတန်းတွင် (၅၂)ဦး စုစုပေါင်းကျောင်းသားဦးရေ (၁၅၂၈)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ စာသင်နှစ်က ဒသမတန်းအောင်ချက်ရာခိုင်နှုန်းက (၃၃.၃၃)ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့် တိုးမြှင့်ပေးရန် သတ်မှတ်ချက် စည်းကမ်းမှုများရှိသော်လည်း ဒေသန္တရ အခြေအနေလိုအပ်ချက်နဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် လိုအပ်နေပါသဖြင့် နောင်မွန် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းအား ကျေးလက်နေ ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင် က ရခိုင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမောင်အေးထွန်း ရဲ့ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၊ လောင်းချောင်း အခြေခံပညာ မူလတန်းကျောင်း အဆောက်အဦအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များအသစ် တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ် ဆောက်လုပ်ခြင်း လုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးတဲ့ သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိတဲ့ အခြေအနေ

လုပ်ထုံးလုပ်နည်းတွေအရ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီဇယားမှာ ထည့်သွင်း လျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ် ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီဇယားအရ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်မှာ အန္တရာယ်ရှိ ကျောင်း(၉)ကျောင်း မူကြိုကျောင်းဆောင်(၁)ကျောင်း စုစုပေါင်းအခြေခံပညာ ကျောင်း(၁၀) ကျောင်းအတွက် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ လျာထား တင်ပြပြီး ဖြစ်ပါတယ်။ အဲဒီလိုပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း တင်ပြသွားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ငွေလုံးငွေရင်းကတော့ လျာထားပြီးဖြစ်သွားတဲ့အတွက် ယခု ကိုယ်စားလှယ် တော်ကြီး တင်ပြတဲ့ လောင်းချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှာ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးသော်လည်းပဲ မျက်မြင်အခြေအနေအရ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်အရလည်း တွေ့မြင်ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးနဲ့ သက်ဆိုင်သူများရဲ့ မြို့နယ်ဦးစားပေး အစီအစဉ် ကျောင်းအလိုက် တန်းစီဇယားများနဲ့ ပြင်ဆင်ရေးလုပ်ငန်းများကို အဆင့်အလိုက် အဖြစ်နိုင်ဆုံးနဲ့ အကောင်းဆုံး စိစစ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယအနေနဲ့တော့ ရှမ်းပြည်နယ်အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမင်း ရဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ဆက်လက် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်း ပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်မှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အထိ အခြေခံပညာအထက်တန်းကျောင်း (၁၀)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၇)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၁၁)ကျောင်း၊ အခြေခံပညာမူလတန်းလွန် ကျောင်း (၃၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၇၈)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)(၉)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း (၁၅၅) ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုးမြို့နယ် နောင်မွန် အထက်တန်းကျောင်းခွဲမှာ လက်ရှိအနေအထား အားဖြင့်တော့ နဝမတန်း (၅၈)ဦး၊ ဒသမတန်း (၅၀)ဦး၊ စုစုပေါင်း အထက်တန်း အဆင့်သင် ကျောင်းသား (၁၀၈)ဦး ရှိပါတယ်။ အဲဒီတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူတွေ အားလုံးသိပြီးသား ဖြစ်တဲ့အတိုင်း ရှိပါတယ်။ အများအားဖြင့် ကျောင်းသားဦးရေ ပြည့်မီ ခြင်း ရှိ/ မရှိ၊ ကျောင်းအဆောက်အဦ ပရိဘောဂ ပြည့်စုံမှု ရှိ/ မရှိ တို့အပေါ်မှာထည့်သွင်းပြီးတော့ သတ်မှတ်လျာထားပါတယ်။

သို့သော်လည်းပဲ ကျောင်းအဆောက်အဦ မြေနေရာ ရှိ/ မရှိရယ်၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲမှု ဒေသန္တရအခြေအနေ ဒေသဖွံ့ဖြိုးတိုးတက်ရေး စတဲ့ လိုအပ်ချက်များအပေါ်မှာ မူတည်ပြီးတော့ သတ်မှတ်ထားတဲ့ မူဝါဒများကိုလည်း အထူးကိစ္စအဖြစ် ဖြေလျှော့ပြီးတော့ ကျောင်းအဆင့်တိုးခြင်း များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ဒေသန္တရ အခြေအနေ

ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ်မှာ မူတည်ပြီးတော့ ကျောင်းသား ဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျော့ပြီးတော့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ကနေ ပြီးတော့ ဒေသအခြေအနေအရ နောင်မွန်အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါက ကျောင်း အဆင့်တိုး တန်းစီဇယားအရလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့်အချက် များကိုလည်းကောင်း အလေးထား စိစစ်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းနဲ့လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခုန အန္တရာယ်ရှိတဲ့ ကျောင်းဆောင်၊ ဥပမိရုပ်လည်း ဆိုးဝါးလွန်းတဲ့ ကျောင်းဆောင်တွေ ဒါတွေနဲ့ပတ်သက်လို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်များ ကျောင်းဆောင်တည်နေရာ ကျောင်းဆောင်ရဲ့ အတိုင်းအတာ စတင်ဆောက်လုပ်တဲ့ ခုနှစ် အဲဒီကျောင်းဆောင်ထဲမှာ စာသင်ကြား နေတဲ့ အတန်းအလိုက် ဦးရေ ဓာတ်ပုံတွေလည်း ကျွန်တော့်ဆီကို ပေးပါ။ ဓာတ်ပုံတွေလည်း ပေးပြီးတော့ စုစည်းပြီးတော့ ဒါတွေ ကျွန်တော်တို့က အစိုးရကို ကူညီဖို့လိုတယ်။ ဒါတွေဟာ ဒီလောက်ထိ ဖြစ်နေ ပါတယ် ဆိုတာ သိသွားတဲ့အခါမှာ ဖြေရှင်းနိုင်ရင် ဖြေရှင်းမယ်၊ မဖြေရှင်းနိုင်ရင်လည်း ဒါ လာမယ့် စီမံကိန်းတွေမှာ ဒါတွေအားလုံးကို ခုနကလိုပေါ့ မျက်မြင်တွေ့သွားနိုင်အောင် ဆောင်ရွက်ပေးပါမယ်။ နိုင်ငံတော်သမ္မတဆီ စာရေးပြီးတော့ ပေးပို့ပါမယ်။ အဲဒီတော့ အဲဒီကိစ္စတွေနဲ့ပတ်သက်လို့ နောက် လာမယ့် လွှတ်တော် Session ကျလို့ရှိရင် ပါလာအောင်ပေါ့ ဓာတ်ပုံလေး သေသေချာချာလေးရိုက်ပြီးတော့ ပေးဖို့ ပန်ကြားလိုပါတယ်။

**ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော်တာတမံကို ညောင်ပင်ကြီး၊ ကပ်ချောင်း၊ ကံပြင်၊ မြင်းကန်း ချောင်းနှင့် ရွှေလောင်းတင်ကျေးရွာများအထိ တိုးချဲ့တည်ဆောက်ပေးရန်၊ ဆားငန်ရေ ဝင်ရောက်သဖြင့် လယ်ဧက ထောင်ချီ၍ပျက်စီးသွားသော လယ်သမားများအား ထောက်ပံ့ငွေနှင့် မျိုးစပါးများပေးရန်နှင့် ပန်ဇင်းမော်၊ဆားပြင်ချေ၊ညောင်ပင်ကြီး ကျေးရွာများတွင် အသက်ကယ်ကုန်းမြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော်တာတမံကို ညောင်ပင်ကြီး၊ ကပ်ချောင်း၊ ကံပြင်၊ မြင်းကန်း ချောင်းနှင့် ရွှေလောင်းတင်ကျေးရွာများအထိ တိုးချဲ့တည်ဆောက်ပေးရန်၊ ဆားငန်ရေဝင်ရောက်သဖြင့် လယ်ဧက ထောင်ချီ၍ပျက်စီးသွားသော လယ်သမားများအား ထောက်ပံ့ငွေနှင့် မျိုးစပါးများပေးရန်နှင့် ပန်ဇင်းမော်၊ ဆားပြင်ချေ၊ ညောင်ပင်ကြီး ကျေးရွာများတွင် အသက်ကယ်ကုန်းမြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက် ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရသေ့တောင်မြို့နယ်၊

ပန်ဇင်းမော်တာတမံကို လာမည့်စိုက်ပျိုးရာသီအမီ အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ၊ မေယုမြစ် ကမ်းတစ်လျှောက်ရှိ ညောင်ပင်ကြီး၊ ကပ်ချောင်း၊ ကံပြင်၊ မြင်းကန်းချောင်းနှင့် ရွှေလောင်းတင်ကျေးရွာများအထိ ပန်ဇင်းမော်တာတမံကို တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ဆားငန်ရေကြောင့် ရင့်မှည့်ပြီး စပါးပျက်စီးသွားသော လယ်သမားများအား ထောက်ပံ့ကြေးငွေနှင့် မျိုးစပါးများပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပန်ဇင်းမော်၊ ဆားပြင်ချေ၊ ညောင်ပင်ကြီးကျေးရွာများအတွက် အသက်ကယ်ကုန်းမြင့်နှင့် ရေချိုကန် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ သီတင်းကျွတ်လပြည့် အောက်တိုဘာလ ၈ ရက်နေ့မှာ ကြီးမားတဲ့ ဒီရေကြောင့် ရခိုင်ပြည်နယ် တစ်ဝန်းလုံးမှာ လယ်မြေများသို့ ဆားငန်ရေများ ဝင်ရောက်ခဲ့ပါတယ်။ အကြောင်းရင်းကတော့ ရာသီဥတုဖောက်ပြန်ခြင်း၊ ပင်လယ်ရေမြင့်တက်ပြီး ဆားငန်ရေများ စိုးမိုးလာခြင်းနှင့် တာတမံများ ဆယ်ဖို့မထားခြင်းကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ကမ်းခြေအပါအဝင် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်မှာ ဒီရေတား တာတမံများ တဖြည်းဖြည်း တိုးချဲ့တည်ဆောက်ဖို့ လိုအပ်လာပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ် ဖြစ်တဲ့ ရသေ့တောင်မြို့နယ် မူစဲကျွန်းမှာ ရိတ်သိမ်းခါနီး လယ်မြေဧကများစွာကို ဆားငန်ရေ ဝင်ရောက်သွားပါတယ်။ ပျက်စီးတဲ့ စာရင်းအချို့ကို ကျွန်တော်ကိုယ်တိုင်ကွင်းဆင်းတဲ့ တွေ့ရှိချက်အရ ပန်ဇင်းမော်ကျေးရွာမှာ စိုက်ဧက (၅၀၀)ရှိတာမှာ ပျက်စီးတဲ့ဧက က(၃၅၀) ၊ ဆားပြင်ချေကျေးရွာမှာ ဧက(၁၀၀) ပျက်စီးသွားပါတယ်။ ညောင်ပင်ကြီးရွာမှာဧက (၅၀)၊ ကပ်ချောင်းကျေးရွာမှာ စိုက်ဧက (၆၅၀)မှာ ဧက(၈၀) ပျက်စီးသွားပါတယ်။ ကံပြင်ရွာမှာ စိုက်ဧက (၄၂၀)ရှိတာမှာ (၁၇၅)ဧက ပျက်စီးသွားပါတယ်။ မြင်းကန်းချောင်းကျေးရွာမှာ ဧက(၇၀၀) စိုက်တာမှာ ဧက (၇၀)ပျက်စီးသွားပါတယ်။ ဒီလို ဆန်စပါးများ ပျက်စီးတာကလည်း သိပ်အဆန်းမဟုတ်ပါ။ နှစ်ပေါင်းများစွာ အတွင်းမှာ အကြိမ်ကြိမ် ပျက်စီးခဲ့ပြီး ဖြစ်ပါတယ်။ နောက်ဆုံးအကြိမ် ပျက်စီးတာကတော့ လွန်ခဲ့တဲ့ (၄)နှစ်လောက်က ဖြစ်ပါတယ်။ အဲဒီကျွန်းမှာဆိုရင်သိန်း (၇၀၀၀)ဖိုးလောက် အဲဒီတုန်းက ပျက်စီးခဲ့ပါတယ်။ ယခုအကြိမ်မှာ ပျက်စီးမှု အများဆုံးရွာက ပန်ဇင်းမော်ကျေးရွာ ဖြစ်ပါတယ်။ အကြောင်းရင်းကတော့ မော်စွန်းဖျား မြေနိမ့်မှာ တည်ရှိပြီးတော့ (၅)မိုင်ကျော် ကျယ်တဲ့ မေယုမြစ်ဝနဲ့ ပင်လယ်ဝတည့်တည့်မှာ တည်ရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ပန်ဇင်းမော်ကျေးရွာမှာ ရိတ်သိမ်းခါနီး ဆန်စပါး သုံးပုံနှစ်ပုံကျော် ပျက်စီးသွားပါတယ်။ လွန်ခဲ့တဲ့ နှစ်(၄၀)ကလည်း ဒီလိုမျိုး ဖြစ်သွားဖူးပါတယ်။ အဲဒါကြောင့် ရွာပျက်ခါနီးထိ ဖြစ်သွားပါတယ်။ နောက်တဖြည်းဖြည်းနဲ့ အဲဒီကျေးရွာကို ပြန်လည်ထူထောင်လာခြင်း ဖြစ်ပါတယ်။ ယခုလည်း ကျေးရွာသားများဟာ တဖြည်းဖြည်း ဒီရွာကစထွက်နေပါတယ်။ သူတို့အဝေးမှာ အလုပ်သွားလုပ်ဖို့အတွက် မှတ်ပုံတင်တွေ သွားပြီးလုပ်နေပါတယ်။


ပြည်နယ်လွှတ်တော်နဲ့ အရင် လွန်ခဲ့တဲ့ (၂)နှစ်က ကျွန်တော် အမျိုးသားလွှတ်တော်မှာ ကြယ်ပွင့်မပြမေးခွန်းနဲ့ တောင်းဆိုမှုကြောင့် ပန်ဇင်းမော်တာတမံကို လွန်ခဲ့တဲ့ (၂)နှစ်က ပေ (၁၂၀၀)ခန့် တည်ဆောက်ခဲ့ပါတယ်။ ဒါပေမဲ့ ရပ်တန့်ထားပါတယ်။ နှေးကွေးစွာ အကောင်အထည် ဖော်နေပါတယ်။ အဲဒါကြောင့် ဒီဒေသမှာ လယ်ဧက ထောင်ချီပြီးတော့ အခုလို စပါးတွေ ပျက်စီးသွားပြီးတော့ လူမှုဘဝထိခိုက်သွားပြီးတော့ ရွှေ့ပြောင်းလုပ်သားများ ဖြစ်ပေါ်ဖို့အတွက် အခြေအနေ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ PowerPoint ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ပန်ဇင်းမော်ကျေးရွာရဲ့တည်နေရာ ဖြစ်ပါတယ်။ ပင်လယ်ဝနဲ့ (၅)မိုင်ကျယ်တဲ့ ပင်လယ်ဝကို ဆိုင်နေရတာ ဖြစ်ပါတယ်။ ဒါကတော့ ပန်ဇင်းမော်တာတမံရဲ့ မြေပုံဖြစ်ပါတယ်။ အဝါရောင်ခြယ်ပြထားတာကတော့ ပေ (၁၀၀၀) ကျော် ဆယ်ထားတဲ့အပိုင်းဖြစ်ပါတယ်။ အနီရောင်ကတော့ ဆက်လက်ပြီး ဆယ်ရမယ့်အပိုင်း ဖြစ်ပါတယ်။ အစိမ်းရောင်ကတော့ နောက်ထပ်တိုးချဲ့ပြီးတော့ အဆိုပြုထားတဲ့အပိုင်း ဖြစ်ပါတယ်။ ဒါကတော့ ဆားငန်ရေကြောင့် ပျက်စီးသွားတဲ့ စပါးပင်တွေဖြစ်ပါတယ်။ ဒါကလည်း ဆားငန်ရေကြောင့် ပျက်စီးသွားတဲ့ လယ်ကွင်းတွေ ဖြစ်ပါတယ်။ ဒါကတော့ လယ်တွေကြားက ဆားငန်ရေ ဝင်ရောက်ပြီးတော့ ရေကန်ဖြစ်နေတာ ဖြစ်ပါတယ်။ ဒါကတော့ ဒီဥရောပသမဂ္ဂမာတီဇာအဖွဲ့က ပေးထားခဲ့တဲ့ ရေလှောင်ကန်နဲ့ လူ(၂၀)လောက်ဆံ့တဲ့ အသက်ကယ်ကုန်းမြင့်လို အဆောက်အဦလေး ဖြစ်ပါတယ်။ ဒါကတော့ ပန်ဇင်းမော်ရွာသားတွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မေယုမြစ်ကမ်းတစ်လျှောက်မှာ ပန်ဇင်းမော်ကျေးရွာ အပါအဝင် ကံပြင်၊ ကပ်ချောင်း၊ ညောင်ပင်ကြီး၊ မြင်းကန်းချောင်းစတဲ့ရွာများဟာ မြေနိမ့်ပိုင်းကျတဲ့အတွက် တာတမံဆည်ဖို့ ပေးဖို့ လိုပါတယ်။ ၁၉၈၅ ခုနှစ် လွန်ခဲ့တဲ့ အနှစ်(၃၀)ကျော်က လမ်းစဥ်ပါတီခေတ်မှာ အဲဒီနေရာတွေကို တာတမံများ လိုအပ်တယ်ဆိုပြီးတော့ ဆည်မြောင်းဌာနက ဆည်ဖို့ပေးခဲ့ပါတယ်။ စပါးလည်း အထွက်တိုးခဲ့ပါတယ်။ ဒါပေမဲ့ (၁၀)နှစ်ခန့်သာ အကျိုးခံစားပြီးတော့ နောက်ပိုင်းမှာ ပျက်စီးသွားပါတယ်။ သေသေချာချာ ကွန်ကရစ်ရေပေါက်ပွန်တွေနဲ့ လုပ်ပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ပျက်စီးပြီးတော့ ဆည်မြောင်းဌာနကလည်း ဂရုမစိုက်ဘဲ ပစ်ထားသလို ဖြစ်ခဲ့ပါတယ်။ ပြီးတော့ ဒီရွာတွေဟာ နှစ်ပေါင်းများစွာ မုန်တိုင်းဒဏ်ကို ခံစားခဲ့တဲ့အတွက် မုန်တိုင်းအန္တရာယ်ကလည်း အမြဲရှိနေပါတယ်။ အဲဒီအတွက်နဲ့ ဥရောပသမဂ္ဂ (NGO) မာတီဇာအဖွဲ့က မုန်တိုင်းဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့တွေ သင်တန်းပေးပြီးတော့ တချို့အဆောက်အဦတွေကို၊ ရေလှောင်ကန်လေးတွေကို ပေးထားခဲ့တာ ရှိပါတယ်။ Cyclone Shelter အသေးစားတစ်ခုလေး တည်ဆောက်ပေးခဲ့ပါတယ်။

ဒါပေမယ့် တကယ့်တကယ် အန္တရာယ်ကျလာရင် အဲဒါလေးနဲ့ မကာကွယ်နိုင်ပါဘူး။ မုန်တိုင်းလာပြီဆိုရင် အဲဒီရွာက ရွာသားတွေက လှျောက်ပြေးနေရဆဲ ဖြစ်ပါတယ်။ တကယ်လှျောက်ပြေးဖို့ ပြေးလမ်းတောင်မှ ရွာချင်းဆက်လည်း မကောင်းလို့ အခက်အခဲတွေ ရှိပါတယ်။ ဒီနေ့အခါမှာတော့ ဒီကျေးရွာများမှာ ဆန်စပါး ပျက်စီးသွားတဲ့အိမ်ထောင်စုတွေဟာ စီးပွားရေး ကျပ်တည်းလာပြီးတော့ လာမယ့်စိုက်ရာသီအတွက် အခက်အခဲတွေအတွက် မွန်းကြပ်ပြီးတော့ရင် မနေရတဲ့အခြေအနေ ဖြစ်နေတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ပန်ဇင်းမော်ရွာ အား Google earth မှ ဖမ်းယူရိုက်ကူးထားသောပုံ (ဘ)




ဆားငန်ရေကြောင့် ပျက်စီးသွားသော စပါးပင်များ (ဆားပြင်ချေရွာ) မြင်ကွင်းပုံ (ဘ-၁)



EU မာတီစာအဖွဲ့မှ ပေးခဲ့သော လူ ၂၀ ဆံ့ ရေလှောင်ကန် (ပန်ဇင်းမော်ကျေးရွာ) ပုံ (ဘ-၂)




**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဦးခင်ဇော် ဖြစ်ပါတယ်။ အားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရခိုင်ပြည်နယ် အမှတ်(၆) မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ရဲ့ မေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော်က ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် ပန်ဇင်းမော်ရေငန်တားတာသည် ၁၉၈၅ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပြီး ကျေးရွာလူထုမှ ထိန်းသိမ်းထားသည့် အလျား (၅.၃၇)မိုင် ရှည်လျားသော လယ်သမားတာ (ကာရီ)တစ်ခုဖြစ်ပြီး ဧရိယာ (၄၀၀၀)ဧကကို ရေဘေးကာကွယ်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပန်ဇင်းမော်ရေငန်တားတာမှာ နှစ်ကာလကြာမြင့်ခဲ့ပြီး မုန်တိုင်းဒဏ်၊ ထူးကဲဒီရေဒဏ် စသည့် သဘာဝဘေးအန္တရာယ်များကြောင့် ကျိုးပေါက်ပျက်စီးလျက် ရှိပါတယ်။

ကျွန်းကြီး၊ ဆားပြင်ချေ၊ ဆားပြင်ကြီး၊ ညောင်ပင်ကြီး၊ ပန်ဇင်းမော်၊ ကမ်းချောင်း၊ ကံပြင် စသည့် ကျေးရွာများမှ ဒေသခံတောင်သူများ၏ လယ်ယာမြေများ မုန်တိုင်းဒီရေ၊ ထူးကဲဒီရေများကြောင့် ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် ပန်ဇင်းမော် ရေငန်တားတာကို ရေရှည်တည်တံ့ခိုင်မြဲအောင် တာပုံစံကျပြုပြင်ရန်နှင့် အကျယ်(၅)ပေ၊ အမြင့်(၆)ပေ၊ (၄)ပေါက် ကွန်ကရစ်ရေတံခါး(၃)လုံး တည်ဆောက် ပေးရန် လိုအပ်လျက် ရှိပါတယ်။

ပန်ဇင်းမော်ရေငန်တားတာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ရရှိသည့် ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ (၅)ရာခိုင်နှုန်းခန့်သာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိခဲ့ခြင်းမရှိ၍ လုပ်ငန်းများဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။ ကျန်ရှိသောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေ စိစစ်လျှော့ချရာတွင် ပါဝင်သွားသောကြောင့် လာမည့် စိုက်ပျိုးရာသီအမီ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။ သို့ပါ၍ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထပ်မံတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပန်ဇင်းမော်တာအား မြင်းကန်ချောင်းနှင့် ရွှေလောင်းဖောင်လှေကျေးရွာအထိ တိုးချဲ့တည်ဆောက်ရန်မှာ လုပ်ငန်းဆောင်ရွက်မည့်နေရာသည် လက်ရှိတာနေရာနှင့် သီးခြားတည်ရှိနေခြင်း၊ ကျေးရွာဆက်၊ ဆက်သွယ်ရေးလမ်းကြောင်းများ ဖြစ်သည့် ချောင်းများတည်ရှိနေခြင်း၊ ပုဇွန်ကန်၊ ငါးမွေးကန်များ၊ လယ်မြေများ တည်ရှိနေသဖြင့် လယ်ယာအငြင်းပွားမှုများ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် အခက်အခဲများ ရှိပါတယ်။ သက်ဆိုင်ရာအာဏာပိုင်များနှင့် ဒေသခံများ တွေ့ဆုံညှိနှိုင်းပြေလည်ပြီးမှသာ ဆောင်ရွက်သင့်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း ဆားငန်ရေဝင်ရောက်မှုကြောင့် ရင့်မှည့်ပြီး စပါးခင်းများ ပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာဒေသအသီးသီးရှိ လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်မှ ကွင်းဆင်းစိစစ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် တင်ပြတောင်းခံလာပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ငွေနှင့် မျိုးစပါးရရှိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

အသက်ကယ်ကုန်းများနှင့် ရေချိုကန်များတည်ဆောက်ရန်မှာ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နိုင်ငံတော်အစိုးရသို့ ရန်ပုံငွေ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည့် လုပ်ငန်းများဖြစ်ပါကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၈ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)က အရေးတကြီး အဆိုတစ်ရပ် တင်သွင်းလိုကြောင်း တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင် က အရေးကြီး အဆိုတစ်ရပ် တင်သွင်းလိုကြောင်း ဥက္ကဋ္ဌထံ တင်ပြလာပါတယ်။

အရေးကြီးအဆိုနဲ့ပတ်သက်လို့ လုပ်ထုံးလုပ်နည်း လွဲမှားခြင်းမရှိစေရန် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၁၃၃ ကို ဖတ်ပြပါမယ်။

အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ အရေးကြီး ကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်းနဲ့စပ်လျဉ်း၍ (က) ဥက္ကဋ္ဌသည် အောက်ပါ စည်းကမ်းချက်များနှင့် ညီညွတ်လျှင် ယင်းနေ့အတွက် လွှတ်တော်အစည်းအဝေး အစီအစဉ် နှစ်ရပ်လုံးကို ရပ်ဆိုင်းစေ၍ အများပြည်သူနှင့် သက်ဆိုင်သော လောလောဆယ် အရေးကြီးကိစ္စ တစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခွင့်ပြုနိုင်သည်။ (၁) အဆိုတင်သွင်းသောနေ့၏ အစည်းအဝေး အစီအစဉ် မစတင်မီဖြစ်စေ၊ အစည်းအဝေး အစီအစဉ်များ ကျင်းပနေစဉ်ဖြစ်စေ၊ စာဖြင့် ရေးသား လက်မှတ်ရေးထိုးပြီး ဥက္ကဋ္ဌထံ တင်သွင်းသော အဆိုဖြစ်ရမည်။ (၂) ယင်းအဆိုသည် လောလောဆယ် ပေါ်ပေါက်လာသော ကိစ္စလည်းဖြစ်၍ အများပြည်သူနှင့် အရေးကြီး သက်ဆိုင်သောကိစ္စလည်း ဖြစ်ပြီးလျှင် လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ရယူရန် လိုအပ်သောကိစ္စလည်း ဖြစ်ရမည်။ (၃) လွှတ်တော် တွင် သာမန်နည်းလမ်းအားဖြင့် တင်ပြဆွေးနွေးရန် မဖြစ်နိုင်သောကိစ္စ ဖြစ်ရမည်။ (၄) ယင်းအဆိုသည် လွှတ်တော်သို့ အကြောင်းကြားထားပြီးဖြစ်၍ သင့်လျော်သော အချိန်အတွင်း တင်သွင်း ဆွေးနွေးရန် သတ်မှတ်ပြီးသော ကိစ္စတစ်ရပ်လည်းပဲ မဖြစ်စေရ။ ထို့အပြင် ဆွေးနွေးစဉ်းစားရန် သတ်မှတ်ပြီးသော ကိစ္စတစ်ရပ်လည်း မဖြစ်စေရ။ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ပြီး သောကိစ္စတစ်ရပ် လည်း မဖြစ်စေရ။ (၅) လွှတ်တော်တွင်း တင်သွင်းဆွေးနွေးခြင်းကို ခွင့်မပြုနိုင် သောကိစ္စတစ်ရပ်လည်း မဖြစ်စေရ။ (ခ) ဥက္ကဋ္ဌသည် ယင်းအဆိုနှင့်စပ်လျဉ်း၍ နည်းဥပဒေခွဲ(က)ပါ စည်းကမ်းချက်များနှင့်

ညီညွတ်သည်ဟု ယူဆလျှင် (၁) မေးခွန်းများ မေးမြန်း ဖြေကြားပြီးသည့် နောက်တွင် ဖြစ်စေ၊ ထိုနေ့ အတွက် အစီအစဥ်တွင် ဖော်ပြထားသောကိစ္စရပ်များကို မစတင်မီဖြစ်စေ၊ ယင်းအဆိုကို လွှတ်တော်သို့ ဖတ်ပြရမည်။ (၂) ထိုနေ့အတွက် သတ်မှတ်ထားသော အစည်းအဝေး အစီအစဥ်ကို မွန်းလွဲ (၃း၃၀) အချိန်တွင် ရပ်ဆိုင်း၍ အရေးကြီးအဆိုကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ သုံးပုံတစ်ပုံထက်မနည်းက ထောက်ခံလျှင် လွှတ်တော်က သဘောတူသည် ဟု ယူဆရမည်။ အစည်းအဝေး ၏ မူလအစီအစဥ်ကို ထိုနေ့အတွင်း အချိန်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည်။ သို့မဟုတ် သီးခြားသတ်မှတ်သော ရက်တစ်ရက်သို့ ရွှေ့ဆိုင်းနိုင်သည်။ ယင်းသို့ သတ်မှတ်ရွှေ့ဆိုင်းလိုက်သည့် နေ့ရက်နှင့်အချိန်တွင် ယင်းအဆိုကို ဆွေးနွေးစေရမည်။ (၀) ဤအဆိုကို ဆွေးနွေးရာတွင် လွှတ်တော် ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရလျှင် (၁၅)မိနစ်ထက်ပို၍ ဆွေးနွေးခြင်း မပြုရ။ အရေးတကြီးကိစ္စနဲ့ ပတ်သက်တဲ့ အဆိုဆိုင်ရာ လုပ်ထုံးလုပ်နည်း ဖြစ်ပါတယ်။

ဒါကြောင့် ဦးအုန်းတင် ရဲ့အဆိုဟာ ၁၃၃(က) အရ ညီညွတ်တယ်လို့ ဥက္ကဋ္ဌအနေနဲ့ လက်ခံ ပါတယ်။ အခု ဦးအုန်းတင် က အဆိုကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် က ရိုသေဂါရဝပြုရင်း ဆုတောင်းအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်မှာ အရေးတကြီး အဆိုတစ်ခု တင်သွင်းဖို့ ရှိတဲ့အတွက်ကြောင့် တင်သွင်းခွင့်ပြုပါရန် မေတ္တာရပ်ခံ အပ်ပါ တယ် ခင်ဗျား။

တင်သွင်းမယ့်အဆိုကတော့ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ ည (၈း၀၀)ခန့်တွင် မြေပုံ မြို့နယ် နောင်တော်ပင်လယ်ဝ၊ မျောက်ကျိုက်ကျွန်းအနီး ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန် အမှတ်(၃) နှစ်ထပ်သင်္ဘော နစ်မြုပ်ရခြင်းကြောင့် အသက်သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပစ္စည်းဆုံးရှုံးမှုနှင့် လျော်ကြေးပေးရေးကိစ္စများအား စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အရေးယူဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးတကြီးအဆို ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၃-၃-၂၀၁၅ ရက်နေ့ ညနေ (၄း၁၅)လေးနာရီ ဆယ့်ငါးမိနစ်တွင် ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်အမှတ်(၃) သင်္ဘောသည် ကျောက်ဖြူမြို့မှ စစ်တွေမြို့သို့ စတင်ထွက်ခွာလာရာ နှစ်နာရီခန့်အကြာ မြေပုံမြို့နယ်၊ နောင်တော်ပင်လယ်ဝရှိ မျောက်ကျိုက်ကျွန်းအနီးတွင် သင်္ဘောဦးပိုင်းမှ ရေများဝင်ရောက်ပြီး တိမ်းမှောက်နစ်မြုပ်ခဲ့ပါသည်။ ဤဖြစ်ရပ်ကြောင့် သေဆုံးမှု(၃၅)ဦးနှင့် အသက်ရှင်ကျန်ရစ်သူ (၁၆၉)ဦးခန့် ပျောက်ဆုံးနေသူ(၁၀)ဦးခန့် ရှိကြောင်း သက်ဆိုင်ရာများကို ကိုးကား၍ သတင်းမီဒီယာများတွင် ဖော်ပြခဲ့ပါတယ်။ သို့ရာတွင် သင်္ဘော နစ်မြုပ်ရခြင်းနှင့်ပတ်စက်၍ သဘာဝဘေးအန္တရာယ်ကြောင့်ဟု ဖော်ပြခြင်းမှာ မှားယွင်းသော အကြောင်း ပြချက်သာဖြစ်ပြီး အသက်ရှင်ကျန်ရစ်သူ ခရီးသည်များ ပြောကြားချက်အရ သင်္ဘောမှာ လူနှင့်ဝန် မတန်တဆ တင်ဆောင်ထားခြင်းကြောင့်လည်းကောင်း၊ သင်္ဘော၏ ကြံ့ခိုင်မှု အားနည်းခြင်းကြောင့်

လည်းကောင်း၊ သင်္ဘောဦးပိုင်း ကွဲအက်ကာ ရေများဝင်ရောက်၍ နစ်မြုပ်ရခြင်း ဖြစ်ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ သင်္ဘောမှာ ၁၉၉၆-၁၉၉၇ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတင်သွင်းခဲ့ပြီး ခရီးရှည်သွားလာရာတွင် အောက်ကုန်းပတ်ပေါ်၌ (၈၃)ဦး၊ အခန်းတွင်း (၁၈)ဦး၊ စုစုပေါင်းခရီးသည် (၁၀၁)ဦးထိသာ တင်ဆောင်ခွင့်ရှိကြောင်း သိရှိရပါသည်။ ဒေသအခြေအနေအရ တစ်နှစ်တစ်ကြိမ် လွှန်းတင်ပြုပြင်ရန် လိုအပ်သော်လည်း၊ သင်္ဘောနစ်မြုပ်ချိန်တွင် သင်္ဘောကို လွှန်းမတင်ဘဲထားခဲ့သည်မှာ (၂)နှစ်ကျော် ကြာခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဤသို့သော အခြေအနေကြောင့် ရေလမ်းခရီးတွင် မကြာခဏ ကွဲအက်ရေဝင်မှုများ ကြုံတွေ့ရပြီး ဘိလပ်မြေများဖြင့် အရေးပေါ် ဖာထေးခဲ့ရခြင်းများ ရှိကြောင်းလည်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်တံခွန် အမှတ်(၃) သင်္ဘောသည် တောင်ကုတ်ဆိပ်ကမ်းမှ စတင်ထွက်ခွာလာစဉ် သင်္ဘောပေါ်ရှိ ဝန်အလေးချိန်မှာ တောင်ကုတ်မြို့နယ်ရေကြောင်း ရုံး၏ စာရင်းအရ (၉၄.၉၂)တန် ဟုဖော်ပြသော်လည်း ကုန်ပို့ကိုယ်စားလှယ် (၈)ဦးထံမှ စာရင်းပေါင်းအရ ကုန်အလေးချိန် (၈၃၄၁၀)ပိဿာ၊ (၁၃၄.၅၃)တန် ရှိကြောင်း စုံစမ်းသိရှိရပါတယ်။ ကျောက်ဖြူမြို့က စစ်တွေမြို့သို့ ထွက်ခွာလာစဉ် သင်္ဘောလက်မှတ်ဖြင့် စီးနင်းလိုက်ပါ လူမှာ(၂၁၄)ယောက် ဟု ဆိုသော်လည်း ခရီးသည်များထံမှ သတင်းပေးပို့ချက်အရ ခရီးသည်ဦးရေ သုံးရာကျော်ခန့် ရှိနိုင် ကြောင်းနှင့် သင်္ဘောပေါ်တွင် ထိုင်စရာတစ်နေရာပင် မကျန်အောင်အထိ ခရီးသည်များ ပြွတ်သိပ် ကြပ်တည်း နေကြောင်း သင်္ဘောမထွက်ခွာမီ စစ်ဆေးရေးမှူး (Surveyer) က စစ်ဆေးမှုကောင်းစွာ မလုပ်ခဲ့ကြောင်း သိရှိရ ပါတယ်။

ဤသို့သောအခြေအနေကြောင့် ကျောက်ဖြူဆိပ်ကမ်းမှ ထွက်ခွာလာပြီး (၂)နာရီခန့်အကြာ၊ မှောင်ရီပျိုးချိန်တွင် နောင်တော်ပင်လယ်ဝကို ဖြတ်ကူးစဉ်၌ သင်္ဘောဦးခန်းမှ ရေများဒလဟော ဝင်ရောက်လာပြီး ခရီးသည်များအကူအညီဖြင့် ရေများကို ပက်ထုတ်ခြင်း၊ သင်္ဘောဦးပိုင်းရှိ ထုံးအိတ်နှင့် ဆီတိုင်ကီပုံးများကို မြစ်ထဲသို့ပစ်ချခြင်းများ ပြုလုပ်ကာကွယ်တားဆီးရန် ကြိုးစားကြသော်လည်း ရေဝင်ခြင်းကို လျှော့နည်းရပ်တန့်အောင် မလုပ်နိုင်ခဲ့ကြပါ။ ခရီးသည်များမှာ ကြောက်လန့်တကြား ဝရုန်းသုံးကား၊ အော်ဟစ်ဆူညံနေသည့်အချိန်တွင် သင်္ဘော၏ တာဝန်ရှိသူများအနေဖြင့် ခရီးသည် များအား အခြေအနေအမှန်ကို ရှင်းပြပြီး အခြေအနေကို တည်ငြိမ်အောင် မထိမ်းသိမ်းနိုင်ခဲ့ရုံမက အနီးပတ်ဝန်းကျင်ရွာများ၊ စက်လှေများ၊ တံငါလှေများမှ အကူအညီရရှိအောင် သင်္ဘောဥသြဆွဲ၍ အချက်ပြခဲ့ခြင်းလည်း မရှိကြောင်း သိရှိရပါတယ်။

ထို့အပြင် ပလယ်ဝဖြတ်သင်္ဘောပေါ်၌ ခရီးသည်များ၏ အသက်ကို ကယ်တင်နိုင်ရန်အတွက် ရေကြောင်းသွားလာမှုဆိုင်ရာ ဥပဒေစည်းမျဉ်းများအရ ပါရှိရမည့် ခရီးသည်အရေအတွက်နှင့် ကိုက်ညီရသော အသက်ကယ်လှေ (Life Boat) များ၊ အသက်ကယ်အင်္ကျီများ၊ ဝါးဆစ်ပူးများ၊ တာယာဘောကွင်းများလည်း မပါရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤသို့ဖြင့် တစ်နာရီခန့်အကြာတွင် သင်္ဘောဝမ်းဗိုက်အတွင်း ရေများပြည့်လျှံလာပြီး သင်္ဘော၏ အင်ဂျင်စက်ရပ်တန့်သွားကာ သင်္ဘောမှာ လက်ဝဲဖက်သို့ ရုတ်တရက် တိမ်းစောင်းနစ်မြုပ်သွားကြောင်း သိရှိရပါတယ်။ သင်္ဘောပေါ်တွင် ပါရှိသည့် ခရီးသည်

အရေအတွက်ကို အတိအကျ မသိရှိနိုင်သဖြင့် သေဆုံးသူအရေအတွက်ကို အတိအကျ မပြောနိုင်ဘဲ သတင်းများတွင် ဖော်ပြချက်အရေအတွက်ထက် ပိုမိုများပြားစွာ သေဆုံးနိုင်ကြောင်း ပြောဆိုကြပါတယ်။ အထူးသဖြင့် သင်္ဘောနစ်မြုပ်စဥ် သင်္ဘောကိုယ်ထည်ထဲမှ အပြင်သို့ မထွက်နိုင်ဘဲ သေဆုံးသွားသည့် ခရီးသည် အများအပြား၏ ရုပ်အလောင်းများသည် သင်္ဘောကိုယ်ထည်ထဲ တွင် ပိတ်မိနေနိုင်ကြောင်း မှန်းဆပြောဆိုကြပါတယ်။ ၁၆-၃-၂၀၁၅ ရက်နေ့ သတင်းအရ သင်္ဘောထဲမှ နောက်ထပ်ရုပ်အလောင်း (၂၀)ကျော်ခန့်ထပ်မံတွေ့ရှိရပြီး၊ ပင်လယ်ရေပြင်ပေါ်၌ ပေါလောမျှော နေသောအလောင်းများ ရှိနေသည့်အပြင် နောက်ထပ် အများအပြား ရှိနိုင်သေးသည် ဟု တွက်ဆကြပါသည်။

သင်္ဘောပေါ်တွင်ပါရှိသည့် ခရီးသည်အရေအတွက်ကို တိတိကျကျ မသိနိုင်သဖြင့် ရှာဖွေရေး လုပ်ငန်းများအနေဖြင့်လည်း သတ်သတ်မှတ်မှတ် ပြီးပြီးပြတ်ပြတ် ဆောင်ရွက်ရန် အခက်အခဲ ကြုံတွေ့နေရပါတယ်။ ကိုယ့်ဒေသသို့ ပြန်ရောက်မလာသည့် ပျောက်ဆုံးနေသူများအတွက် မိသားစု ဆွေမျိုးသားချင်းများမှာလည်း လွန်စွာစိုးရိမ်ပူပင်လျက် ရှိနေကြပါတယ်။ ယခုအခါ သင်္ဘောပျက်မှာ ကမ်းနှင့် ပေ (၉၀၀)အကွာ ရေအောက်ပေ (၉၀)ခန့် အနက်တွင် နစ်မြုပ်နေကြောင်းလည်း သိရှိ ရပါတယ်။ ထို့အပြင် သင်္ဘောပေါ်တွင်ပါရှိသည့် ဆုံးရှုံးသွားသော ကုန်ပစ္စည်းပိုင်ရှင်များ အနေဖြင့်လည်း လွန်စွာနစ်နာကြပြီး စိတ်ဆင်းရဲခြင်းများစွာဖြင့် ဤနစ်နာမှုများအား မည်သူက မည်သို့ ကူညီ ဆောင်ရွက်ဖြေရှင်း ပေးမည်ကို မျှော်လင့် ထောက်လှမ်းလျက်ရှိနေကြပါတယ်။ သတင်းပေးပို့ ချက်အရ မြေပုံမြို့တစ်မြို့တည်းမှာပဲ ဆိုင်ရှင်များ၏ နစ်နာဆုံးရှုံးမှုမှာ ကုန်ပစ္စည်းတန်ဖိုး သိန်း(၁၀၀၀) ကျော် ရှိကြောင်းနဲ့ သင်္ဘောတန်ဆာခ ပေးပြီးတင်ခဲ့သော အဆိုပါ ကုန်စည်များနှင့် သင်္ဘောလက်မှတ် တရားဝင်စီးနှင်း လိုက်ပါလာသော ခရီးသည်များ၏ အသက်ဆုံးရှုံးမှု၊ ထိခိုက် ဒဏ်ရာရရှိမှုများအတွက် မည်သူ့တွင် တာဝန်ရှိသည် မည်သို့ ဆောင်ရွက်ပေးမည်ကို အမြန်စုံစမ်းစစ်ဆေးဖော်ထုတ် စီမံဆောင်ရွက် ပေးရန် လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အပြင် ဤကဲ့သို့သော ဖြစ်ရပ်ဆိုးများ နောက်ထပ် ဖြစ်ပေါ်လာခြင်း မရှိစေရန် တာဝန်ရှိသူများအနေဖြင့် ကြိုတင်စီမံဆောင်ရွက်ရန်မှာ အရေးယူ ဆောင်ရွက်ရမယ့် ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဤကဲ့သို့ အချိန်နှင့်တစ်ပြေးညီ တာဝန်ယူဖြေရှင်း မပေးနိုင်ပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အရေးမယူ ဂရုမစိုက်ပဲ မျက်ကွယ်ပြုရာ ရောက်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ဤကိစ္စအား စုံစမ်းစစ်ဆေးရာတွင် ကော်မရှင်တစ်ရပ် ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားရန်လိုအပ်ပါတယ်။ ရေကြောင်းပို့ဆောင်ရေးသင်္ဘောများမှာ ပြည်နယ်အစိုးရ စီမံခန့်ခွဲမှု အောက်တွင်မရှိဘဲ ပြည်ထောင်စုပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်တွင် သာရှိသဖြင့် အဆိုပါ ကော်မရှင်အား ပြည်ထောင်စုအစိုးရက ဖွဲ့စည်းတာဝန်ပေးအပ်မှသာ သင့်တော်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများမှ ကြုံတွေ့ခံစားနေရသော အခက်အခဲပြဿနာ ဒုက္ခဝေဒနာများအား ငြိမ်းအေးသက်သာစေရန်နှင့် အလားတူ ဖြစ်ရပ်ဆိုးများ နောက်နောင် မပေါ်ပေါက်လာစေရန်အတွက် ကြိုတင်စီမံမှုများ ပြုလုပ်ထားနိုင်ရန်အတွက် ၂၀၁၅ ခုနှစ်၊ မတ်လ (၁၃)ရက်နေ့ည (၈)နာရီကနေ မြေပုံမြို့နယ်၊ နောင်တော်ပင်လယ်ဝ၊ မျောက်ကျွိန်ကျွန်းအနီး ပြည်တွင်း ရေကြောင်းပိုင် အောင်တံခွန်သင်္ဘောအမှတ် နှစ်ထပ်သင်္ဘောနစ်မြုပ်ရခြင်းကြောင့် အသက်သေဆုံးမှု၊ ထိခိုက်ဒဏ်ရာ

ရရှိမှု၊ ပစ္စည်းဆုံးရှုံးမှုနှင့် လျော်ကြေးပေးရေးကိစ္စများအား စုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးတကြီး အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဦးအုန်းတင် ရဲ့ အဆိုကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ကျွန်တော် ဦးခင်မောင်လတ် က ထောက်ခံပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအုန်းတင် တင်သွင်းတဲ့ အရေးတကြီး အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက် ည(၈)နာရီခန့်တွင် မြေပုံမြို့နယ် နောင်တော်ပင်လယ်ဝ၊ မျောက်ကျွန်ကျွန်းအနီး ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်အမှတ်(၃) နှစ်ထပ်သင်္ဘော နစ်မြုပ်ရခြင်းကြောင့် အသက် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပစ္စည်းဆုံးရှုံးမှုနှင့် လျော်ကြေးပေးရေးကိစ္စများအား စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အရေးယူဆောင်ရွက်ပေးပါရန် ဖြစ်ပါတယ်။

ဒါကြောင့် အရေးတကြီး အဆိုကို လက်ခံဆွေးနွေးရန်၊ ဒီအဆိုဟာ အရေးတကြီး အဆိုဖြစ်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၃၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ်(၂)အရ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သုံးပုံတစ်ပုံက ထောက်ခံလျှင် မွန်းလွဲ(၃)နာရီခွဲအချိန် သို့မဟုတ် မူလ အစီအစဥ် ပြီးဆုံးချိန်မှာ လက်ခံဆွေးနွေးဖို့ အတည်ဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော် ကိုယ်စားလှယ်များရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ ထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာမှာ မတ်တတ်ရပ်ပြပါ။ (၁၅၃) ဒီနေ့ တက်ရောက်တာ (၁၅၆) ဒီမှာ ကန့်ကွက်တဲ့၊ မထောက်ခံသူလည်း တစ်ယောက်မှ မတွေ့ပါလား။ ရှိလား။ ရှိလား။ ရပြီ။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း(၂၁၅)ဦး ဖြစ်ပါတယ်။ သုံးပုံတစ်ပုံဟာ (၇၂)ဦးဖြစ်ပါတယ်။ အခု မတ်တတ်ရပ်ပြတဲ့ ပုဂ္ဂိုလ် က (၁၅၃)ဦး ဖြစ်ပါတယ်။ သုံးပုံတစ်ပုံ ထက်ကျော်လွန်တဲ့အတွက် ဦးအုန်းတင် တင်သွင်းတဲ့ အဆိုကို မွန်းလွဲ(၃)နာရီခွဲ သို့မဟုတ် လွှတ်တော်ရဲ့ မူလအစီအစဥ်များ ပြီးဆုံးချိန်တွင် အမျိုးသားလွှတ်တော်က ဆွေးနွေးရန် အတည်ပြုကြောင်း ကြေညာပါတယ်။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားအမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ကျွန်တော် ဦးဇော်မြင့်ဖေ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က လွှတ်တော်၌ စဉ်းစားဆွေးနွေးနိုင်ရန်အတွက် အဆိုတင်သွင်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ဒီဥပဒေကြမ်းဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်(၁၂)ဦး ကျစီ တူညီစွာ ရွေးကောက်တင်မြှောက်၍ ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော်နှင့် သက်ဆိုင်သည့် ဥပဒေကြမ်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၏ တည်ဆဲရွေးကောက်ပွဲဥပဒေ၊ တည်ဆဲရွေးကောက်ပွဲ ဥပဒေဆိုသည်မှာ ၂၀၁၀ ပြည့်နှစ်၊ မတ်လ(၈)ရက်နေ့၌ ယခင်အစိုးရက ပြဋ္ဌာန်းပေးခဲ့သော ဥပဒေအမှတ် ၄/၂၀၁၀ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းဖြစ်ပါတယ်။ ဒီဥပဒေကြမ်း ဖြစ်လာ ရတဲ့အခြေအနေကတော့ ၃-၆-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော် (၁၀)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၇)ရက်မြောက်နေ့၌ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် က တင်သွင်းခဲ့တဲ့ အဆိုကို အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် PR စနစ်ကျင့်သုံးရေးဆိုင်ရာ အဆို အကောင်အထည်ဖော်ရေးကော်မရှင်ကို လွှတ်တော်က ဆက်လက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

အချိုးကျကိုယ်စားပြုစနစ် PR ကျင့်သုံးနိုင်ရန်အတွက် လက်ရှိရွေးကောက်ပွဲဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို မိမိတို့ကော်မရှင်က လေ့လာစိစစ် ရေးသားခဲ့ခြင်းဖြစ်ပါတယ်။ PR ကော်မရှင်က ရေးသားပြုစုပေးခဲ့သော ဤဥပဒေကြမ်းကို ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ ကျွန်တော်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ လွှတ်တော်သို့ စဉ်းစား ဆွေးနွေးနိုင်ရန်တင်သွင်းခြင်း ဖြစ်ပါတယ်။ ဤဥပဒေကြမ်းကို တင်သွင်းရတဲ့ ရည်ရွယ်ချက်တွေကတော့ (၁) အများစုသည် ဆုံးဖြတ် ပိုင်ခွင့်ရှိပြီး လူတိုင်းလူတိုင်းသည်လည်း ကိုယ်စားပြုခွင့်ရှိသည်ဆိုသည့် PR စနစ်ကို အမျိုးသား လွှတ်တော်တွင် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများ၌ အခက်အခဲနည်းစွာ စနစ်တကျပြောင်းလဲ ကျင့်သုံးနိုင်ရန်။ (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးချယ်ရသည့် အမျိုးသားလွှတ်တော်၏ စုစည်းဖွဲ့စည်းမှုနှင့် စုစည်းဖွဲ့စည်းမှုသဘာဝနှင့် ကျင့်သုံးမည့်

ရွေးကောက်ပွဲ စနစ်တို့ ပိုမိုလိုက်လျောညီထွေတ်စေရန်။ (၃) အများပြည်သူကို ပိုမိုကိုယ်စားပြုခြင်းနှင့် ဒီမိုကရေစီ ပီပြင်ခြင်းတို့ကို ပိုမိုဖော်ဆောင်နိုင်သည့် ရွေးကောက်ပွဲ စနစ်တစ်ရပ်ကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများ၌ စတင်ကျင့်သုံးနိုင်စေရန်။ (၄) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဘောင် အတွင်းမှာပဲ PR စနစ်ကို ကျင့်သုံးနိုင်ရန် စသည်တို့ဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်များနဲ့ ပြုစုထားတဲ့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို စဉ်းစားဆွေးနွေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ အဆိုပြု တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ တင်သွင်းသော အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးမြတ်ကို က ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးဇော်မြင့်ဖေ တင်သွင်းသည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ

ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၃-၃-၂၀၁၅ ရက် (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) က မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမျိုးမြင့် အနေနဲ့ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ တင်သွင်းတဲ့ ဥပဒေကြမ်းနဲ့ ဥပဒေကြမ်းဆိုင်ရာ အကျဉ်းချုပ် အစီရင်ခံ စာကိုလည်း လွှတ်တော်ရုံးမှ လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေပေးထားကြောင်းလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနဲ့ အပြည်ပြည်ဆိုင်ရာတမံကြီးများဆိုင်ရာကော်မရှင်နဲ့ International Commission on Large Dams အတိုကောက်အားဖြင့် (ICOLD) လို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် အဆိုကို ၁၂-၉-၂၀၁၁ ရက်နေ့ ကျင်းပခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ တင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော်က ထောက်ခံခဲ့လို့ အဆို မှာ အတည်ဖြစ်ခဲ့ပါတယ်။

၎င်းနောက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန အား တာဝန်ခံ ဝန်ကြီးဌာန Focal Ministry အဖြစ် သတ်မှတ်ဆောင်ရွက်စေခဲ့ပါတယ်။ တာဝန်ခံ ဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီ Myanmar National committee on large Dams အတိုကောက်အားဖြင့် (MNCOLD) ပညာရပ်နယ်ပယ်စုံ ပါတဲ့ ပုဂ္ဂိုလ်များပါဝင်လျက် ဗဟိုကော်မတီဖွဲ့စည်းခြင်းနဲ့ အလုပ်အမှုဆောင် ကော်မတီဖွဲ့စည်းခြင်းတို့

ပြုလုပ်ပေးခဲ့ပါတယ်။ ၎င်းနောက် (MNCOLD)အနေနဲ့ (ICOLD)ဌာနချုပ်သို့ အဖွဲ့ဝင်အဖြစ် လက်ခံ ရန် ဆက်လက်လျှောက်ထားခဲ့ရာ ၂၀၁၄ ခုနှစ်၊ ဇွန်လအတွင်း အင်ဒိုနီးရှားနိုင်ငံ၊ Barley မှာ ကျင်းပခဲ့တဲ့ (၈၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်အစည်းအဝေး 82 nd Annual ICOLD Meeting မှ မြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီ (MNCOLD) အား (၉၇)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦး တက်ရောက်ခဲ့ရာ (MNCOLD) ဥက္ကဋ္ဌက ညီလာခံအစည်းအဝေးမှာ ကျေးဇူးတင်စကားလည်း ပြောကြားခဲ့ပါတယ်။ ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မှတ်ပုံတင် ရေးအဖွဲ့မှ ၁၃-၃-၂၀၁၅ ရက်နေ့မှာ ပြည်တွင်းအသင်းအဖွဲ့များ ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေး ပြီးလို့လည်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအချိန်မှာ အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင် (ICOLD)တို့မှ အဖွဲ့ဝင်(၉၇)နိုင်ငံအနက် အာရှတိုက်မှ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ နီပေါ၊ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ ပါကစ္စတန် စတဲ့ နိုင်ငံများ ပါဝင်ကြပါတယ်။ အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင်အနေနဲ့ တမံအမြင့် (၁၀၀)ပေနဲ့ အထက်ရှိ မြေသားတမံ၊ ကျောက်ဖြည့်တမံ၊ ကွန်ကရစ်တမံများကို တမံကြီးများ အဆင့် သတ်မှတ် ထားရှိပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန စသည်တို့မှ အမြင့်(၁၀၀)ပေနဲ့အထက်ရှိ တမံကြီးစုစုပေါင်း(၁၈၈)ခုကို စိုက်ပျိုးရေ ရရှိရေး၊ ရေအား လျှပ်စစ်ထုတ်လုပ်ရေး၊ သောက်သုံးရေရရှိရေး စသည်တို့အတွက် အဓိက တည်ဆောက်ထားခဲ့ကြပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ (MNCOLD) အနေဖြင့် (ICOLD)နဲ့ ပူးပေါင်းပြီး တမံကြီး များဆိုင်ရာ စူးစမ်းလေ့လာမှုအပိုင်း၊ ဒီဇိုင်းအပိုင်း၊ တည်ဆောက်မှုအပိုင်း၊ ထိန်းသိမ်း လည်ပတ်မှု အပိုင်း စတဲ့ ပညာရပ်ပိုင်းဆိုင်ရာ နေ့စဉ်ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းနေမှုများကို အတွေ့အကြုံ အမြင်ခြင်းဖလှယ် နိုင်ရန်လိုအပ်ပါတယ်။ သို့မှသာလျှင် မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနှင့် သက်ဆိုင်ရာ ပညာရပ်ပိုင်းမှာ ရင်ပေါင်တန်းလိုက်ပါနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်မည့် တမံကြီးများဆိုင်ရာ ပညာရပ်ပိုင်းမှာ ပါဝင်လျက်ရှိကြတဲ့ လက်ရှိနဲ့ အနာဂတ် မျိုးဆက် အင်ဂျင်နီယာများ၊ ဘူမိဗေဒနဲ့ ဇလဗေဒပညာရှင်များ၊ အခြားဘာသာရပ်ဆိုင်ရာ ပညာရှင်များအနေနဲ့ ရေရှည်တည်တံ့ အကျိုးပြုနိုင်မယ့် အာမခံချက်များ ရရှိစေရေး လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းနိုင်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းကျင့်သုံးရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးရန်အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်း အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၃၉။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး က ထောက်ခံအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁:၃၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးမျိုးမြင့် တင်သွင်းသည့် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ။** ။ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၃-၃-၂၀၁၅ ရက် (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှု နောက်ကျနေသည့် ပြည်နယ်များ၌ ဖော်ထုတ်နေသော ကုန်းမြင့်လယ်ယာ၊ လှေကားထစ် လယ်ယာဖော်ထုတ်ရေး လုပ်ငန်းကို ရေသွယ်ယူရရှိနိုင်သည့် ဒေသများနှင့် ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်များ၌ ဖော်ထုတ်နေသော ကုန်းမြင့်လယ်ယာ၊ လှေကားထစ် လယ်ယာဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်သည့် ဒေသများနှင့်ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာဒေသများကိုကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၆)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၁။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ပုဂ္ဂိုလ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ ရဲ့ မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်များ၌ ဖော်ထုတ်နေသော ကုန်းမြင့်လယ်ယာ၊ လှေကားထစ် လယ်ယာဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်သည့် ဒေသများနှင့် ချောင်းပိတ်၍ အသေးစားဆည်များတည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင် ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ပထဝီမြေအနေအထားဟာ အဓိကအားဖြင့်အပိုင်း(၃)ပိုင်း လေ့လာတွေ့ရှိနိုင်ပါတယ်။ အရှေ့ဘက်မှာ ရှမ်းကုန်းမြင့်၊ အရှေ့ဘက်ရှမ်းကုန်းမြင့်လို့ ခေါ်နိုင်တဲ့ ရှမ်းကုန်းမြင့်ဒေသ ရှိပါတယ်။ အလယ်ပိုင်းမှာဆိုရင် အလယ်ပိုင်းချိုင့်ဝှမ်းဒေသ၊ အနောက်ဘက်မှာ ဆိုရင် အနောက်ဘက်တောင်တန်းဒေသ၊ ပင်လယ်နှင့်နီးစပ်တဲ့ဒေသမှာ ကမ်းရိုးတန်းဒေသ၊ ပထဝီ မြေအနေအထားလေ့လာတွေ့ရှိနိုင်ပါတယ်။ ဒီလိုတည်ရှိတဲ့ မြန်မာနိုင်ငံမှာ တောင်ပေါ်ဒေသလို့ ခေါ်တဲ့ ကုန်းမြင့်ဒေသဟာ ရာခိုင်နှုန်းအားဖြင့် (၆၀)ကျော်ရှိပြီးမှ မြေပြန့်လွင်ပြင်ဟာ ရာခိုင်နှုန်းအားဖြင့် (၄၀)ကျော်သာရှိတဲ့အတွက်ကြောင့် တောင်ပေါ်နေတိုင်းရင်းသားများ ဒေသရဲ့ဖွံ့ဖြိုးမှု အခြေအနေနဲ့ မြေပြန့်ဒေသမှာနေထိုင်တဲ့ တိုင်းရင်းသားများရဲ့ ဖွံ့ဖြိုးရေးအခြေအနေဟာ မြေပထဝီ အနေအထားရဲ့

တည်ရှိမှုအခြေအနေပေးနိုင်တဲ့အပေါ်မှာမူတည်ပြီးမှ ဖွံ့ဖြိုးမှုဟာ ကွာခြားလျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်အဆိုရှင်က ပြည်နယ်များလို့ညွှန်းဆိုတဲ့နေရာမှာ ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ဒေသကိုညွှန်းဆိုခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့သဘောပေါက်ရရှိပါတယ်။ ဒါကြောင့်ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသများနှင့် ဖွံ့ဖြိုးမှု၊ တိုးတက်မှုမြန်ဆန်တဲ့ မြေပြန့်ဒေသများနဲ့ အချိုးညီညီဖွံ့ဖြိုးတိုးတက်နိုင်စေဖို့အတွက် ဤအဆိုကို တင်သွင်းရခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ခံယူထားပါတယ်။ မြေပြန့်လွင်ပြင်ပေါ်များတဲ့ ဒေသမှာနေထိုင်တဲ့ ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုများတွေဟာ သွားလာရလွယ်ကူတယ်၊ လုပ်ကိုင်စားသောက်ဖို့ရန် မြေယာတွေ ပေါများတယ်။

ဒါကြောင့်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်တာမြန်ဆန်လာပါတယ်။ လူနေများပြားတယ် ဒါကြောင့် မြို့ကြီးပြကြီးတွေ ဖြစ်ပေါ်လာတယ်။ ဒါကြောင့်ဈေးကွက်တွေက ပိုမိုဖြစ်ထွန်းပြီးမှ ဖွံ့ဖြိုးတိုးတက်မှုဟာ များစွာမြန်ဆန်လျက်ရှိပါတယ်။ အထူးသဖြင့် ဧရာဝတီမြစ်ကြီးနှင့် ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်လွင်ပြင် ဒေသတွေမှာ နေထိုင်တဲ့ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေဟာ တောင်ပေါ်နေ တိုင်းရင်းသားထက် စောစီးစွာ ပညာတတ်မြောက်ခြင်း၊ စောစီးစွာ လူမှုဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်ခြင်းတို့ကို ခံစားရပါတယ်။ တောင်ပေါ်ဒေသမှာ နေထိုင်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ နာဂစတဲ့ တောင်ပေါ်နေ တိုင်းရင်းသား ညီအစ်ကို အများစုဟာ ဒီဒေသန္တရ ပထဝီအနေအထားအရကျယ်ပြန့်တဲ့ မြေပြန့်လွင်ပြင်တွေ မရှိတဲ့အတွက်ကြောင့် လုပ်ကိုင်စားသောက် တဲ့အခါမှာ အထူးသဖြင့်တောင်ပေါ်ဒေသဖြစ်တဲ့အတွက်ကြောင့် တောင်ယာလုပ်ငန်း၊ အထူးသဖြင့် ရိုးရာတောင်ယာ လုပ်ငန်းတွေကိုပဲ အဓိက လုပ်ကိုင်စားသောက်ရပါတယ်။

သွားလာရေးခက်ခဲတဲ့အတွက်ကြောင့်လူနေကျဲပါးတယ်။ မြေဆီသြဇာလည်းကုန်ခမ်းလွယ်တဲ့အတွက်ကြောင့် လုပ်ကိုင်စားသောက်ဖို့ရန် အလွန်ခက်ခဲပါတယ်။ ဒီလိုအနေအထားတွေကြောင့်မြေပြန့်လွင်ပြင်လည်း နည်းပါး၊ တောင်စောင်းတွေ၊ တောင်ကုန်းတွေ ပေါများတဲ့အခါကြောင့်လယ်ယာမြေ ဖော်ထုတ်တဲ့အခါမှာလည်း များစွာခက်ခဲပါတယ်။ ပညာတတ်တွေနည်းတဲ့အတွက်ကြောင့်ပညာရပ်ပိုင်းဆိုင်ရာအခက်အခဲတွေလည်း များစွာရှိပါတယ်။ ဒါကြောင့်ဒေသန္တရ၏အခြေအနေ ပထဝီအခြေအနေများစွာကြောင့် လူနေမှုအဆင့်အတန်းဟာ နိမ့်ကျမြဲနိမ့်ကျလျက်ရှိနေပါတယ်။ အဲဒီတော့ကျွန်တော်တို့မြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးစနစ်ကိုလေ့လာမယ်ဆိုရင် အထူးသဖြင့်တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို တောင်ပေါ်နေ တိုင်းရင်းသားများက လုပ်ကိုင်စားသောက်ကြပြီးတော့ မြေပြန့်လွင်ပြင်ပေါ်များတဲ့ဒေသတွေမှာ လယ်ယာကိုင်းကျွန်းများကို အထူးသဖြင့် လုပ်ကိုင်စားသောက်ကြတာ တွေ့ရပါတယ်။ ကျွန်တော်ငယ်စဉ်ကတည်းက အခုအချိန်အထိ ကြားဖူးတဲ့တောင်ယာ စိုက်ပျိုးရေးဆိုင်ရာစကားလုံးတွေကတော့ လှေကားထစ်စိုက်ပျိုးရေး၊ တောင်စောင်းစိုက်ပျိုးရေး၊ ကုန်းမြင့်လယ်ယာစိုက်ပျိုးရေး၊ ပေါင်းစည်းစိုက်ပျိုးရေး၊ သီးနှံသစ်တောရောနှောစိုက်ပျိုးရေး၊ တစ်ဆက်တစ်စပ်တည်းအဆင့်မြင့်လယ်ယာစသည်ဖြင့် ကြားဖူးနားဝရှိပါတယ်။

ဦးစွာကျွန်တော်တို့ တောင်ပေါ်ဒေသမှာလုပ်ကိုင်စားသောက်ကြတဲ့ တိုင်းရင်းသားများရဲ့လုပ်ငန်းဖြစ်တဲ့ ရိုးရာတောင်ယာလုပ်ငန်းကိုပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် ဒီတောင်ယာလုပ်ကိုင်တဲ့လုပ်ငန်းဟာ မြန်မာနိုင်ငံတစ်ခုတည်းရဲ့မဟုတ်ဘဲနဲ့ အရှေ့တောင်အာရှနဲ့ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်းရှိနေကြတာ ဖြစ်ပါတယ်။ ဒီလိုတောင်ယာလုပ်ငန်းကို လုပ်ကိုင်ရခြင်းဟာ အဓိကအားဖြင့် မြေ

အနေအထားရဲ့ တည်ရှိနေတဲ့ ပထဝီမြေအနေအထားကြောင့် ဖြစ်ပါတယ်။ ဖြစ်တယ်လို့သုံးသပ်ရမှာဖြစ်ပါတယ်။ တောင်စောင်းတွင် တောင်ယာများကို၊ တောတောင်များကို ခုတ်ထွင်ရှင်းလင်းပြီးမှ၊ မီးရှို့ပြီးမှ လိုချင်တဲ့လိုအပ်တဲ့သီးနှံများကို ရွှေ့ပြောင်းစိုက်ပျိုးကြတာ ဖြစ်ပါတယ်။ ဒီရွှေ့ပြောင်း တောင်ယာစနစ်ရဲ့ အားသာချက်ကတော့ လိုအပ်တဲ့ စိုက်ပျိုးရေးကိရိယာများစွာ မလိုဘဲနဲ့ ဓားတစ်လက်၊ ပေါက်တူးတစ်လက် နဲ့ လုပ်စားနိုင်တဲ့ အနေအထားလေးဖြစ်ပါတယ်။ ငွေကြေးအရင်းအနှီး များစွာမလိုအပ်ဘဲနဲ့ လုပ်အား အရင်းအနှီးသာ စိုက်ထုတ်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ မြေနေရာ အများအပြား တည်ရှိတဲ့ လုပ်ကိုင် စားသောက်ရ လွယ်ကူတဲ့အတွက်ကြောင့် အားသာချက်ရှိပါတယ်။ တိရစ္ဆာန်များအတွက် တောင်ယာများကို၊ တောတောင်များကို ခုတ်ထွင်ရှင်းလင်းပြီးမှ အသစ်ပေါက်လာတဲ့၊ ချုံနွယ်ပိတ်ပေါင်းတွေမှာ သစ်ရွက်၊ သစ်နုတွေရှိတဲ့အတွက်ကြောင့် ဒီတိရစ္ဆာန်များအတွက် များစွာစားကျက်အဖြစ် တည်ရှိနေတာလည်း အကျိုးရရှိပါတယ်။

သို့သော်လည်းပဲ ဒီတောင်ယာလုပ်ငန်းဟာ ရေရှည်လုပ်ကိုင်ရန်မသင့်တော်တဲ့လုပ်ငန်းဖြစ်တယ်ဆိုတာ လူတိုင်းအားလုံးသိရှိပြီး ဖြစ်ပါတယ်။ သို့သော်လည်း ဒီတောင်ယာလုပ်ငန်းကို ပစ်ပယ်ရမလား ဆိုတော့ ပစ်ပယ်လို့မရပါဘူး၊ ဒီနေ့ဒီအချိန်မှာလည်း တောင်ယာလုပ်ငန်းကို ဆက်လက် လုပ်ကိုင်နေတဲ့အတွက်ကြောင့် တောင်ယာလုပ်ငန်းကို ချန်လှပ်မထားဘဲနဲ့ ဆက်လက်အဆင့်မြှင့် တင်နိုင်ဖို့ လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေကိုလည်းပေးရမှာ ဖြစ်ပါတယ်။ တောတောင်တွေကို ခုတ်ထွင်ရှင်းလင်းပြီးမှ၊ အထူးသဖြင့် ဝါးတောရွာ၊ နှစ်ပေါင်းများစွာ ထားတဲ့ဝါးပင်တွေဟာ ရင့်လာတဲ့အခါကျတော့ အပင်ဝါးပင်တွေရဲ့ အောက်ခြေတွေမှာ၊ သစ်ပင်ပေါက်ရောက်မှုမရှိပါဘူး။ အကုန်လုံး ဝါးတောတစ်ခုလုံးက လွှမ်းမိုးပြီးမှ တိရစ္ဆာန်တွေ စားသောက်ဖို့ရန် စားကျက်ဖြစ်မလာနိုင်ပါဘူး။

ဒါကြောင့်တောင်ယာမြေအဖြစ်အသုံးချပြီးမှ ခုတ်ထွင်ရှင်းလင်းတဲ့အခါအသစ်ပေါက်လာတဲ့ သစ်ရွက်၊ သစ်နုတွေဟာ တောနေတရိစ္ဆာန်တွေအားလုံးက ဒီဟာကို စားကျက်အဖြစ် အသုံးပြုနိုင်တဲ့ အတွက် များစွာအထောက်အကူ ဖြစ်ပါတယ်။ ဒါကြောင့် ဒီစနစ်ဟာလည်း ပျက်ပြယ်လို့မရတဲ့ အနေအထားတစ်ခု အခုအချိန်အထိ ရှိနေပါတယ်။ အားနည်းချက်တွေကတော့ ရွှေ့ပြောင်း တောင်ယာလို့ ခေါ်တဲ့ အနေအထားအတိုင်းပဲ တစ်နေရာနဲ့ တစ်နေရာ မတည်မြဲဘဲနဲ့ ရွှေ့ပြောင်း စိုက်ပျိုးရတဲ့အတွက်ကြောင့် ရေရှည်ခံခြင်းမရှိတာကို တွေ့ရှိရပါတယ်။ သစ်တောတွေ ပြုန်းတီးတယ်။ မြေဆီတွေ ပြုန်းတီးတယ်။ တစ်ဧက အထွက်နှုန်း ပုံသေမရှိတဲ့အတွက်ကြောင့် ဒီတောင်ယာမြေကို လုပ်စားရင် တစ်ဧကမှာ ဘယ်လောက်ရမယ် ဆိုတာ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိတာဟာ အားနည်း ချက်ရှိပါတယ်။ နောက်တစ်ခါ ဒီတောင်ယာမြေတွေမှာ တစ်နှစ်အတွက် နှစ်တိုစီမံကိန်းတွေပဲ လုပ်ဆောင် နေရပါတယ်။ နှစ်ရှည်သီးနှံတွေရောနှော စိုက်ပျိုးလို့ မရနိုင်ပါဘူး။ အားနည်းချက် ဖြစ်ပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော်တို့ပြန်လည်သုံးသပ်ပြီးမှ များစွာလုပ်ဆောင်ဖို့ရာ လိုအပ်ပါတယ်။ ရွှေ့ပြောင်းတောင်ယာဟာ၊ စနစ်ကိုကျင့်သုံးတဲ့ တောင်ပေါ်ဒေသတွေဟာ အထူးသဖြင့် သူတို့ရဲ့လူနေမှု စနစ်ကိုကြည့်မယ်ဆိုရင် ရွှေ့လျားနေထိုင်တတ်တဲ့ ဓလေ့တွေကြောင့်လည်း ဖြစ်ပါတယ်။ ရွှေ့ပြောင်းတောင်ယာကို လုပ်ကိုင်မှုတော့ ရေရှည် အတည်တကျ နေထိုင်မယ်ဆိုတဲ့ စိတ်ဓာတ်က မရှိသလို ဖြစ်သွားပါတယ်။ ဒါကြောင့် ရွှေ့ပြောင်း တောင်ယာကို လုပ်ကိုင်စားသောက်တဲ့ တောင်ပေါ်နေ တိုင်းရင်းသားတွေဟာ နေရာအတည်တကျ မရှိဘဲနဲ့ တစ်ရွာပြောင်းတစ်ရွာဝင်နဲ့ စီးပွား အဆင်ပြေအောင် မြို့ကြီးမှာပြောင်းမယ်ဆိုရင် ရည်ရွယ်ချက်တွေနဲ့ ရွှေ့လျားနေထိုင်တဲ့ လူမှုရေးစနစ်တွေ ဖြစ်ပေါ်ရတာ ဖြစ်ပါတယ်။

ဒါကြောင့် အမှန်အတိုင်း သုံးသပ်ရမယ်ဆိုရင် တစ်ရွာတည်းမှာတစ်နှစ်ပဲနေမယ်ဆိုရင် လယ်လုပ်မလား၊ တောင်ယာခုတ်မလားဆိုရင် တောင်ယာပဲခုတ်ကြရမှာဖြစ်ပါတယ်။ ဒါကတော့ တောင်ယာလုပ်ငန်းရဲ့အနေအထားလေးဖြစ်ပါတယ်။ နောက်တစ်ခု အထက်ကတင်ပြတဲ့အတိုင်း လှေကားထစ်စိုက်ပျိုးရေး၊ တောင်စောင်းစိုက်ပျိုးရေးဆိုတာ ဥက္ကဋ္ဌကြီးခင်ဗျား အင်္ဂလိပ်လို အနည်းငယ် သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လှေကားထစ်စိုက်ပျိုးရေး၊ တောင်စောင်းစိုက်ပျိုးရေးကို Terrace Farming လို့ သုံးနှုန်းထားပါတယ်။ ဒီလှေကားထစ်ဆိုတဲ့အတိုင်းပဲ လှေကားရဲ့အထစ်အတိုင်း တောင်စောင်းတွေမှာ မြေကို ဖော်ထုတ်ပြီးမှလုပ်ရတာဖြစ်ပါတယ်။ တောင်စောင်းစိုက်ပျိုးရေးလည်း ထိုနည်းအတူတူ နီးပါးဖြစ်ပါတယ်။ တောင်စောင်းတွေမှာ အပင်တွေကိုစိုက်ပျိုးနိုင်ဖို့အတွက် လယ်ယာသီးနှံတွေမှာ စိုက်ပျိုးနိုင်ဖို့အတွက် ဖော်ထုတ်တဲ့စနစ်ပါ။ ဒီလုပ်ငန်းကိုလည်း အဆိုရှင်ဖြစ်တဲ့ ဦးဟာရှိန်းဘွေက နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ တရုတ်ပြည်၊ ယူနန်ပြည်နယ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံ၊ နာဂလန်းဒေသမှာ ကျင့်သုံးနေတဲ့အကြောင်းကိုလည်း တင်ပြပြီးဖြစ်ပါတယ်။

အဲဒီတော့ ဒီတောင်စောင်းစိုက်ပျိုးရေး၊ လှေကားထစ်စိုက်ပျိုးရေးတွေမှာလည်း လယ်ယာသီးနှံတွေဖြစ်တဲ့ စပါးတို့၊ ဂျုံတို့၊ ရေသွင်းစိုက်ပျိုးရသလို ရေသွင်းစိုက်ပျိုးရန်မလိုအပ်ဘဲနဲ့ တခြားအပင်တွေကိုလည်းပဲ စိုက်ပျိုးလို့ရတဲ့ လက်ဖက်တို့၊ ဥယျာဉ်ခြံလုပ်ငန်းကိုလည်း တွဲဘက် လုပ်ကိုင်ရတဲ့အကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ သိရှိတဲ့ရေဆင်းတက္ကသိုလ်က ပါမောက္ခချုပ်ကြီး အငြိမ်းစားဆရာကြီး ဒေါက်တာဆလိုင်းထွန်းသန်း ကတော့ တောင်စောင်းစိုက်ပျိုးရေးကိုပဲ တစ်ဆက်စပ်တည်း လုပ်ဆောင်ပေးဖို့ သူက သုတေသနတွေလုပ်ပြီး အမှန်တကယ်လုပ်ချင်တဲ့ ဆန္ဒပြင်းပြစွာနဲ့ အငြိမ်းစားယူသွားတယ်လို့ ကျွန်တော်ကြားသိရပါတယ်။ ဒါသည် လှေကားထစ် စိုက်ပျိုးရေး၊ တောင်စောင်းစိုက်ပျိုးရေးလုပ်ငန်းကို ကျွန်တော်တို့ တိုင်းပြည်မှာသာမက တခြားတိုင်းပြည်မှာလည်း လုပ်ဆောင်နေတယ်။ အဲဒီတော့ ဒီလိုလုပ်ဆောင်နေတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ဘာလိုအပ်နေတယ် ဆိုတာကို၊ ပြုပြင်ဖို့လိုအပ်တယ် ဆိုတာကို အဆိုရှင်က တင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကုန်းမြင့်လယ်ယာ ဖြစ်တယ်။ Harrow Farming သို့မဟုတ်ရင်တော့ High Land ခေါ်ဝေါ်ပါတယ်။ ဒီကုန်းမြင့်လယ်ယာရဲ့ သဘောသဘာဝနဲ့ စောစောကပြောတဲ့ တောင်စောင်းတို့၊ လှေကားထစ်တို့ရဲ့ သဘောသဘာဝချင်း အတူတူဖြစ်ပါတယ်။ သို့သော်လည်းပဲ ရေသွင်း စိုက်ပျိုးရေး ရသလို အခြောက်စိုက်ပျိုးလို့ ရတဲ့သဘောလည်း သက်ရောက်ပါတယ်။ အခြောက်စိုက်ပျိုးမယ် ဆိုရင်တော့၊ ရေသွင်းစိုက်ပျိုးမှုမပြုဘူးဆိုရင်တော့ တောင်ပေါ်ဒေသတွေအတွက်များစွာ အကျိုး ရှိပါတယ်။ ရေမရှိတဲ့နေရာစိုက်ပျိုးလို့ရနိုင်တဲ့အနေအထားဖြစ်ပါတယ်။ ရေရှိတယ်ဆိုလျှင် ရေသွင်းစိုက်ပျိုးမည်ဆိုလျှင် သီးနှံ ထွက်နှုန်းပိုမိုအောင်မြင်ပြီးမှ တိုးတက်ပြီးမှ ပိုမို အောင်မြင်ဖြစ်ထွန်းတဲ့အနေအထားဖြစ်ပါတယ်။

ကုန်းမြင့်လယ်ယာ ဆိုတဲ့အတိုင်းပဲ မြန်မာနိုင်ငံရဲ့ အနေအထားကို ကြည့်မယ်ဆိုရင် ရှမ်းပြည်နယ်လိုမျိုးဒေသမှာ ပိုမိုအဆင်ပြေအောင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တောင်စောင်းတွေ၊ လျှောစောင်းတွေ၊ ကျောက်ဆောင်တွေ မြင့်မားတယ်ဆိုရင်တော့ ဒီလုပ်ငန်းဟာ အောင်မြင်ဖို့အတွက် အခက်အခဲရှိပါတယ်။ အထူးသဖြင့် ဒီလှေကားထစ်လိုပုံစံမျိုး ဖော်ထုတ်တဲ့အခါမှာ ကုန်ကျစရိတ်က များစွာရှိပါတယ်။ ချင်းပြည်နယ်လိုမျိုး သက်နုမြေတွေမှာ ဒီတောင်စောင်းတွေကို

မြေအကွက်ဖော်တဲ့အခါမှာ မြေကနုတဲ့ အတွက်ကြောင့် ဒီကမ်းပါးနံရံ ခိုင်ခံ့ဖို့အတွက် ကျောက်နံရံစီတဲ့ အခါမှာ များစွာကုန်ကျမှာ ဖြစ်ပါတယ်။ မိုးများတဲ့ဒေသမှာဆို ပြိုလွယ်၊ ပျက်လွယ်တာ ရှိပါတယ်။ ဒါကြောင့် ဆင်ခြေလျှောအနေအထားကို ကြည့်ပြီးမှ ဒီဟာကို အကောင်အထည် ဖော်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ နောက်တစ်ခုကျတော့ ပေါင်းစည်း လယ်ယာဖြစ်ပါတယ်။ ပေါင်းစည်းလယ်ယာကိုတော့ Cooperative Farming လို့ ကျွန်တော် လေ့လာသိရှိဖတ်မိရပါတယ်။

ပေါင်းစည်းလယ်ယာဆိုတဲ့အတိုင်းပဲ စိုက်ပျိုးရေးလုပ်ငန်းနဲ့မွေးမြူရေးလုပ်ငန်းကို တွဲဖက် လုပ်ကိုင်တဲ့လုပ်ငန်းဖြစ်ပါတယ်။ ဥပမာအားဖြင့် ငါးမွေးမြူရေးလုပ်ငန်းကို ဝက်၊ ကြက်၊ ဘဲ မွေးမြူရေး လုပ်ငန်းနဲ့ လယ်ယာသီးနှံ၊ ဥယျာဉ်၊ ခြံလုပ်ငန်းနဲ့ တွဲဖက်လုပ်ကိုင်တာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ငါးမွေးကန်တစ်ခုမှာ ငါးကန်အပေါ်မှာပဲ ဝက်ခြံတို့၊ ကြက်ခြံတို့၊ ဘဲတို့ တွဲဖက်မွေးမြူရင် ဘေးပတ်ဝန်း ကျင်မှာလည်း အဲဒီကြက်တွေ၊ ဘဲတွေ အနှောင့်အယှက်မဖြစ်စေတဲ့ သီးနှံတွေ၊ ဥယျာဉ်ခြံတွေ တွဲဖက် လုပ်ကိုင်တဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုလည်း နိုင်ငံတကာမှာများစွာ ကျင့်သုံးတာကို တွေ့ရှိရ ပါတယ်။ ဆိတ်တို့၊ သိုးတို့ဒီဟာကိုလည်း ဒီလိုပဲလုပ်ကိုင်နေတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် တွဲဖက် မလုပ်သင့်တဲ့လုပ်ငန်းတွေမှာ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်မယ်ဆို နွားနဲ့အတူ ထိန်းကျောင်းခြင်း မရှိဘဲနဲ့ စပါးကို စိုက်ပျိုးမယ်ဆိုရင် ဒါ အဆင်ပြေနိုင်မယ်မထင်ပါဘူး။ ဒါကြောင့် သင့်ရာတော်ရာကို တွဲဖက်လုပ်ကိုင်ရမယ့် လုပ်ငန်း ဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုတင်ပြချင်တာက သီးနှံသစ်တောရောနှောစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါတယ်။ Arch Forestry လို့ သုံးနှုန်းထားပါတယ်။ အဲဒီသစ်နှံသစ်တောရောနှော စိုက်ပျိုးထားတယ်ဆိုတဲ့အတိုင်း သီးနှံနဲ့သစ်ပင်တွေကို ရောနှောပေါင်းစပ်စိုက်ပျိုးတာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို ခဏနေ Slide နဲ့တင်ပြမှာ ဖြစ်ပါတယ်။ အဲဒီတော့ လယ်ယာသီးနှံ တွေ ဖြစ်တဲ့သစ်တောထွက် သစ်မာဖြစ်တဲ့၊ ကျွန်းတို့၊ ပျဉ်းကတိုးတို့၊ ယူကလစ်ပင်တွေ အဖိုးတန်သစ်တွေကို လယ်ယာသီးနှံတွေနဲ့ တွဲဖက်ပြီးမှာ စိုက်ပျိုးတဲ့ လုပ်ငန်း ဖြစ်ပါတယ်။ လယ်ယာသီးနှံနဲ့တွဲဖက်လို့ ရသလို အိမ်မှာသုံးတဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ တွဲဖက် စိုက်ပျိုးလို့ရတာ ဖြစ်ပါတယ်။ ဥယျာဉ်ခြံ၊ သီးနှံရယ် သစ်တောရယ် နောက်တစ်ခါ မွေးမြူရေး လုပ်ငန်းရယ် တွဲဖက်လုပ်ရတဲ့ လုပ်ငန်းလည်း ဖြစ်ပါတယ်။ အခုစနစ်ရဲ့ အားသာချက်ကတော့ တောင်ပေါ် ဒေသမှာ ဖြစ်စေ၊ မြေပြန့်ဒေသမှာဖြစ်စေ၊ ဘယ်နေရာမှာမဆို အကောင်အထည်ဖော် ဆောင်ရွက်နိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ နေရာအတည် တကျလိုအပ်ပါတယ်။ ဒေသအတွက် လိုအပ်တဲ့သစ်များ ကိုလည်း ဒီလုပ်ငန်းခနဲ့ ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ မြေဆီသြဇာကိုလည်း ထိန်းသိမ်းဖို့ ပိုမို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ အမြဲတမ်းဝင်ငွေ ရရှိနိုင်ဖို့ အနေအထားလည်း ရှိပါတယ်။

အားနည်းချက်ကတော့ ဒီလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် အချိန် အများကြီးယူရမှာဖြစ်ပါတယ်။ အဲဒီတော့သီးနှံနဲ့ သစ်တောနဲ့ ရောနှောစိုက်ပျိုးတဲ့အတွက်ကြောင့် လိုအပ်တဲ့ အလင်းရောင်၊ နေပူချိန်စသည်ဖြင့်ဟာ လျော့နည်းနိုင်တဲ့အတွက်ကြောင့် သီးနှံထွက်နှုန်းဟာ အနည်းငယ် ကွာခြားနေပါတယ်။ ငွေကြေးကုန်ကျတဲ့လုပ်ငန်းလည်းဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ တိုင်းပြည်မှာ တောင်ပေါ်နေတိုင်းရင်းသားများအတွက် အကျိုးရှိစေနိုင်တဲ့ စိုက်ပျိုးရေး စနစ်ကို သင့်ရာ တော်ရာ၊ အတူတကွပေါင်းစည်းခြင်း၊ သီးခြားစိုက်ပျိုးခြင်း၊ ရောနှော စိုက်ပျိုးခြင်း၊ နည်းမျိုးစုံနဲ့ ကျင့်သုံး လုပ်ဆောင်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

Slide နဲ့အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။ ဒါ လှေကားထစ် စိုက်ပျိုးရေးလုပ်ငန်း၊ တောင်စောင်းလုပ်ငန်းကို ဓာတ်ပုံတွေနဲ့ပြသခြင်း ဖြစ်ပါတယ်။ ဒါ လှေကားထစ်လုပ်ငန်း ဖြစ်ပါတယ်။ ဒါလည်းပဲ လှေကားထစ်လုပ်ငန်းကို ကွန်တိုမျဉ်းတွေ နဲ့သေချာလေးလုပ်ပြီးမှ ရေသွင်းစိုက်ပျိုးတဲ့စနစ် ဖြစ်ပါတယ်။ ဒါလည်းလှေကားထစ် စိုက်ပျိုးရေးနဲ့ တောင်စောင်းစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါတယ်။ ဒါတကယ့်တောင်ကမ်းပါးတွေမှာသေချာ မြေနုံရုံကိုစီပြီးမှ စပါးတို့၊ ဂျုံတို့ ဒီလိုစိုက်ပျိုးတဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါလည်းလှေကားထစ်စနစ်နဲ့ စိုက်ပျိုးတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါလည်းအတူတူပဲ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကုန်းမြင့်လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ အဲဒီတော့ တကယ်ကုန်းမြင့်တွေမှာ၊ ချောက်ကမ်းပါးတွေမှာလည်းပဲ သိပ္ပံနည်းကျစိုက်ပျိုးတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ချင်းတောင်လုပ်ငန်းတွေမှာ အောင်မြင်နိုင်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ကုန်းမြင့် လယ်ယာ ကလက်ဖက်စိုက်ခင်းကို လုပ်ထားတဲ့ပုံပါ။ ဒါ နဂိုရှိကတည်းက တောင်ကုန်းပေါ်မှာ ကွန်တို မျဉ်းလိုင်းမဖော်ဘဲနဲ့ စိုက်ပျိုးထားတဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါလည်း ကုန်းမြင့်လယ်ယာ တကယ့် တောင်ကုန်းတွေပေါ်မှာ စိုက်ပျိုးထားတာ။ နောက်တစ်ခုက ပေါင်းစည်းလယ်ယာ ဖြစ်ပါတယ်။ ပေါင်းစည်းလယ်ယာ ဆိုတာ သစ်တောနဲ့ စောစောကပြောတဲ့ မွေးမြူရေးလုပ်ငန်းတွေနဲ့ နောက်တစ်ခါ လယ်ယာသီးနှံတွေ ပေါင်းစည်းတာ ဖြစ်ပါတယ်။ နောက်တစ်ဘက်ကို ကြည့်လိုက်ရင် မွေးမြူရေးလုပ်ငန်း၊ ကိုလုပ်သလို ဘေးမှာရေကန်လေး၊ အဲဒီရေကန်ထဲမှာငါးမွေးထားတာ ဖြစ်ပါတယ်။ ဒီဘက်မှာသိုးကို မွေးတာဖြစ်ပါတယ်။ ဒါလည်းပဲ တကယ်သစ်တောတွေ ဒီဘက်က စိုက်ပျိုရေးနဲ့ တိရစ္ဆာန်တွေကိုလည်း စားကျက်အဖြစ် အသုံးချမွေးမြူတဲ့လုပ်ငန်း ဖြစ်ပါတယ်။

ဒါဆိုရင်တော့ အကွက်ဖော်ပြီးမှ စနစ်တကျသစ်တောပေါ်မှာ လယ်ယာသီးနှံပါ။ နောက်တစ်ခါ ငါးကန်တွေပါ။ စနစ်တကျ ဖော်လုပ်ထားတဲ့လုပ်ငန်း ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခု ဖြစ်ပါတယ်။ သီးနှံ သစ်တောရောနှော စိုက်ပျိုးခြင်း ဖြစ်ပါတယ်။ အဲဒီတော့ Agriculture and Forestry ဆိုတဲ့ ဒီ စိုက်ပျိုးရေးသီးနှံများနဲ့ အပေါ်က သစ်တောများစိုက်ပျိုးထားတဲ့လုပ်ငန်း ဆိုတာကို ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာသည် အပင်နဲ့အောက်ကလက်ဖက်ပင်နဲ့ ဒီလိုမျိုး တွဲဖက်ပြီးတော့ နောက် ဥယျာဉ်ခြံလုပ်ငန်းရယ် သီးနှံတွေကိုရောနှောစိုက်ပျိုးတာ ဖြစ်ပါတယ်။ ဒါလည်းပဲ သစ်တောနဲ့ သီးနှံ လုပ်ငန်း ရောနှောစိုက်ပျိုးတာ ဖြစ်ပါတယ်။ ဒါဆိုရင်တော့ တကယ့် တောအုပ်ကြီးလို မြင်ရပါတယ်။ တကယ် သစ်တောကြီးမှာပဲ အဲဒီသူ့ရဲ့အလင်းရောင်ရရှိမှု အနေအထားမှာ ကြည့်ပြီးမှ လိုအပ်တဲ့ အပင်လေးတွေ၊ သူ့ရဲ့သင့်တော်မယ့်ဟာလေးတွေကို စိုက်ပျိုးလုပ်ကိုင်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါလည်းပဲ အပေါ်ပိုင်းမှာဆိုရင် သစ်တောလုပ်ငန်းကို သစ်ပင်တွေစိုက်ပျိုးပြီးအောက်ပိုင်းမှာ ဆိုရင် ဂျုံတို့၊ စပါးတို့ကို ဒီလို စိုက်ပျိုးတာဖြစ်ပါတယ်။ ဒါဆိုရင်လည်း အပင်တွေကြားမှာ ဂျုံတို့၊ စပါးတို့ကို စိုက်ပျိုးထားတာ ဖြစ်ပါတယ်။ ဒါဆိုရင်လည်း စနစ်တကျ သစ်တောတို့၊ သီးနှံတို့ ဒီလိုမျိုးစိုက်ပျိုးထားတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်းတွေနဲ့ အတူတူ ရောနှောစိုက်ပျိုး ထားတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါဆိုရင် တော့လည်း အိမ်မှာသုံးမယ့် စိုက်ပျိုးထားတဲ့ ပုံတွေပါ။ ဒါလည်းပဲ သစ်တောနဲ့လယ်ယာသီးနှံနဲ့ ရောနှော စိုက်ပျိုးထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါလည်းအတူတူပဲ ဖြစ်ပါတယ်။ ဒါဆိုရင်တော့ သစ်တောကို ဦးစားပေးပြီးမှ ပိုမိုစိုက်ပျိုးပြီးမှ လယ်ယာသီးနှံကိုကျတော့ မြေနေရာ အနေအထားပေါ်မူတည်ပြီးမှ စိုက်ပျိုးထား တဲ့လုပ်ငန်း ဖြစ်ပါတယ်။

ဆက်လက်ပြီးမှ ကျွန်တော့်အနေနဲ့ပလက်ဝမြို့နယ်မှာ ဒီလိုမျိုးလုပ်ငန်းတွေ လုပ်ကိုင်လို့ရတဲ့အနေအထားရှိတယ်ဆိုတာကို ပြသမှာဖြစ်ပါတယ်။ ဒါပီချောင်းဒေသဖြစ်ပါတယ်။ ကွေ့ကောက်ပြီး တော့စီးဆင်းနေတဲ့ ပီချောင်းဖြစ်ပါတယ်။ ဒီအကွေ့တစ်ခုတစ်ခုသည် ဧကပေါင်း(၂၀၀)၊ (၃၀၀) လောက်ရှိပါတယ်။ အဲဒါကို အမြင့်ပိုင်းဒေသကနေ ရေသွယ်ယူပေးနိုင်မယ်ဆိုရင် မဟုတ်ရင် အဲဒီ မြစ်ချောင်းကိုပဲ ဆည်ဖို့ပေးမယ်ဆိုရင်တော့ အများကြီးတခြားကျေးရွာတွေ ဘာမှ လယ်တွေ၊ ရွာတွေ ဘာမှမရှိတော့တဲ့အခါကျတော့၊ နစ်မြုပ်စရာမရှိတော့ဘဲ ဒါကိုဆည်ဖို့ပြီးမှ ပတ်ဝန်းကျင်ကို ရေပေးနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ဒါပီချောင်းဒေသရဲ့ အနေအထားလေးကို ပြသခြင်းဖြစ်ပါတယ်။ နောက်တစ်ခု လည်းပဲ ချင်းလည်းချောင်းထဲမှာပဲ အဖျားပိုင်းမှာ အခုမြင်နေရတဲ့အဝါရောင်ရဲ့ အတွင်းပိုင်းသည် အိန္ဒိယနယ် ဖြစ်ပါတယ်။ ဒီဘက်သည်မြန်မာနယ်စပ်ပဲဖြစ်ပါတယ်။ အဲဒီမြန်မာနယ်ရွှေလက်ဝမှာ ဒီလိုမျိုး တောင်အမြင့်ပိုင်းဒေသက ရေသွယ်ယူပြီးမှ အနိမ့်ပိုင်း မြေပြန့်လေး၊ လွင်ပြင်လေးတွေမှာ အခုနက ပြောတဲ့ ကုန်းမြင့်လယ်ယာစနစ် ဖော်ဆောင်လို့ရတယ်ဆိုတာ ပြသခြင်း ဖြစ်ပါတယ်။ ဒါဆိုရင်လည်းပဲ ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာရှိတဲ့ ပြည်တောင်ဒေသက အုန်းသီးဝအုပ်စုထိပ်မှာမြင်ရတဲ့ရွာလေး တစ်ရွာလေး၊ ဒီပတ်ဝန်းကျင်မှာလည်း ဒီလိုမျိုး မြေပြန့်လွင်ပြင်လေးတွေ ရှိတဲ့အတွက်ကြောင့် အမြင့်ပိုင်းကနေ ရေ သွယ်ယူတာကြောင့် တကယ်တော့ အချောက်စိုက်ပျိုးတာလို့လည်း လုပ်ကိုင်လို့ရတဲ့အကြောင်း ပြသခြင်း ဖြစ်ပါတယ်။

ဒါဒီကျွန်တော်တို့ ပလက်ဝမြို့နယ်မှာအကြီးဆုံးကြိုးဝိုင်းထိပ်က တတ်ချောင်းကျေးရွာထဲက မြင်ကွင်းလေး ဖြစ်ပါတယ်။ ဒီအမြင့်ပိုင်းကတော့ ချောင်းတွေ၊ မြောင်းတွေ အများကြီးရှိပါတယ်။ အခု မြင်နေရတဲ့ ချောင်းကလေး၊ အဲဒီချောင်းကလေး ထိပ်ပိုင်းအမြင့်နေရာတွေကနေ နိမ့်တဲ့နေရာကို ရေပိုက်စနစ်ဖြင့်ရေသွယ်ပြီးမှ စိုက်ပျိုးမယ်ဆိုရင် အများကြီး စိုက်ပျိုးလို့ရတဲ့နေရာဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် Slide ထဲမှာမပြဘဲနဲ့ တခြားနေရာတွေမှာ ဒီချောင်းထဲမှာ အများကြီးလုပ်လို့ရတဲ့နေရာ ရှိပါသေးတယ်ဆိုတာ ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါလည်းပဲ ဒီကျောက်တော်နဲ့ ပလက်ဝ နယ်အစပ် ကလေးမှာ ငမြင်းတောင်ကျေးရွာနားမှာ ဒီလိုမျိုးအမြင့်ပိုင်းမှာလည်း ချောင်းတွေရှိတယ်။ အနိမ့်ပိုင်း လွင်ပြင်လေးတွေ ရှိတယ်။ အခုနက ရေသွင်းပြီးမှ အခုနလို ကုန်းမြင့်လယ်ယာစနစ်တွေ၊ လိုအပ်ချက်တွေ ဖော်ဆောင်လို့ရတယ်ဆိုတာ ပြသခြင်းဖြစ်ပါတယ်။ အဲဒါလည်း ကုလားတန်မြစ်ရဲ့ ချောင်းလက်တက် တစ်ခုဖြစ်တဲ့ ကုလားချောင်းထဲမှာလည်း ဒီလိုမျိုးမြေအနေအထားပေးတယ်ဆိုတာ အများကြီးရှိတယ် ဆိုတာကို ကျွန်တော်ဖော်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျွန်တော်တင်ပြတဲ့လယ်ယာမြေတောင်ပေါ်ဒေသတွေမှာ စိုက်ပျိုးလို့ ရတဲ့အကြောင်းနဲ့ ပတ်သက်ပြီးမှ ကျွန်တော်တို့ တောင်ပေါ်နေ၊ တောင်သူလယ်သမား၊ တောင်ယာ သမားက အနည်းငယ်ခံစားချက်ရှိပါတယ်။ မြေပြန့်နဲ့ ဒေသလွင်ပြင်ကြားမှာ နေထိုင်တဲ့ လယ်လုပ်တဲ့ လယ်သမားများထက် တောင်ပေါ်မှာ နေထိုင်ပြီးမှ တောင်ယာစနစ်နဲ့ လုပ်ကိုင်စားသောက်ကြတဲ့ တောင်သူလယ်သမားများဟာ အများအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ဖေးမကူညီပံ့ပိုးမှု၊ မရှိသလောက် နည်းပါးတယ်လို့ ခံစားကြပါတယ်ခင်ဗျာ။ ဘာလို့လဲဆိုရင် လယ်သမားများကျတော့ ချေးငွေရရှိပြီးမှ တောင်ယာစိုက်ပျိုးတဲ့တောင်ယာသမားကျတော့ ချေးငွေမရရှိနိုင်တာ ဒါ ကွာခြားချက် ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီနေ့ဒီအချိန်မှာ တောင်ပေါ် မြေပြန့် ဘယ်နေရာမဆို၊ တာဝန်ရှိတဲ့ဌာန၊ တာဝန်ရှိတဲ့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေက စနစ်တကျကွင်းဆင်းလေ့လာပြီးမှ သုတေသနပြုလုပ်ဖို့ လိုအပ်

ပါတယ်။ တောင်ပေါ်ဒေသမှာ ဘယ်လိုမျိုးစိုက်ပျိုးရေးစနစ်တွေ ကျင့်သုံးနိုင်သလဲ။ ရေဘယ်လိုရနိုင်မလဲ။ မြေဘယ်လိုရနိုင်မလဲ ဆိုတဲ့ဟာတွေကို လေ့လာကွင်းဆင်းဖို့အတွက်ကို လိုအပ်တယ်။ ဒါကြောင့် အဆိုရှင်က ဒီအဆိုကို ကွင်းဆင်းလေ့လာ သုတေသနလုပ်ဖို့အတွက် အဓိကတင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ကွင်းဆင်းလေ့လာပြီးမှ ရေပေးနိုင်ဖို့အတွက်၊ ဆည်ငယ်တွေ တည်ဆောက်ဖို့အတွက် ကွင်းဆင်းလေ့လာဖို့အတွက်ကို ကျွန်တော့်အနေနဲ့ အလေးအနက် ထောက်ခံပါကြောင်း တင်ပါအပ်ပါတယ်။ အဓိကတင်ပြခြင်း ဖြစ်ပါတယ်။

လှေကားထစ်စိုက်ပျိုးရေး/ တောင်စောင်းများစိုက်ပျိုးရေးမြင်ကွင်းပုံ (မ)



လှေကားထစ်စိုက်ပျိုးရေး/ တောင်စောင်းများစိုက်ပျိုးရေးမြင်ကွင်းပုံ (မ-၁)



လှေကားထစ်စိုက်ပျိုးရေး/ တောင်စောင်းများစိုက်ပျိုးရေးမြင်ကွင်းပုံ (မ-၂)




**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၂ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို တင်ပြပါမယ်။ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ရှန်၊ တနင်္သာရီ(၆)၊ ကျန်းမာရေး။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ (၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ လူမှုရေးကိစ္စ။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။

ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကော်မတီလုပ်ငန်း။ ဗိုလ်မှူးချုပ် အောင်ကျော်၊ တပ်မတော်၊ ဥပဒေကြမ်းပူးပေါင်း ကော်မတီ အစည်းအဝေး။ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးမြအုန်း၊ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ သင်တန်းကိစ္စ ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ နေလည်ပိုင်း ခွင့်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လည်ပိုင်း ခွင့်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

မူလအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပါ့မယ်။

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၅။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော် ကော်မရှင် ပုဂ္ဂိုလ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော့် အနေနဲ့ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ မြန်မာနိုင်ငံမှာ ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်များ၌ ဖော်ထုတ်တဲ့ ကုန်းမြင့် လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေး လုပ်ငန်းကို ရေသွယ်ယူရရှိနိုင်မည့် ဒေသများနဲ့ ချောင်းပိတ် အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင်ပညာရှင်များ ဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံ ဟာ ယဉ်ကျေးတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံရဲ့ မြောက်ဖျားပိုင်းမှာ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှာ မရှိတဲ့ ဆီးနှင်းများ၊ ရေခဲများ ဖုံးလွှမ်းလျက်ရှိပါတယ်။ လှပသော တောင်တန်းကြီးများ၊ အင်းအိုင်ကြီးများ၊ အလယ်ပိုင်းတွင် သဘာဝတောတောင်၊ ရေတံခွန်၊ စိမ့်စမ်းရေများ၊ လယ်တော၊ ယာတော စိုက်ခင်းများ၊ မြစ်ချောင်းလွင်ပြင်များ၊ ပင်လယ်ပြင်ကြီးနဲ့ ၎င်းတို့နဲ့ ထိစပ်နေသော ကမ်းခြေဒေသများက ဆွဲဆောင်မှု ပဿဒအပြည့်ပင် ဖြစ်နေပါတယ်။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ ပုဂ္ဂလိက ပြည်သူနဲ့ လူထုအဖွဲ့အစည်းတို့က စနစ်တကျပူးပေါင်းပါဝင်မှုဖြင့် ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် မြှင့်တင် ဆောင်ရွက်ပါက ကုန်းမြင့်လယ်ယာဖော်ထုတ်ရေး၊ လှေကားထစ်ဖော်ထုတ်ရေးလုပ်ငန်းအတွက် အဓိက ရေ အရင်းအမြစ်ဟာ အလိုအပ်ဆုံး အရာတစ်ခုဖြစ်ပါတယ်။

အဆိုရှင်ရဲ့ အဆိုအရ တောင်ပေါ်ဒေသများမှာ အတွေ့အကြုံရှိပြီး၊ ရင့်ကျက်တဲ့ ကျွမ်းကျင်ပညာရှင်များနဲ့ စနစ်တကျကွင်းဆင်းလေ့လာပြီး စီမံချက် ချမှတ်၍ လက်တွေ့ကျကျ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တောင်တန်းဒေသများ၌ နေထိုင်ကြတဲ့ တိုင်းရင်းသားညီနောင်များရဲ့ ဘဝတစ်သက်တာအတွက် ထိရောက်တဲ့ အကျိုးခံစားမှု ရရှိလိမ့်မယ်လို့ အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ္ဍာရေးနှစ်တိုင်း အမျိုးသားစီမံကိန်းမှာ လယ်ယာကဏ္ဍနဲ့ စပ်လျဉ်းပြီးတော့ မူဝါဒ၊ ရည်မှန်းချက်နဲ့ လုပ်ငန်းစဉ်တွေ ချမှတ်ရေးဆွဲထားပါတယ်။ ကျွန်တော်အနေနဲ့ အချိန်ကို ငဲ့ညှာသော အားဖြင့် မဆွေးနွေးတော့ဘဲနဲ့ မူဝါဒနဲ့ တိုက်ဆိုင်မယ့် လုပ်ငန်းအကြောင်း အရာလေးတွေ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မူဝါဒတွေဟာ လိုက်လျောညီထွေမှုရှိဖို့လိုပါတယ်။ တားဆီးမရဖြစ်နေသော ရာသီဥတု ပြောင်းလဲမှုကို ရင်ဆိုင်ရာမှာ ၎င်းနဲ့ လိုက်လျောညီထွေနေထိုင်မှုပုံစံ အထူးသဖြင့် လူသားတို့ရဲ့ စားနပ်ရိက္ခာထုတ်လုပ်မှုတွင် သမရိုးကျပုံစံနဲ့ မဖြစ်နိုင်တော့ဘဲ ပြောင်းလဲလာသော ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်မယ့် ခေတ်မီသော စိုက်ပျိုးရေးနည်းပညာကို ပြောင်းလဲကျင့်သုံးရေးအတွက် ကြိုးစားနေသော အချိန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သင်မဖြတ်နိုင်သောလက်ကို နမ်းလိုက်ပါဟု ဆိုထားတဲ့ အာဖရိကစကားပုံ တစ်ခုလို ပြောင်းလဲနေသော ရာသီဥတုဖောက်ပြန်မှု ဒဏ်ကို တွန်းလှန်မရနိုင်သည့်နည်း အတူတူ ပကတိအခြေအနေကို လက်သင့်ခံရင်း မိမိတို့ရဲ့ ရပ်တည်မှုကို လိုက်လျော်ညီထွေဖြစ်အောင် ပြောင်းလဲကျင့်သုံးသွားကြရမှာ ဖြစ်ပါတယ်။ ဤသို့ပင် ကျိုးကြောင်းဆင်ခြင်တုံတရားနဲ့ လူသားများရဲ့ ဖောက်ပြန်ရာသီဥတု ဒဏ်ကို ကြံ့ကြံ့ခံအနိုင်ရယူခြင်းတစ်ရပ်ပင်ဖြစ်ပါတယ်။ လယ်ယာကဏ္ဍကို နည်းပညာဖြင့် အဆင့်မြှင့်တင်နိုင်ခြင်းဟာ ရာသီဥတုပြောင်းလဲခြင်းနဲ့ လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေးနည်းပညာများမြှင့်တင်နိုင်ခြင်း၊ ဆောင်ရွက်ပေးခြင်းတစ်ရပ်ဟု ခေါ်ဆိုနိုင်ပါတယ်။ စိုက်ပျိုးရေးကို အခြေခံသော မိမိတို့နိုင်ငံအတွက် ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်မယ့် စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲဆောင်ရွက်လာခြင်းဟာ တောင်သူလယ်သမားများ အများစုမှီတင်းရာ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုကို ကြီးစွာ အထောက်အကူဖြစ်စေမှာ အမှန်ဖြစ်ပါတယ်ဟု အပြုသဘောဖြင့် သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု နိုင်ငံတော်သမ္မတကြီး ယခင်နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေး ကောင်စီ၊ ဝန်ကြီးချုပ်တာဝန်ဖြင့် ချင်းပြည်နယ်ခရီးစဉ် တွန်းဇံမြို့နယ်၊ ကျီခါးမြို့နယ်ခွဲသို့ ရောက်ရှိနေစဉ် လူထုတွေ့ဆုံပွဲ အခမ်းအနားမှာ ကျီခါးမြို့နေ ပြည်သူတစ်ရပ်လုံး ဝမ်းစာဖူလုံရေးအတွက် စပါးစိုက်တောင်သူများထံ တောင်ကုန်း၊ ကုန်းမြင့်များကို လှေကားထစ်စနစ် အသုံးပြု၍ တိုးချဲ့စိုက်ပျိုးရန် မှာကြားခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တက်ရောက်ခဲ့ပါတယ်။ အဲဒီတုန်းက ဝန်ကြီးချုပ်ဟာ ချင်းပြည်နယ်ခရီးစဉ်မှာ ဒါကတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးတစ်ပါး လိုက်ပါဖို့ အစီအစဉ်ရှိတဲ့အတွက် ကျွန်တော်ကို ချင်းပြည်နယ်ပညာရေးမှူးကနေတစ်ဆင့် ဧည့်ကြိုတာဝန်ပေးတဲ့အတွက် ဒီနေရာကို တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ထို့ကြောင့် တောင်သူများ မိသားစုဘဝဖူလုံမှုရှိရန် တည်ထွင်ဆန်းသစ်မှု၊ လေ့လာဆန်းသစ်မှု၊ တိုးတက်မြင့်မားချင်သောစိတ်ဓာတ်ရှိဖို့ လိုအပ်မည်ဟု အားပေးတိုက်တွန်းပြောကြားခဲ့ပါတယ်။ ယခင်ကာလများတွင် သမရိုးကျရွှေ့ပြောင်းတောင်ယာအဖြစ် နှစ်စဉ် သစ်ခုတ်၊ ဝါးခုတ် မီရှိုး ဖလာ အသက်မွေးမှုဖြင့် အခြေတည်နေထိုင်ခဲ့ကြပါတယ်။

သမ္မတကြီးရဲ့ လမ်းညွှန်မှုဖြင့် ၎င်းဒေသတစ်ဝိုက်ရှိ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ယနေ့ စပါးစိုက်တောင်သူများနဲ့ ခြံစိုက်တောင်သူများ လူမှုဘဝပြောင်းလဲစေနိုင်သော ဆောင်းပါးတစ်ခုကို ဥပမာအနေဖြင့် တင်ပြရရင် ထိုင်းနိုင်ငံမှ မျိုးစေ့ယူ စိုက်ပျိုးသည့် ကြယ်ပဲ( စတားဆန်ချီ အင်ချီ) စိုက်ပျိုးခြင်းကို မြန်မာနိုင်ငံတွင် စတင်စမ်းသပ်စိုက်ပျိုးလျက်ရှိနေပါတယ်။ ထို ပဲဟာ (၁)ဧကလျှင် ငွေကျပ် သိန်း(၅၀)မှ သိန်း(၇၀) ရရှိနိုင်ပြီး နေရာတိုင်းမှာ စိုက်ပျိုး၍ မရဘဲ အပူချိန် (၉၀)ဒီဂရီဖာရင်ဟိုက် အောက်ရှိဒေသများ၌သာ စိုက်ပျိုးနိုင်သည့်အတွက် ထိုရာသီဥတုမျိုးရှိသော ဒေသများမှ တောင်သူများအတွက် ဝမ်းသာစရာသတင်းကောင်း တစ်ခုပင်ဖြစ်ပါတယ်။ ပို၍ဝမ်းသာစရာကောင်းသည်မှာ ဘိန်းအစားထိုးသီးနှံအဖြစ် စီးပွားဖြစ်စိုက်ပျိုးနိုင်ပြီး အန္တရာယ်ကင်းသော နှစ်ရှည်သီးနှံအဖြစ် စီးပွားဖြစ်စိုက်ပျိုးနိုင်မည့် အလားအလာကောင်း တစ်ရပ်ရပ်တည်နိုင်မယ်ဟု သုံးသပ်ပါတယ်။ ၎င်းကြယ်ပဲမျိုးကို တောင်အာဖရိက ပီရူးနိုင်ငံ အမေဇုန်က ရရှိတဲ့ နွယ်ပင်အမျိုးအစားဖြစ်ပြီး အရွက်၊ အညွန့်၊ အသီး၊ အစေ့ကိုပါ ပုံစံအမျိုးမျိုးနဲ့ စားသုံးနိုင်တဲ့ ပဲတစ်မျိုးဖြစ်ပါတယ်။

ရေဝပ်ဒေသနဲ့ ရေမရရှိတဲ့ ဒေသမှာ စိုက်ပျိုးလို့မရပါဘူး။ တစ်ချိန်စိုက်ပြီးတာနဲ့ (၃၅)နှစ်ကနေ နှစ်(၅၀)ကြား ရှင်သန်တဲ့အတွက် နှစ်ရှည်စီးပွားဖြစ် အပင်ဖြစ်တဲ့အပြင် တစ်နှစ်ကို (၃)ကြိမ် အသီးခူးရပါတယ်။ ဝင်ငွေရတဲ့ အသီးဈေးကွက် အထူးရှာစရာမလိုတဲ့ ပဲမျိုးဖြစ်တဲ့အတွက် မြန်မာရေမြေတောတောင် တောင်ပေါ်ဒေသနဲ့ ကိုက်ညီသော စီးပွားဖြစ်သီးနှံအဖြစ် စမ်းသပ်စိုက်ပျိုးရန် သင့်လျော်မယ်လို့ သုံးသပ်မိပါတယ်။ အဆိုပါ ကြယ်ပဲကို ယခုအခါ ကချင်ပြည်နယ်၊ မြစ်ကြီးနားတွင် ဧက(၁၀၀၀)စမ်းသပ်စိုက်ပျိုးထားပြီး၊ ရှမ်းပြည်နယ်တွင် အောင်ပန်းနဲ့ အေးသာယာ၊ ကရင်ပြည်နယ်တွင် မြဝတီနဲ့ ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်များတွင် စိုက်ကွက်(၃)ဧက စိုက်ပျိုးအောင်မြင်လျက် ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ သာစည်မှ ရွှေညောင်ရထားလမ်းဘေးရှိ လွန်းထိုးဘူတာ၊ အထက်လယ်ပျောက်ဘူတာ အနီးရှိ လယ်ပျက်ကျေးရွာ၊ ခွေးရုပ်ကျေးရွာတို့တွင်လည်း စမ်းသပ်လျက်ရှိကာ ခြံစိုက်တောင်သူများ မျက်စိကျသော ပဲတစ်မျိုးအဖြစ် စောင့်ကြည့်လေ့လာ နေသော အချိန်ဖြစ်ပါတယ်။

ကချင်ပြည်နယ်တွင် ကြယ်ပဲကို ယမန့်နှစ်တွင် စတင်စိုက်ပျိုးခဲ့၍ ယခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ်စတင် စွတ်ခူးနေပြီဖြစ်ပါ၍ ကြယ်ပဲများကို အများဆုံး စမ်းသပ်စိုက်ပျိုးသော ဒေသလည်းဖြစ်ပါတယ်။ ဘဝကို အေးချမ်းစွာ နေထိုင်စိုက်ပျိုးလိုသော တောင်သူတို့အတွက် တစ်ဧကလျှင် အပင်(၅၀၀)တွင် ငွေကျပ် သိန်း(၂၀)ကျော် ဝင်ငွေရှိသော ကြယ်ပဲကို စိုက်ပျိုးသင့်ပါကြောင်း တစ်ဧကလျှင် တစ်နှစ် ရွှေ(၁၀)ကျပ်သား ရရှိနိုင်သော သီးနှံဖြစ်ပါတယ်။ ချောင်းပိတ်၊ မြောင်းပိတ်ဆို့ပြီး ရေသွယ်မြောင်းသွယ်သော စနစ်မှ အသေးစားဆည်ရေသောက်ဖြစ်လာနိုင်အောင် တည်ဆောက်ဖို့ ဝိုင်းဝန်းကူညီ ပံ့ပိုးဖြည့်ဆည်းပေးပါက ရေမှန်မှန်၊ သဘာဝမြေသြဇာမှန်မှန်၊ ရာသီမရွေးစိုက်ပျိုးနိုင်မည် ဖြစ်ပါတယ်။ ဒေသရဲ့ ရေ၊ မြေနဲ့ ကိုက်ညီသော သီးနှံများကို စမ်းသပ်သင့်သော လေ့လာမှုတစ်ရပ်လိုအပ်နေသော အချိန်လည်း ကျရောက်နေပြီ ဖြစ်ပါပြီ၊

၂၀၁၁ ခုနှစ်တွင် ကုမ္ပဏီတစ်ခုဝင်ရောက်လုပ်ကိုင်ခဲ့တဲ့အတွက် တစ်ပိုင်တစ်နိုင် လုပ်ကိုင်မှုရပ်ဆိုင်းပြီး ဒေသရဲ့ ယခင်လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခဲ့ကာ စပါးစိုက်ခြင်း၊ ငှက်ပျောစိုက်ခြင်း၊ သံပုရာစိုက်ခြင်းစတဲ့ လုပ်ငန်းတွေထက် ကောင်းမွန်သော ဝင်ငွေကောင်းတဲ့ စိုက်ပျိုးမှုကို မျှော်လင့်နေချိန်

တွင် ကုမ္ပဏီက ပြန်ယူသော စျေးကောင်းတဲ့ ကြယ်ပဲစိုက်ပျိုးမှုကို စတင်တွေ့ရှိပြီး စမ်းသပ်စိုက်ပျိုးလာခြင်း ဖြစ်သည်ကို သိရှိရပါတယ်။ ကြယ်ပဲစိုက်ပျိုးခြင်းဟာ မြေဆီ၊ မြေနှစ်ကောင်းမွန်သော မြန်မာနိုင်ငံနဲ့ အဆင်ပြေသင့်လျော်မည်ဟု သုံးသပ်ပါတယ်။ တောင်ပေါ်ဒေသ စိမ့်စမ်းရေ၊ ချောင်းနီးသော နေရာတို့တွင် တစ်ကီလိုလျှင် ငွေကျပ် (၁၂၀၀)ရသော ကြယ်ပဲကို စိုက်ပျိုးနိုင်ကာ တစ်လိုင်းနှင့်တစ်လိုင်း (၉)ပေကြားတွင် စိုက်ပျိုးနိုင်ပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဦးဟာရှိန်းဘွေ ရဲ့ မြန်မာနိုင်ငံမှာ ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာ ဖော်ထုတ်နေတဲ့ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်မယ့် ဒေသများနဲ့ ချောင်း၊ မြောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်သော ဒေသများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦး နိန်းခင်းပေါင် မှ လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၆။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ မြန်မာနိုင်ငံမှာ ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ပြည်နယ်များမှာ ဖော်ထုတ်နေတဲ့ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်မှု ရရှိနိုင်မည့် ဒေသများနဲ့ ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးပြီးတော့ ကျွန်တော့်ဒေသနဲ့ ယှဉ်ပြီးတော့ ကျွန်တော်ထောက်ခံသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး ဒီခေါင်းစဉ်ကို ဖတ်ကြည့်လိုက်တဲ့ အချိန်မှာ ကျွန်တော်တို့ ပြည်နယ်လို့ သုံးထားပါတယ်။ အဲဒီ့အပေါ်မှာတော့ မြန်မာနိုင်ငံ ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ ပြည်နယ်တွင် မဟုတ်ပါဘူး။ ကျွန်တော်တို့ တိုင်းတွေမှာလည်း အများကြီး ရှိပါတယ်။ ရှိတဲ့အတွက် ကျွန်တော်တို့ဒေသလို့ သုံးရင်တော့ ပြည်နယ်တွေရော၊ တိုင်းတွေရော အားလုံး အကျုံးဝင်မှာ ဖြစ်ပါတယ်။ ဥပမာ စစ်ကိုင်းတိုင်းမှာဆိုရင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမှာ မပါတဲ့ ကျွန်တော်တို့ ခန္တီးခရိုင်၊ ပြီးရင် ကျွန်တော်တို့ ဖောင်းပြင်ခရိုင်၊ ကလေးခရိုင် ဒီဒေသတွေမှာလည်း တောင်ကုန်းတောင်တန်းတွေ အများအပြားရှိနေပါတယ်။ ထိုနည်းအတူ မန္တလေးတိုင်းမှာလည်း ရှိနေပါတယ်။ ပြီးရင်

အခြား ပဲခူးတိုင်းတို့ ဘာတို့မှာလည်း ရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ အချက်ကလေးကို ကျွန်တော်တို့ အဆိုရှင်က ပြန်လည်စဉ်းစားပေးဖို့ ကျွန်တော်အကြံပြုတင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အဲဒီလို ပြင်ပေးမယ်ဆိုရင်တော့ အများကြီးကောင်းပါတယ်။ မပြင်ဘူးဆိုရင်တော့ ကျွန်တော်တို့ အခြေခံဥပဒေ ဇယား(၂)စိုက်ပျိုးရေးနဲ့ ဖွံ့ဖြိုးရေးကဏ္ဍ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ၊ အပိုဒ်(င)မှာ တိုင်းနဲ့ ပြည်နယ်တွေ လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်တဲ့ အတွက် အဲဒါလေးနဲ့ နည်းနည်း တစ်မျိုးဖြစ်နေမလားလို့ ကျွန်တော်စဉ်းစားမိပါတယ်။ ဒါကြောင့် အကြံပြုတင်ပြရခြင်း ဖြစ်ပါတယ်။

ဖော်ထုတ်နေတဲ့ ကုန်းမြင့်လယ်ယာတွေ၊ လှေကားထစ်လယ်ယာတွေ ရေသွယ်တဲ့လုပ်ငန်း ချောင်းပိတ်ပြီးတော့မှ ဆည်များကို စနစ်တကျလေ့လာပြီးတော့မှ ကျွမ်းကျင်ပညာရှင်များနဲ့ ကွင်းဆင်းပြီးမှ အကောင်အထည်ဖော်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုတော့ ကျွန်တော်ထောက်ခံပါတယ်။ အဲဒီလို ထောက်ခံရတာလည်း ကျွန်တော်တို့ ဒေသနဲ့ ယှဉ်ပြီးတော့ ကျွန်တော်ထောက်ခံမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသမှာဆိုရင် စတုရန်းမိုင်ပေါင်း (၅၁၆၈.၂၀၇)ရှိပါတယ်။ ဧကနဲ့ဆိုရင် (၃၃)သိန်းကျော် ရှိပါတယ်။ လဟယ်မြို့နယ်မှာဆိုရင် (၉)သိန်းကျော်၊ လေရှီးမြို့နယ်မှာဆိုရင် (၆)သိန်းကျော်၊ နန်းယွန်းမှာဆိုရင် (၁၆)သိန်းကျော်ရှိပါတယ်။ စိုက်ပျိုးမြေဟာကျရင် ကျွန်တော်တို့ (၂၀၀၀၀)ကျော်၊ ပြီးရင် လဟယ်ဆိုရင် (၂၀၀၀၀)ကျော်ရှိတယ်။ ကျွန်တော်တို့ လေရှီးမှာဆိုရင် (၈၀၀၀)ကျော်ရှိတယ်။ ပြီးရင် နန်းယွန်းမြို့နယ်မှာဆိုရင် ကျွန်တော်တို့ (၂၃၇၂၉)ရှိပါတယ်။ မိုးရေချိန်လက်မ အနေနဲ့ (၁)နှစ်ကို ပျမ်းမျှ လဟယ်မှာဆိုရင် (၇၈.၃၁)လက်မ ရှိပါတယ်။ လေရှီးမှာဆိုရင် (၅၁.၉၃)ရှိပါတယ်။ နန်းယွန်း မှာဆိုရင် (၉၉.၉၄)ဖြစ်ပါတယ်။ တစ်နှစ်နဲ့ တစ်နှစ်မိုးရွာသွန်းမှုကတော့ ကွာခြားနိုင်ဖို့ ရှိပါတယ်။ ကျွန်တော်တို့ စပါးစိုက်တာကတော့ ဧက(၇၀၉၅) ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ထူးခြားတာကတော့ ကျန် တဲ့ဒေသနဲ့ မတူတာကတော့ ကျွန်တော်တို့ ပြောင်းကို ဧက(၂၆၀၀၀)ကျော် ကျွန်တော်တို့ စိုက်တာတွေ့ရတယ်။ တစ်ချို့ဒေသတွေမှာ ကျွန်တော်တို့ နယ်ဆင်းသွားတဲ့ အချိန်မှာ ထမင်းမစားဘဲနဲ့ ပြောင်းဆံထောင်းပြီး စားနေတဲ့ ရွာတွေ ရှိသေးတယ်။ အခုကျွန်တော်ကိုယ်တိုင် မျက်မြင်တွေ့ခဲ့တယ်။ ဒီတစ်ပတ် ကျွန်တော်ခွင့်ယူပြီးပြန်သွားတယ်။ နယ်တွေကို ဆင်းတယ်။ လဟယ်နယ်ကို ကျွန်တော်ဆင်းပါတယ်။ နန်းယွန်းနယ်ထဲ့က ဒုံးဟင်းမြို့နယ်ခွဲကို ကျွန်တော်ဆင်းပါတယ်။ လဟယ်နယ်ထဲက ထန်ပါကူမြို့နယ်ခွဲကို ဆင်းပါတယ်။ ဒီလိုဆင်းတဲ့ အချိန်မှာ အရင်တုန်းကတော့ ခြေလျှင်လျှောက်ပြီး သွားရတယ်။ ဒီနေ့၊ ဒီအချိန်မှာ ဒီအစိုးရလက်ထက်မှာ ဆိုင်ကယ်နဲ့ သွားလို့ရတယ်။ ကျွန်တော်အားလုံးကို ဆိုင်ကယ်နဲ့ ပတ်တယ်။ အားလုံးဆိုရင် (၁၄)ရက် ကျွန်တော်ဆိုင်ကယ်စီးပြီးတော့မှ ပတ်တာပါ။ တစ်နေကုန်စီးရတာပါ။ ရွာတွေကို ဝင်တဲ့ အချိန်မှာ နားရပါတယ်။ ကျွန်တော်ကိုယ်တိုင်စီးပြီးတော့မှ ပတ်တာပါ။ ကျွန်တော်တို့ သွားတဲ့ အချိန်မှာ တင်ပြတဲ့အထဲမှာ ဘာတွေတွေ့ရသလဲဆိုရင် ကျွန်တော်တို့ လယ်လုပ်ဖို့ ရေသွယ်ယူဖို့ တောင်းတဲ့အထဲမှာ ရှားရှားပါးပါး ကျွန်တော်တို့ ရေပိုက်တောင်းတာကို တွေ့ရတယ်။ ရေပိုက်က သူတို့မြောင်းတူးပြီး သွယ်လို့မရလို့မိုလို့ ကမ်းပါးခံနေလို့မိုလို့ (၆)လက်မရေပိုက်ပေးပါဆိုတာ ထူးထူးခြားခြားတင်ပြတာ တွေ့ရတယ်။

နောက်ပြီးတော့မှ ကျွန်တော်တို့ ဒီလိုဆင်းတဲ့အချိန်မှာ လေ့လာပြီး တွေ့ရတာတော့ လယ်လုပ်လို့ရတဲ့ နေရာတွေ ရှိသေးတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရတယ်။ ကျွန်တော်တို့ လဟယ်မှာဆိုရင် တိုက်ရုံဒေသ၊ လယ်ဧက(၅၀၀)လောက် ကျွန်တော်တို့ ဖော်ထုတ်လို့ရပါတယ်။ အဲဒီလိုဖော်ထုတ်လို့ရတဲ့အတွက်

ကျွန်တော်တို့ အဲဒီ့ အနီးအနားမှာရှိတဲ့ ရွာ(၂)ရွာကိုတော့ ကျွန်တော်တို့ အဲဒီဘေးမှာ ဆင်းလာပါ၊ ကျွန်တော်တို့ စာသင်ကျောင်းဆောက်ပေးမယ်။ ပြီးရင် ဘုန်းကြီးကျောင်းတွေ ရွှေ့ပေးမယ်၊ ဘုရားကျောင်းတွေ ရွှေ့ပေးမယ်။ ပြီးရင် ရေရအောင် လုပ်ပေးမယ်၊ မီးရအောင် လုပ်ပေးမယ်၊ ဒါမျိုးတွေ ကျွန်တော်တို့ ပြောပြီးတော့မှ လယ်ကိုပဲ လုပ်ဖို့၊ ကျွန်တော်တို့ ရွှေ့ပြောင်းလယ်ယာကို မလုပ်ဖို့၊ လယ်လုပ်ရင် ကျွန်တော်တို့က ဒီဟာကိုပဲ ကျွန်တော်တို့ အခြေချပြီးတော့မှ နှစ်စဉ် နှစ်စဉ် ဒီနေရာမှာပဲလုပ်၊ ဒီနေရာမှာပဲ စိုက်ပြီးတော့မှ ကျွန်တော်တို့ စားလို့ရတယ်။ ရွှေ့ပြောင်းလယ်ယာဆိုတာတော့ ဒီနှစ်တစ်နေရာစိုက်မယ်၊ နောက်နှစ်တစ်နေရာ ပြောင်းစိုက်မယ်၊ နောက်နှစ်ကျရင်လည်း တစ်နေရာပြောင်းစိုက်မယ်။ အနည်းဆုံး ကျွန်တော်တို့ ရွှေ့ပြောင်းတောင်ယာဆိုတာ (၁၀)နှစ်တစ်ကြိမ်လောက် ကျွန်တော်တို့ ပတ်ပါတယ်။

မြေမရှိတဲ့ ရွာတွေဆိုရင်တော့ ကျွန်တော်တို့ (၇)နှစ်လောက်ဆိုရင် ခုတ်ပါတယ်။ အခု ကျွန်တော်ပတ်ခဲ့တဲ့ရွာတွေဆိုရင် နန်းယွန်းဒေသမှာဆိုရင် ကျူရန်းဒေသရှိတယ်။ အဲဒီ ကျူယန်းဒေသမှာလည်း ကျွန်တော်ဒီလိုပဲတွေ့ရတယ်။ ကျွန်တော်တို့ စပါးစိုက်လို့မရဘူး၊ ပြောင်းစိုက်နေတာတွေ့တယ်။ တစ်ချို့နေရာတွေမှာဆိုရင် စိတ်မကောင်းဖြစ်တယ်။ ကျွန်တော်ဘာသွားတွေ့သလဲဆိုတော့ ကျွန်တော်တို့ မျက်စိရှေ့တစ်မြင်မှာပဲ ကျွန်တော်တို့ ဘိန်းစိုက်ထားတာတွေ့ရတယ်။ ဘိန်းစိုက်တာ ဘာလို့စိုက်လဲ ဆိုတော့ သူတို့က ကျန်တာဘာပင်မှ စိုက်လို့မရဘူး။ ဒီအပင်ပဲစိုက်တယ်။ နောက်ပြီးတော့ စိုက်တာလည်း သူတို့အတွက် စီးပွားမဖြစ်ဘူး။ ဒီစပါးတို့၊ ပြောင်းတို့နဲ့ လဲစားတဲ့ အခြေအနေမျိုး၊ ဒီအခြေအနေမျိုးတွေ ကျွန်တော်တို့ အများကြီးလေ့လာတွေ့ရှိရတယ်။ နန်းယွန်းကနေ ကျွန်တော်တို့ ပြန်ခေါက်လာပြီး ကျွန်တော်တို့ လဟယ်နယ်ကို ပတ်ပါတယ်။ လဟယ်နယ် ကျွန်တော်တို့ ယန်းကျုံးဒေသကို ကျွန်တော်တို့ ပတ်ပါတယ်။ ယန်းကျုံးဒေသမှာ ဒီလိုပဲ စပါးထောင်းပြီးစားနေတာတွေ့တယ်။ နောက်ပြီး ထူးခြားတာ တစ်ခုက ကျွန်တော်တို့ ဘာတွေ့ရသလဲဆိုရင် ကျွန်တော်တို့ရွာတစ်ရွာမီးလောင်သွားတယ်။ ရွာတစ်ရွာမှာ အိမ်(၈)လုံး မီးလောင်တယ်။ ကျွန်တော်တို့က ကျူယန်းမှာရောက်တယ်။ ရောက်တဲ့ရွာကနေပြီးတော့မှ ကျွန်တော်တို့ ချောင်းခြားပြီးတော့မှ ဟိုဘက်ကို နေ့ဝက်လောက် ဆိုင်ကယ်စီးရတဲ့ ရွာကိုရောက်တယ်။

ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ မီးကတော့လောင်သွားပြီ။ လောင်သွားတော့ သူတို့ စားစရာမရှိမှာဆိုးလို့ ကျွန်တော်တို့ ဆန်ဝယ်ပေးမယ်လို့ပြောတော့ ဆန်ဝယ်စရာမရှိပါဘူး။ ဆန်ဝယ်စရာ မရှိတော့ ကျွန်တော်တို့ ပြောင်းဖူးဆန်ဝယ်ဖို့ဆိုပြီးတော့ အဲဒီရွာရဲ့ အကြီးအကဲကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းနဲ့ ကျွန်တော်နဲ့ ကျွန်တော်တို့ပါတီအနေနဲ့ ကျွန်တော်(၃)သိန်းကူညီခဲ့တာရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ဒေသရဲ့ ထူးခြားတဲ့ဖြစ်စဉ်တွေပါ။ လက်တွေ့ကျကျဆင်းပြီးတော့မှ ကျွန်တော်တို့ဒေသကိုလေ့လာပါ။ လေ့လာပြီးတော့မှ ကျွန်တော် လုပ်သင့်လုပ်ထိုက်တာတွေကို ကျွန်တော်တို့ လုပ်ပေးပါ။ အဲဒီလို လုပ်တဲ့နေရာမှာလည်း ကျွန်တော်တို့ စနစ်တကျပေါ့၊ ဒီအဆိုရှင်ရဲ့ ဆွေးနွေးချက်ထဲမှာလည်း ပါပါတယ်။ စနစ်တကျ ကျွန်တော်တို့ ဆန်းစစ်ပြီးမှ လုပ်ပေးပါဆိုတဲ့ အဆိုမျိုး ဖြစ်ပါတယ်။

အဲလိုဖြစ်တဲ့အတွက် ကျွန်တော်က ထောက်ခံရခြင်း ဖြစ်ပါတယ်။ နောက်ပြီးတော့မှ ကျွန်တော်တို့ ဒီဆည်တွေကို လုပ်ရင် အသေးစားတွေ တည်ဆောက်နိုင်မယ်ဆိုရင် ကျွန်တော်တို့က ဒီရေက လယ်အတွက်တင်မကဘူး။ ကျွန်တော်တို့ ဘေးမှာ နီးတဲ့ရွာတွေအတွက် အသေးစားရေအားလျှပ်စစ်တွေပါ ကျွန်တော်တို့ထုတ်ပြီးတော့မှ ကျွန်တော်တို့ ဘေးပတ်ဝန်းကျင်ရွာတွေပေးလို့ရပါတယ်။

ဒါကြောင့်မိုလို့ အဲဒီအဆိုကို ကျွန်တော် အလေးအနက်ထောက်ခံတာပါ။ နောက်ပြီးတော့မှ ကျွန်တော်တို့ အခု ကျွန်တော်တို့ကတော့ ကျွန်တော်တို့မြင်တဲ့ဟာကိုပဲ ကျွန်တော်တို့ ချောင်းရှိတယ်၊ ဆည်ပိတ်လို့ရမယ်၊ ဒီလို ပဲပြောလို့ရမယ်။ ကျွန်တော်က ပညာရှင်မဟုတ်ဘူး။ ကျွန်တော်တို့က ပြည်သူကရွေးထားတဲ့ ပြည်သူ့ ကိုယ်စားလှယ်ဖြစ်တယ်။ ပြည်သူတွေဘဝမှာ ကျွန်တော်တို့ တွေ့နေတာတွေကို ကျွန်တော်တို့ တင်ပြနိုင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလိုပါပဲ ပထမဆုံး အဲဒီဒေသတွေကို မသွားခင် ကျွန်တော် ဒီငြိမ်းချမ်းရေး ကိစ္စနဲ့ ငြိမ်းချမ်းရေးအဖွဲ့နေတဲ့ တံခါးဒေသကို သွားပါတယ်။ တံခါးဒေသကို သွားတော့လည်း အဲလိုပါပဲ၊ ကျွန်တော်တို့ တင်ပြတာ (၃)ချက်ရှိပါတယ်။

ပထမတစ်ချက်က သူတို့က ဒီဆက်သွယ်ရေးစနစ်မိုဘိုင်းတိုင် ထောင်ပေးဖို့ပြောတယ်၊ ဒုတိယ အချက်က ကျွန်တော်တို့ ဒီဆည်ပေါ့၊ သူတို့စီမှာ ချောင်းတွေရှိတယ်၊ စိုက်ခင်းလည်းလုပ်မယ်ဆိုရင်တော့ အများကြီးရနိုင်တယ်၊ အဲဒီဘက်ဒေသက မြေပြန့်ရှိတယ်လို့ ကျွန်တော်တို့ ပြောလို့ရတယ်။ အဲဒီဒေသတွေကိုလည်း ကျွန်တော်တို့ လေ့လာစေချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီနေ့ဒီအချိန်မှာ အဲဒီဘက်ဒေသကိုလည်း ကျွန်တော်တို့ နိုင်ငံတော်ကနေပြီးတော့မှ အရင်တုန်းက ကျွန်တော်တို့ စက်လှေနဲ့ပဲသွားလို့ရတယ်။ ကျွန်တော်ပြောဖူးပါတယ်။ ဒီလွှတ်တော်ထဲမှာပဲ ကျွန်တော်စက်လှေစီးရတယ်၊ ပထမတစ်ဆင့်စီးတယ်၊ ပြီးရင် လမ်းလျှောက်တယ်၊ ပြီးရင် စက်လှေပြန်စီးရတယ်၊ ပြီးရင် လမ်းလျှောက်တယ်၊ ပြီးရင် စက်လှေပြန်စီးရတယ်၊ အဲဒါပြီးရင် ရွာရောက်တယ်၊ ရွာကနေမှ အဲဒီရွာကမှတစ်ဆင့် ကျွန်တော်တို့ စက်လှေပြောင်းစီးပြီးတော့မှ သူတို့ဆီကို ကျွန်တော်တို့ရောက်တာ၊ အနေအထားမျိုး ကျွန်တော်ပြောပြပါတယ်။

ဒီနေ့ဒီအချိန်မှာတော့ ကျွန်တော်တို့လမ်းဖောက်နေပါပြီ။ လမ်းပေါက်တော့မှာပါ။ ကျွန်တော်တို့ ဒီ လမ်းဖောက်တာကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းကနေပြီးတော့မှ ဦးစီးပြီးတော့မှ ဖောက်နေတာပါတယ်။ ဒီလမ်းက ဒီနှစ်အတွင်းမှာ ကျွန်တော်တို့ပေါက်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့သွားတဲ့အချိန်မှာလည်း ကျွန်တော်တို့ အားချင်းဖောက်နေပါတယ်။ ဒီဘက်ကလည်းဖောက်တယ်၊ ဟိုဘက်ကလည်း ဖောက်တယ်။ ဒီလိုလမ်းပေါက်သွားမယ်ဆိုရင်တော့ အဲဒီဒေသကိုလည်း ကျွန်တော်တို့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ ဒီ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ လုပ်ပေးနိုင်တယ်လို့ ယူဆပါတယ်။ ဒီလိုဆည်တွေပိတ်ပေးမယ်။ ရေတွေသွယ်ပြီးတော့မှ လုပ်ပေးမယ်။ ဒါလည်းတစ်နည်းပေါ့ခင်ဗျ။ နောက်တစ်နည်းက ခုန ဦးဆလိုင်းခွဲယန်တင်ပြသွားတဲ့ ကျွန်တော်တို့ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ၊ ဒါတွေကိုလည်း လုပ်ပေးဖို့လိုတယ်။ ဘာလို့လိုတာလဲဆိုရင် ကျွန်တော်တို့ဒေသတွေမှာ တစ်ချို့နေရာတွေမှာ စပါးလုံးဝစိုက်လို့မရပါဘူး၊ စပါးစိုက်လို့မရဘူး၊ ပြောင်းပဲစိုက်လို့ရတယ်။ ပြီးရင် လူး စိုက်လို့ရတယ်၊ ပြီးရင် ဆပ် စိုက်လို့ရတယ်၊ ပြီးရင် ပဲတစ်ချို့ စိုက်လို့ရတယ်၊ ပြီးရင် နှစ်ရှည်သီးနှံကတော့ ကျွန်တော်တို့ စိုက်လို့ရတဲ့သီးနှံတွေကတော့ နည်းပါတယ်၊ ကျွန်တော်တို့ စိုက်လို့ရတာ ဘာတွေရှိလဲဆိုရင် ကျွန်တော်တို့ဒေသမှာ စိုက်လို့ရတာ မြေနည်းနည်းပြန့်ရင် ကျွန်တော်တို့ နှမ်းတို့၊ မြေပဲတို့၊ နေကြာတို့ လူးတို့ စိုက်လို့ရတယ်။

တောင်ပေါ်ဒေသတွေမှာဆိုရင်တော့ ပိန်းဥတို့၊ မျောက်ဥတို့ ဒါမျိုးတွေ စိုက်လို့ရတယ်၊ အဲဒါက ကျွန်တော်တို့ စားလဲစားလို့ရတယ်၊ ရောင်းလည်းရောင်းလို့ရတယ်၊ ပြီးရင်တော့ နှစ်ရှည်သီးနှံအနေနဲ့တော့ ကျွန်တော်တို့ ကော်ဖီတို့၊ လက်ဖက်တို့ စိုက်တယ်၊ ပြီးရင် ငရုတ်ကောင်းတို့ အနည်းစုစိုက်တယ်။ ရာဘာလည်း အနည်းအကျဉ်းစိုက်တယ်၊ မက်မန်းတို့လိမ္မော်တို့ လည်းစိုက်တယ်၊ မက်မန်းတို့၊ လိမ္မော်တို့

က ဘယ်မှာသွားဖြစ်လဲဆိုတော့ ကျွန်တော်တို့ လရှီးဒေသမှာ သွားဖြစ်တယ်။ လရှီးကတော့ ကျွန်တော်တို့ အရင်တည်းက ပညာတတ်တွေပေါတယ်၊ အတွေ့အကြုံရှိတဲ့လူတွေများတယ်၊ သူတို့ဒေသ မှာတော့ အားလုံးက လှေကားထစ်လယ်ယာကို ပုံဖော်ထားတယ်။ မြေလွတ်၊ မြေလပ် မရှိသလောက်ပဲ၊ ရှိတဲ့နေရာကို အကုန်လုံးကို သူတို့ကပိုင်ဆိုင်ပြီးသားဖြစ်တယ်၊ ကျွန်တော်တို့ လဟယ်ဒေသနဲ့ နန်းယွန်း ဒေသမှာတော့ မြေလွတ်၊ မြေရိုင်းတွေ အများကြီးကျန်သေးတယ်၊ လုပ်ရမယ့်မြေတွေ အများကြီးရှိသေး တယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ထည့်ပြီးစဉ်းစားချင်ပါတယ်။

နောက်ပြီးတော့မှ လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့အချိန်မှာ ကျွန်တော်တို့က နှစ်ရှည်သီး နှံစိုက်ပျိုးဖို့ဆိုတာ အရင်တုန်းက ကျွန်တော်တို့ ပြောလို့ကို မရတာ။ ကျွန်တော်တို့ နှစ်ရှည်သီးနှံတွေ စိုက်မယ်၊ ဘယ်မှာသွားထမ်းပြီးရောင်းရမလဲ၊ ဒါကျွန်တော်တို့ ပြောရင်လဲ အပြောပဲရှိတယ်၊ ဒီနေ့ ဒီအချိန် မှာတော့ ကျွန်တော်တို့ဒေသတော်တော်များများမှာ ရွာတွေအထိ ကားလမ်းဖောက်ပေးနေပါပြီ။ ကားလမ်း ဖောက်ပေးနေတဲ့အတွက် ဒါတွေကို နှစ်ရှည်သီးနှံတွေကိုလည်း စိုက်ပါလို့ ကျွန်တော်တို့ တိုက်တွန်းထား တာရှိပါတယ်၊ ကျွန်တော်တို့က ကျွမ်းကျင်တဲ့ပညာရှင်မဟုတ်တဲ့အတွက် ဘယ်နေရာမှာ ဘာစိုက်ရမယ်ဆို တာကို ကျွန်တော်တို့မပြောနိုင်ပါဘူး။ ဒီစိုက်ပျိုးရေး ပညာရှင်တွေ၊ ဒီအတွေ့အကြုံရှိတဲ့ပညာရှင်တွေ ဆင်း သွားရင်တော့ ဘယ်နေရာမှာ ဘာစိုက်တယ်လို့ ကျွန်တော်တို့ တိတိကျကျပြောနိုင်မှာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီ ခုနလည်း ကျွန်တော်ရှင်းပြပြီးသွားပါပြီ၊ နန်းယွန်း နယ်ထဲမှာလည်း ရှိပါတယ်။ ကျွန်တော်တို့ နောင်ယန်းအင်းဒေသဆိုရင် ပန်ဆောင်၊ ကျွန်တော် အိန္ဒိယနယ်စပ်ပါ၊ အဲဒီဘက်မှာလည်း ကျွန်တော်တို့ လယ်စိုက်လို့ရပါတယ်၊ လယ်ယာမြေတွေရှိပါတယ်၊ ဖော်ထုတ်ထားပါတယ်၊ နောင်ယန်းအင်းဘေးပတ်လည်မှာ ကျွန်တော်တို့ လယ်ယာမြေလုပ်ကိုင် ပါတယ်၊ အဲဒီဒေသနဲ့ အဲဒီ့က ထွက်တဲ့ စပါးတော့ သူတို့တော့ လုံလောက်တယ်လို့ ပိုလျှံတယ်လို့သိရပါတယ်၊ အဲဒါတွေကိုလည်း ကျွန်တော်တို့ နန်းယွန်းဘက်ဒေသရှိ ယူပြီးတော့မှ သုံးနေတာဖြစ်ပါတယ်၊ လဟယ် နယ်တို့ ကျွန်တော်တို့ ဒီနန်းယွန်းမြို့နယ်ခွဲ၊ ဒုန်ဟီးတို့ဆိုရင်တော့ ဒါတွေက ကျွန်တော်တို့ အခုချိန်ထိ ဝမ်းစာစပါး မလုံလောက်ဘူးလို့ ပြောလို့ရပါတယ်။ နေရာဒေသတော်တော်များများမှာ ကျွန်တော်တို့ ပြောင်းဖူးထောင်းပြီးတော့မှ စားနေတာတွေရှိနေတုန်းပါဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်၊ ဒါကြောင့် မို့လို့ အဆိုရှင်ကလည်း ကျွန်တော်တို့ ဆိုသွားပါတယ်။ အဲဒီ အဆိုရှင်ဆိုတဲ့အပေါ်မှာ ကျွန်တော်ရဲ့ အကြံပြုချက်ကလေးကိုလည်း ထည့်စဉ်းစားပေးပါ၊ သူဆိုသွားတဲ့အတိုင်းပဲ ကျန်တဲ့အကြောင်းအရာ တွေအပေါ်မှာတော့ ကျွန်တော် အလေးအနက်ထောက်ခံပါတယ်လို့ ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၀။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ ဧည့်သည်တော်များ၊ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ကြိုဆို နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ မှ ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ပြည်နယ်များမှာ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်သည့် ဒေသများနှင့် ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့်နေရာများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီအဆိုအပေါ်မှာ အခြေခံပြီးတော့ ကျွန်တော် ကဏ္ဍ(၃)ရပ်ခွဲပြီးတော့မှ ကျွန်တော် ဆွေးနွေးလို ပါတယ်၊ ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျတဲ့ဒေသများဆိုပြီးတော့ ဒီကဏ္ဍတစ်ခုအနေနဲ့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ ရှေးက ကိုယ်စားလှယ်တော်များလည်း ဆွေးနွေးသွားပြီးတဲ့အတိုင်း မိုးနည်း သဘော သဘာဝ အနေအထားလေးတွေကိုလည်း ဆွေးနွေးပြီးတဲ့အတွက်ကြောင့်မိုလို့ ကျွန်တော် အချိန်ကို ငဲ့ညှာသောအားဖြင့် အကျဉ်းရုံးပဲ ကျွန်တော်ဆွေးနွေးပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ဝေးလံခေါင်သီတဲ့အရပ်ဒေသများဆို တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာရှိနေတဲ့ တိုင်းဒေသတွေပြည်နယ်တွေမှာ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့နေရာဒေသတွေမှာ ခေတ်နောက်ကျကျန်ခဲ့တယ်ဆိုတဲ့ အနေအထားတွေဟာ ယေဘုယျ ကျွန်တော်ပြောရမှာဖြစ်ပါတယ်။ သတ်မှတ်ရမှာဖြစ်ပါတယ်။ဒီနေရာမှာ အထူးသဖြင့် ကျွန်တော်တို့ချင်းပြည်နယ်ဆိုလို့ရှိရင် အင်မတန်မှ လမ်းပန်းဆက်သွယ်ရေးခက်ခဲကြမ်းတမ်း ပြီးတော့မှ ဒီဆင်းရဲမှုစံနှုန်းကို ပြန်ကြည့်တဲ့အခါမှာလည်း ဆင်းရဲမှုစံနှုန်းမှာလည်း အမြင့်ဆုံးဖြစ်နေတဲ့ အနေအထား၊ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ဒီကနေ့ဆင်းရဲမှုအမြင့်ဆုံးစံနှုန်းအနေနဲ့ရှေ့က ဦးဆောင် နေတာကိုလည်းပဲ အများက သိရှိနားလည်ပြီးသားဖြစ်ပါတယ်။

ဒါ့အရင် ပြောရလို့ရှိရင်တော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲလွန်းအားကြီးတဲ့ အနေအထား ကြောင့် ဒီကနေ့ဟာ ကျွန်တော်တို့ ဒီကနေ့ ခံစားနေရတဲ့အနေအထားဖြစ်ပါတယ်။ သို့သော် တိုတောင်း လှတဲ့ ကျွန်တော်တို့ရဲ့ အစိုးရသစ်ရဲ့ သက်တမ်းကာလမှာ ဒီကနေ့ လမ်းပန်းဆက်သွယ်ရေးဟာ ရာခိုင်နှုန်း တော်တော်များများ အားဖြည့်ပေးပြီးတော့မှ ဆောင်ရွက်ပေးလာတဲ့ အတွက်ကြောင့်မိုလို့ အနည်းဆုံး ဆိုင်ကယ်နဲ့သွားနိုင်တဲ့ အနေအထားမျိုးရောက်နေပါပြီ၊ အင်မတန်မှ အစိုးရအပေါ်မှာလည်းပဲ ကျေးဇူး တင်ရမှာဖြစ်တဲ့အကြောင်း ကျွန်တော် ရိုးသားစွာ ဖွင့်ပြတင်ပြလိုပါတယ်။

ဒုတိယအချက်အနေနဲ့ ချင်းတောင်ရဲ့ စိုက်ပျိုးရေးလုပ်ငန်းကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော် တို့ချင်းတောင်ဒေသဟာ ခုန ကျွန်တော်တင်ပြသလို လမ်းပန်းဆက်သွယ်ရေးမကောင်းဘူး။ ရှိနေတဲ့ တောတန်း၊တောင်တန်းတွေဟာ လက်ရှိမိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစနစ်နဲ့ ခုတ်လုပ်ထွင်လိုက်ကြတဲ့ အခါ အကုန်လုံး တောတွေလည်း ပြုန်းကုန်ပြီးတော့မှ တောင်တွေဟာ ကတုံးဖြစ်ကုန်ပြီးတော့မှ ဒီနေ့ ဒီအချိန်မှာ အင်မတန်မှ ဆိုးဆိုးဝါးဝါး ဒီရဲ့ အခြေအနေလေးတွေဟာ သဘာဝပေးလာတဲ့အခြေအနေ လေးတွေဟာ ခါးခါးသီးသီး ပြန်ပြီးတော့မှ ခံစားရမလိုဖြစ်နေပါတယ်။ ဒါကြောင့်မို့ ဒီအခြေအနေကိုလည်း ကျွန်တော်တို့ ဒီအချိန်၊ ဒီအခါမှာ အစိုးရနဲ့ ပူးပေါင်းလက်တွဲပြီးတော့မှ ပြန်လည်ပြီးတော့မှ ပြန် ပြုပြင်မယ်ဆိုရင် အချိန်မနှောင်းသေးပါဘူးဆိုတဲ့ အနေအထားကိုလည်းကျွန်တော် ခံစားမိလို့ တင်ပြ တာပါ။ ဒါကြောင့်မိုလို့ ဥပမာဆိုရရင် ရှမ်းပြည်နယ်ဆိုတာဟာ ရှမ်းကုန်းပြင်မြင့်ဆိုပြီးတော့ ရှမ်းတောင်

ပေါ်တက်သွားလို့ရှိရင် ပြင်တွေရှိတယ်၊ လမ်းပန်းဆက်သွယ်ရေးကောင်းတယ်၊ မြေဩဇာ ကောင်းတယ်၊ စသည်ဖြင့်ဖြစ်နေတယ်၊ သို့သော် ကျွန်တော်တို့ ချင်းတောင်မှာကျတော့ ရှမ်းကုန်းပြင်မြင့်လို့ ပြောဖို့ကလည်းခက်၊ ချင်းကုန်းပြင်မြင့်လို့ ပြောဖို့ကလည်းခက်၊ ချင်းကုန်းမြင့်လို့ ပြောရတော့မှာဖြစ်တယ်၊ ဘာမှ အိမ်တွေတောင်မှ ဆောက်စရာမရှိတဲ့ အနေအထား၊ ဒီ အင်မတန်မှ မတ်စောက်တဲ့ တောင်ကြော အနေအထားတွေဖြစ်တဲ့အတွက်ကြောင့်မို့ မြေအနေအထားဟာ အင်မတန်မှ ကြမ်းတမ်းပါ တယ်ဆိုတဲ့ အကြောင်း တင်ပြလိုပါတယ်။

ဒီနေရာမှာ မြေပြန့်ရယ်လို့ ကြည့်မယ်ဆိုရင် ချောင်းကွင်း၊ လွင်ပြင်လေးတွေကလွဲရင် ချင်းတောင်ဒေသမှာ မြေပြန့်အင်မတန်မှ ရှားပါတယ်။ တစ်ချို့ ချောင်းကွင်း၊ လွင်ပြင်မှာကြည့်မယ်ဆိုရင်လည်း တစ်ချို့တစ်ချို့ဒေသတွေမှာဆိုရင် ဒါ အရင်းအနှီးစိုက်နိုင်တဲ့လူတွေက ပုဂ္ဂလိကအနေအထား အရသော်လည်းကောင်း၊ ဒီအဖွဲ့အစည်းအနေနဲ့သော်လည်းကောင်း ဒီစိုက်ပျိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပါပြီ။ သို့သော်လည်းပဲ တစ်ချို့ လမ်းပန်းဆက်သွယ်ရေး လုံးဝမကောင်းသေးတဲ့နေရာတွေမှာ ကျလို့ရှိရင်တော့ တစ်ချို့လည်းကျန်ပါသေးတယ်။ ဒါကြောင့်မိုလို့ ဒီနေရာတွေကို ချောင်းတွေကို ပိတ်ပေးပြီးတော့မှ အသေးစားဆည်လေးတွေ တည်ထောင်ပေးပြီးတော့ ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ လှေကားထစ်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အစိုးရကနေ တာဝန်ယူဆောင်ရွက်ပေးမယ်ဆိုရင် ဒီထက်မက ဒေသဟာ ပိုပြီးတော့မှ ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ဒီလို ယုံကြည်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ငယ်စဉ်က အစိုးရအဆက်ဆက်ရဲ့ ဒီ လမ်းညွှန်မှု စီမံကိန်းလေးတွေကို ကျွန်တော် အနည်းငယ်တင်ပြလိုပါတယ်၊ ကျွန်တော် ကျောင်းသားဘဝမှာ ဒီအစိုးရဌာနက ရောက်လာပြီးတော့ ဒီစိုက်ပျိုးရေးလုပ်ငန်းကို လမ်းညွှန်တဲ့အခါမှာ ပထမဆုံး ဆေးဂန္ဓမာစိုက်ဖို့ဆိုတာ လမ်းညွှန်လာပါတယ်။ ဆေးဂန္ဓမာစိုက်ဖို့ဆိုတဲ့နေရာမှာ အစိုးရကတော့ ချပေးလိုက်ပါရဲ့၊ ဒေသခံပြည်သူတွေက ဆေးဂန္ဓမာဆိုတာ ဘယ်လိုဟာမှန်းလဲမသိဖြစ်တဲ့အခါမှာ ဆေးဂန္ဓမာဆိုတာလဲမစိုက်နိုင်ပါဘူး။ စိုက်ဖို့လဲ ဝါသနာမရှိပါဘူး။ စိုက်လဲ မစိုက်ခဲ့ပါဘူး။ အဲဒီကနေ တစ်ဆက်၊ တစ်ဆက်တည်း ဘာဖြစ်လာလဲဆိုတော့ အဲဒီမှာ ပိုးဇာပင်စိုက်ရမယ် စသည်ဖြင့် နောက်ပြီးတော့ ကော်ဖီစိုက်ပျိုးရမယ် စသည်ဖြင့်၊ ကြက်ဆူစိုက်ပျိုးရေး၊ လက်ဖက်စိုက်ပျိုးရေး ဆိုတဲ့အဆင့်အထိ ဒီကနေ့အထိသွားနေပါတယ်။ သွားနေတဲ့အခါမှာ လက်ဖက်ဆိုလို့ရှိရင် ကျွန်တော်တို့ ချင်းပြည်နယ်မှာ၊ ချင်းပြည်နယ်ဟာ လက်ဖက်ပြည်နယ်ဖြစ်ရမယ်ဆိုတဲ့ ကြွေးကြော်သံ ဆောင်ပုဒ်ထားပြီးတော့မှ ဒီကနေ့ဆောင်ရွက်နေတာဖြစ်ပါတယ်။ သို့သော်လည်းပဲ မိဘပြည်သူဒေသခံ၊ မိဘပြည်သူတိုင်းရင်းသားတွေက အစိုးရဘက်ကနေ၊ ဌာနဘက်ကနေ ဘယ်လောက်ပဲ လမ်းညွှန်ချက်ပေးနေသည့်တိုင်အောင် မိမိတို့ရဲ့ စားဝတ်နေရေး အခြေအနေမပေးတဲ့အခါကျတော့ ဒီလက်ဖက်စိုက်ပျိုးမှုအပိုင်းမှာလည်းပဲ အားမသန်ပဲနဲ့ ထိရောက်ဖို့အကျိုးဟာ နည်းနေတာကို တွေ့ရပါတယ်။ ဆိုတာကတော့ ဒီမိဘပြည်သူတွေဟာ၊ ဒေသခံတွေဟာ ဆင်းရဲနွမ်းပါးတဲ့အတွက်ကြောင့်မိုလို့ သူတို့မှာ အရင်းအနှီး မစိုက်ထုတ်နိုင်တာလည်း ပါတယ်။ နည်းပညာ မသိတာလည်းပါသလို တကယ်လို့စိုက်ပျိုးနိုင်တယ်ဆိုရင်တောင်မှ ကျွန်တော်ကနေပြီးတော့မှ ဈေးကွက်တွေရယ် အင်မတန်မှ လိုအပ်နေတဲ့အပိုင်းတွေ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ဒါတွေ ဒါတွေ အပေါ်မှာ အခြေခံပြီးတော့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ဖြစ်မလာနိုင်ဘူးဆိုတာ ဒီကနေ့ မျက်ဝါးထင်ထင် တွေ့ရတာဖြစ်ပါတယ်။

ဒီနေ့ အဆိုရှင်က တင်ပြထားတဲ့အတိုင်းပါပဲ ဒီကုန်းမြင့်လယ်ယာဖော်ထုတ်ပြီးတော့မှ န-ဝ-တ ခေတ်မှာ ကုန်းမြင့်လယ်ယာတွေကို ဖော်ထုတ်ပေးတယ်။ အစိုးရကလည်း စီစဉ်ဆောင်ရွက်ပေးခဲ့တယ်။ အဲသလို စီစဉ်ဆောင်ရွက်ပေးတဲ့နေရာမှာ အထူးသဖြင့် ရှမ်းမြောက်ကိုးကန့်ဒေသ၊ 'ဝ' ဒေသတွေမှာ အဆင်ပြေတယ်။ အင်မတန်မှ တိုးတက်ထွန်းကားပြီးတော့မှ ကြည်နူးစရာကောင်းပါတယ်။ ခုနလည်း ကိုယ်စားလှယ်တော်ကြီးက နေပြီးတော့မှ ဒီ Slide ထိုးပြီးတော့မှ တင်ပြလိုက်တဲ့အခါမှာ အင်မတန်မှ ကြည်နူးစရာကောင်း၊ သို့သော်လည်းပဲ မိမိတို့၏ ပကတိနယ်မြေဒေသအခြေအနေကို ပြန်ကြည့်တဲ့အခါမှာ ဘယ်ကစလို့ ဘယ်ကိုဆုံးနိုင်အောင် ဒီအဆင့်၊ဒီလိုအနေအထားမျိုးရောက်နိုင်အောင်လို့ ဘယ်လိုလုပ်ကြမလဲ ဆိုတဲ့ ကျွန်တော်တို့ တစ်ဦးကောင်း၊ တစ်ဥာဏ်တည်းနဲ့တော့ ဘယ်လိုမှ မမှီနိုင်တဲ့ အနေအထားပဲ ဖြစ်ပါတယ်။

ဒါကြောင့်မိုလို့ အစိုးရများနဲ့ ပူးပေါင်းလက်တွဲပြီးတော့မှ ဌာနဆိုင်ရာများနဲ့ပူးပေါင်းလက်တွဲပြီးတော့မှ သူတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းအားဖြင့် ဒါ ဘဝတစ်ခုလုံးတိုးတက်သွားအောင် လုပ်ဆောင်နိုင်ကြဖို့ရာအတွက် ဆက်လက်ပြီးတော့မှ အစိုးရပိုင်းကနေပြီးတော့မှ ဝိုင်းဝန်းဦးဆောင် ပံ့ပိုးပေးပါလို့ ကျွန်တော်တင်ပြဆွေးနွေးလိုတာလည်း ဖြစ်ပါတယ်။ ကနေ့အချိန်မှာ ကျွန်တော်တို့ ချင်းပြည်နယ်မှာ နာမည်ရနေတာ 'ဝ' ဥ စိုက်ပျိုးရေးဖြစ်ပါတယ်။ အဲဒီ 'ဝ' ဥ စိုက်ပျိုးရေးဟာ သူများတွေလို ဆယ်စုနှစ်လောက်ကစပြီးတော့မှ သဘာဝပေါက်ပင်ပဲ ဖြစ်ပါတယ်။ လူတွေက ထိဖို့တောင် ကြောက်ရွံ့တဲ့ အနေအထား ယားတတ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီအချိန်ကစပြီးတော့ ဆယ်စုနှစ်နှစ်စု လောက်ကျော်လာတဲ့အထိ ကနေ့စီးပွားဖြစ်နေ၊ နိုင်ငံတော်အဆင့်မှာလည်း နိုင်ငံတော် ဝင်ငွေရအောင် ဖော်ဆောင်နိုင်တဲ့အတိုင်းအတာဖြစ်လာတာကိုတွေ့ရပါတယ်။ ဒါကြောင့်မိုလို့ ဒီ 'ဝ' ဥ စိုက်ပျိုးရေးမှာလည်း ချင်းတောင်မှာ 'ဝ' ဥ ဖြစ်တယ် ဆိုပြီးတော့မှာပဲ 'ဝ' ဥ စိုက်ကြတယ်။

သို့သော်လည်းပဲ ဘယ်နေရာ၊ဘယ်ဒေသမှာဖြစ်ရင် အထူးကောင်းမွန်တယ်ဆိုတဲ့အနေအထားဟာစမ်းသပ်တာ၊ လက်တွေ့တိုင်းတာတာ၊ မရှိပါဘူး၊ အဲဒါကြောင့်မို့လို့ ဒါဟာ ဒီကိစ္စနဲ့ နှီးနွှယ်ပြီးတော့မှ ကျွန်တော်တင်ပြလိုတာက ဒီ 'ဝ' ဥနဲ့ပတ်သက်လာလို့ရှိရင်လဲ ပညာရှင်များအနေနဲ့ ဒီမြေမျက်နှာပြင် အနေအထား၊ အပူပိုင်း၊ အအေးပိုင်း၊ အနိမ့်ပိုင်း၊ အမြင့်ပိုင်း စသည်ဖြင့် ဒါလေးတွေကို စိစစ်တိုင်းတာလေ့လာပြီးတော့မှ ဘယ်နေရာဖြစ်ရင် ဟင်းသီးဟင်းရွက်တွေ စိုက်မယ်။ ဘယ်နေရာမှာဖြစ်ရင် ဝ ဥတွေစိုက်မယ်။ ဘယ်နေရာမှာဖြစ်ရင်တော့ ဘာတွေစိုက်ပျိုးရင်ဖြစ်မယ်ဆိုတဲ့ အနေအထားဟာ အဖြေသတ်သတ်မှတ်မှတ်ပေါ်ပြီးတော့မှ ကျွန်တော်တို့ရဲ့ တောင်ပေါ်ဒေသရဲ့ စိုက်ပျိုးရေးလုပ်ငန်းအကျိုးကို မြှင့်တင်ပေးကြမယ်ဆိုရင်ဖြင့် ကျွန်တော်တို့ဒေသဟာ ဒီထက်မက ပိုပြီးတော့မှ ဒါဟာ တိုးတက်လာပါလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ရပါတယ်။

ဒါကြောင့်မို့လို့ ဒီနံပါတ်(၃)အချက်အနေနဲ့ ခုနအဆိုရှင်ဖော်ပြထားတဲ့အတိုင်းပဲ ချောင်းများပိတ်၍ အသေးစားဆည်များတည်ဆောက်ရန် လိုအပ်ခြင်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော် အနည်းငယ်ဆက်လက်ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဦးတည်ချက်မှာလည်း ဘာဖော်ပြထားလဲဆိုတော့ စိုက်ပျိုးရေးကို ခေတ်မှီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ်၊ ဆောင်ရွက်ပြီးတော့မှ ခေတ်မီစက်မှုနိုင်ငံတော်ကို ထူထောင် မယ်၊ နောက်ပြီးတော့ ပြည်တွင်းပြည်ပအတတ်ပညာနဲ့ အရင်းအနှီးများကို ဖိတ်ခေါ်ပြီးတော့

စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်မယ်ဆိုတဲ့ စီးပွားရေးဦးတည်ချက်တွေပါဝင်လာတာ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ စိုက်ပျိုးရေးဟာ တကယ်လိုအပ်တဲ့ မရှိမဖြစ်လိုအပ်တဲ့ ရေအရင်းအမြစ်ဟာ အင်မတန် မှအရေးကကြီးပါတယ်။ ဒါကြောင့်မိုလို့ အထူးသဖြင့် ကျွန်တော်တို့ဒေသကို အခြေခံပြီးတော့ ဆွေးနွေးရရင် ချောင်းငယ်၊ မြောင်းငယ်တွေကနေ ရေသွယ်ယူရရှိနိုင်ဖို့ရန်အတွက် အသေးစားဆည်တမံများကို နိုင်ငံတော်အစိုးရက တာဝန်ယူပြီးတော့ တည်ဆောက်ပေးဖို့ ဒါလိုအပ်မှာ ဖြစ်ပါတယ်။

ဒါဟာ ဒီဆည်ရေပေါ်မှာ အခြေခံပြီးတော့မှ စိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ငန်း၊ နောက်ပြီးတော့ အဲဒီဆည်ရေကိုပဲ အခြေခံပြီးတော့မှ ရေအားလျှပ်စစ်လုပ်ငန်းတွေ ဖော်ဆောင်ပေးမယ်ဆိုရင် ကျွန်တော်တို့ တောင်ပေါ်ဒေသတွေဟာလည်း ဒီကမြေပြန့်ဒေသမှာ အများနဲ့နည်းတူ ကျွန်တော်တို့လည်း တိုးတက်မှု ရလာလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်ဆွေးနွေးလိုတာကတော့ မြန်မာနိုင်ငံရဲ့ ဝေးလံခေါင်သီတဲ့ အရပ်ဒေသများ အထူးသဖြင့် ချင်းတောင်ဒေသမှာ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာမြေများ ဖော်ဆောင်နိုင်ရန်နှင့် ချောင်းငယ်မြောင်းငယ်များကို ပိတ်ပြီး အသေးစားဆည်တမံများကို တည်ဆောက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး လုပ်ငန်းများ၊ မြှင့်တင်ပေးနေသည်နှင့်အမျှ သစ်တောနှင့်သဘာဝ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာ ရောက်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဆိုရှင်ရဲ့ ပြည်ထောင်စုအစိုးရပေါ်မှာ တိုက်တွန်းတဲ့အဆိုဟာ ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၂။**

**ဥက္ကဋ္ဌ။** ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၂။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုကို မဆွေးနွေးခင်မှာ အဆိုရဲ့ စာသားကို အနည်းငယ် ပြင်ဆင်အဆိုပြု တင်ပြလိုပါတယ်။ ခုနက ဦးမြတ်ကို ကလည်း ပြင်ဆင်သွားပါတယ်။ ဒါထက် ကျွန်တော်က ပိုမိုပြည့်စုံဖို့အတွက် အနည်းငယ် ပြင်ဆင် ဖြည့်စွက်လိုပါတယ်။ ခုန ပြည်နယ်များ နေရာမှာ ဒေသများ ဆိုပြီးတော့မှ ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ အဲဒီနောက်မှာပဲ ဖြစ်နိုင်ချေရှိသောဆိုတဲ့ အသုံးလေး ထပ်မံဖြည့်စွက် လိုပါတယ်။ ဒေသများ ဆိုတဲ့ ပြည်နယ်များဆိုတဲ့နေရာမှာ မြန်မာနိုင်ငံမှာ ပြည်နယ်တွေရော တိုင်းတွေရော ရှိတဲ့အတွက်ကြောင့်မို့လို့ ဒေသများလို့ ပြောင်းလဲပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ ဒေသများလို့ ဆိုပေမယ့်လည်း ဒေသတိုင်းက ဖြစ်နိုင်ချေ မရှိပါဘူး။ ဒါကြောင့်မို့လို့ ဖြစ်နိုင်ချေ ရှိသောဆိုတဲ့ အသုံးလေးကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်က အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ဆိုတဲ့နေရာမှာ ဘယ်လို အကောင်အထည်ဖော်မယ် ဆိုတာကို တိတိကျကျ ဖော်ပြထားခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နှစ်အလိုက် လျာထားချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ဆိုပြီးတော့မှ ပြင်ဆင်

အဆိုပြုလိုပါတယ်။ ဒါကြောင့်မိုလို့ အဆိုကို မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှု နောက်ကျနေသည့် ဒေသများတွင် ဖြစ်နိုင်ချေရှိသော ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်သည့် ဒေသများနှင့်ချောင်းပိတ်၍ အသေးစားဆည်များနှင့် တည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီး နှစ်အလိုက်လျာထားချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြင်ဆင်ချက်နဲ့ ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ အဆိုဟာ ပြည်သူများအတွက် တကယ့်အကျိုးရှိမယ့် လုပ်ငန်းတစ်ရပ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ မြန်မာနိုင်ငံမှာ ချောင်းငယ်မြောင်းငယ်ရေအရင်းအမြစ် ပေါများစွာ တည်ရှိပါတယ်။ ရေအရင်းမြစ်တွေကို အသုံးချပြီး ရေတားတမံငယ်များအဆင့်ဆင့် တည်ဆောက်၍ ရေသွယ်ယူပြီး လယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးနိုင်ခြင်း၊ နှစ်ရှည်ပင်နှင့်ရာသီပန်းမံ သီးနှံများ စိုက်ပျိုးနိုင်ခြင်း၊ ဆောင်ရွက်နိုင်သည့်အပြင် တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်များထုတ်လုပ်နိုင်ခြင်းနှင့် သောက်သုံးရေများ သွယ်ယူရရှိနိုင်သည်အထိ အကျိုးရှိပါတယ်။ ဒ့ါအပြင် ဒီလိုရေအရင်းအမြစ်တွေ ပေါများတဲ့ ချောင်းမြောင်းများကို အသုံးချပြီး ရေသားတမံငယ်များ အဆင့်ဆင့်တည်ဆောက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် မြေဆီလွှာများ တိုက်စားမှုမှ ကာကွယ်ခြင်း၊ ရေအရင်းအမြစ်များ ခမ်းခြောက်မှုကို ကာကွယ်ခြင်း၊ ရေထိန်းတမံများ ရှိခြင်းကြောင့် ဇမ္ဗူတာမျိုးဆက် သစ်တောများစိမ်းလန်းစိုပြည်မှုရှိခြင်း၊ ခရမ်းလွန်ရောင်ခြည် လျှော့ချခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်။

ဒါကြောင့် အဆိုနဲ့ ပတ်သက်ပြီး လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (၂)ခု ပေါင်းစပ်ပြီး နိုင်ငံတော်စီမံကိန်း မူဝါဒတွင် နှစ်စဉ် ထည့်သွင်းရေးဆွဲပြီး ပြည်သူများနဲ့ ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။ ဒီစီမံကိန်းဟာ ပြည်သူ့အကျိုးပြု နိုင်ငံတော်အကျိုးပြု စီမံကိန်းတစ်ရပ်အဖြစ် နှစ်စဉ်လျာထားချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေး တင်ပြလိုပါတယ်။ ပထမဆုံးသောနှစ်မှာ ပညာရှင်များဖြင့် ဖြစ်နိုင်ချေရှိသော ဒေသများကို ကွင်းဆင်းမှတ်သားပြီး နောက်ပိုင်း နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ပညာရှင်များ ကွင်းဆင်းဆောင်ရွက်ချက်အရ ဖြစ်နိုင်ချေရှိတဲ့ ဒေသတွေမှာ လက်တွေ့အကောင်အထည်ဖော်ဖို့အတွက် သက်ဆိုင်ရာ ဒေသသို့ စက်ယန္တရားများဥပမာ ဘတ်ဟိုးတို့ ဒိုဇာတို့ အနည်းဆုံး တစ်စီးစီ ထားရှိပေးမယ်ဆိုရင် နှစ်အလိုက် ဘတ်ဂျက်လျာထားငွေလည်း လျော့နည်းသွားပြီး လုပ်ငန်းများလည်း ပိုမိုတိုးချဲ့နိုင်မယ်လို့ ယူဆကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ ဖြစ်နိုင်ချေရှိတဲ့ဒေသတွေမှာ ဒီလို စက်ယန္တရားတွေ ထားရှိပေးမယ်ဆိုရင် သက်ဆိုင်ရာဌာနများနဲ့ ပြည်သူတို့ ပူးပေါင်းပါဝင်ပြီး လျာထားချက်အတိုင်း နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ နေရာဒေသ တစ်ခုစီအတွက် မကြီးမားဘဲ ကျယ်ပြန့်သောစီမံကိန်းဖြစ်တာကြောင့် ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော့်အနေနဲ့ အကြံပြု တင်ပြလိုပါတယ်။ ဒါကြောင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ တင်သွင်းထားတဲ့ အဆိုကို ပြင်ဆင်အဆိုပြုချက်နဲ့ ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်း နိဂုံးချုပ်ဆွေးနွေးတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ချက် အဆိုတင်သွင်းခြင်းနဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၃၊ ၁၄၄၊ ၁၄၅ တို့မှာ သတ်မှတ်ချက်တွေ ရှိပါတယ်။ အဲဒီအတိုင်း တိတိကျကျ ပြင်ဆင်တဲ့ အဆို တင်သွင်းမှသာ ဒါမှမဟုတ် မူလအဆိုရှင်ကို မေတ္တာရပ်ခံပြီးတော့ ပြင်ဆင်ဖို့ စဉ်းစားစေမှာလား။

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အကြံပြု တင်ပြလိုပါတယ် ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ မူလအဆိုရှင်ရဲ့ သဘောထားပြောဖို့ဖြစ်ပါတယ်။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခေါင်းစဉ်နဲ့ပတ်သက်လို့ သူတို့ အကြံပြုတာက ဆွေးနွေးတဲ့ နေရာမှာ အကြံပြုတာ(၂)ချက် ရှိပါတယ်။ ကျွန်တော် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ပြည်နယ်များ၌ ဖော်ထုတ်နေသော ဆိုတာ လက်ရှိပြီးခဲ့တဲ့ ကျွန်တော်တို့ နှစ်(၂၀)တုန်းက တပ်မတော်အစိုးရလက်ထက်က ပြည်နယ် တွေမှာ အဲဒီလို ဝေးလံသီခေါင်တဲ့ ပြည်နယ်တွေမှာ ကုန်းမြင့်လယ်ယာကို ဦးစားပေးပြီးတော့မှ ကျွန်တော်တို့ ဖော်ထုတ်နေတာတွေ ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်က အဲဒီဖော်ထုတ်နေတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်က ပြည်နယ်များမှာ ဖော်ထုတ်နေသောဆိုပြီးမှ ကျွန်တော်က အဲဒီလို သုံးထားတာ။ ဒါပေမဲ့ ခုလာမယ့်နှစ်တွေမှာ လယ်ဆည်ဝန်ကြီးဌာနက နေပြီးတော့မှ ဆက်လက် အကောင်အထည်ဖော်မယ်ဆိုရင် ကျွန်တော် ခေါင်းစဉ်မှာက အဲဒါကြောင့် အဲဒီလို ထည့်ထားတာ သို့သော်လည်းပဲ ကျွန်တော် ဆွေးနွေးတဲ့ နေရာမှာတော့ တကယ့် စစ်ကိုင်းတိုင်း နာဂဒေသတွေ နောက်ပြီးတော့မှ ကချင်မြောက်ဖျားဒေသတွေ၊ နောက် မကွေးတိုင်းမှာလည်းပဲ တောင်တန်းဒေသတွေ ရှိတယ်။ ဥပမာ စေတုတ္တရာ၊ မင်းတုန်း၊ ငဖဲ လိုဟာမျိုး ကျွန်တော် ဆွေးနွေးတုန်းကလည်း ဆွေးနွေးပြီးပါပြီ။ ရခိုင်ဒေသမှာလည်း မြေပုံတို့ အမ်းတို့ ဆိုတာ တောင်ပေါ်ဒေသတွေမှာ ဒါတွေဟာ လိုအပ်တယ်။ ကျွန်တော် ဆွေးနွေးတဲ့အခါမှာတော့ အပြည့်အစုံ ဆွေးနွေးထားတယ်။ သို့သော်လည်းပဲ ခေါင်းစဉ်မှာတော့ ကျွန်တော်က လက်ရှိ အခုဆောင်ရွက်နေတဲ့ဟာ မဟုတ်လို့ ကျွန်တော်က ပြည်နယ်များ၌ ဆိုပြီးတော့ ကျွန်တော်က ဖော်ပြထားတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အခု ပိုပြီးပြည့်စုံအောင် ခေါင်းစဉ်ပြောင်းချင်တာကတော့ သူတို့ အကြံပေးတဲ့အတိုင်း ပြည်နယ်နဲ့ တိုင်းဒေသကြီးများ၌ ဖော်ထုတ်နေသောဆိုတာ မထည့်တော့ဘဲနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးများ၌ ကုန်းမြင့်လယ်ယာ၊ လှေကားထစ် လယ်ယာ စသဖြင့် အဲဒီလို ပြန်ပြောင်းရင် အဆင်ပြေပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်နဲ့ တိုင်ဒေသကြီးများ၌ ဟုတ်ပြီနော်။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ဖော်ထုတ်နေသော မထည့်တော့ဘူး ဖြစ်နိုင်ချေရှိသော ဆိုတာလည်း မထည့်ဘူး။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ အဲဒါကောင်းပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီတော့ အောက်က စနစ်တကျကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ဆိုတာကို အကြံပြုချက်က စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ နှစ်အလိုက် လျာထားချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် အကြံပြုပါတယ်။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ကျွန်တော်ကတော့ ဒီတိုင်း ကြိုက်ပါတယ်။ ကျွန်တော် အခု ဆွေးနွေးတဲ့အခါမှာ အဲဒါလေး နည်းနည်း ထည့်ဆွေးနွေးဖို့ ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ မပြင်တော့ဘူး။ ရပြီ။

**အချိန်၊ ၁၃:၅၁။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃:၅၁။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ထပ်မံအကြံပြုတဲ့ လုပ်ငန်း အဆိုပြုခေါင်းစဉ်သည် ပိုမိုပြည့်စုံ ထိရောက်တဲ့အတွက်ကြောင့် ဒါကို ကျွန်တော့်အနေနဲ့ လက်ခံပါ ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခေါင်းစဉ်တင် ပြောတာ မဟုတ်ဘူး။ ဒီအဆိုနဲ့ပတ်သက်လို့ ဆုံးဖြတ် တော့မှာ။ ဆုံးဖြတ်တော့မှာ ဖြစ်တဲ့အတွက် ဒုတိယဝန်ကြီးအနေနဲ့ ဆွေးနွေးစရာ ရှိပါသလား။

**ဥက္ကဋ္ဌ။** ။ ခေါင်းစဉ်ကို သဘောကျတဲ့ဆိုတဲ့ အကြောင်းအရာတွေလည်း ထောက်ခံ တဲ့ သဘောပေါ့။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ဟုတ်ကဲ့ ပြည်နယ်ဒေသများနှင့် ဝေးလံခေါင်သီသော ဒေသများတွင် ကုန်းမြင့်လယ်ယာများ ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်ရန် အကြံပြုခြင်း

**ဥက္ကဋ္ဌ။** ။ ဟုတ်ပြီလေ။ ဒီအဆိုနဲ့ပတ်သက်လို့ ဝန်ကြီးဆွေးနွေးစရာ ရှိသေးလား။

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ကျွန်တော့် အနေနဲ့ကတော့ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ထောက်ခံပါတယ်။ ဒါကို အဆိုကို မှတ်တမ်းတင်ပေးဖို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ထိုင်ပါ။

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးဟာရှိန်းဘွေ ရဲ့သဘောထားပြောဦး။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အနည်းငယ် ဖြည့်စွက်ဆွေးနွေးလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ မဟုတ်ဘူးလေ။ အနည်းငယ် မဆွေးနွေးတော့နဲ့ ရပြီ။ နောက်ထပ် ဆွေးနွေးမယ့်သူက အများကြီး ရှိသေးတယ်။ မှတ်တမ်းတင်မှာလား။ မဲခွဲဆုံးဖြတ်မှာလား။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ဟုတ်ကဲ့ပါ။ မဲခွဲ ဆုံးဖြတ်မှာပါ။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။

**အချိန်၊ ၁၃း၅၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဟာရှိန်းဘွေ တင်သွင်းတဲ့ မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှု နောက်ကျနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေး လုပ်ငန်းကို ရေသွယ်ယူရရှိနိုင်သည့် ဒေသများနှင့် ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျကွင်းဆင်းလေ့လာပြီးမှ အကောင်အထည် ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင် ကြပါပြီ။

အဆိုကို ထောက်ခံမဲ(၁၂၇)၊ ကန့်ကွက်(၅)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးဟာရှိန်းဘွေ ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၅၆။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၃း၅၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၁၁ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၁၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက် ည(၈)နာရီခန့်တွင် မြေပုံမြို့နယ် နောင်တော်ပင်လယ်ဝ၊ မျောက်ကျိန်ကျွန်းအနီး ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန် အမှတ်(၃)နှစ်ထပ်သင်္ဘော နစ်မြုပ်ရခြင်းကြောင့် အသက်သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပစ္စည်း ဆုံးရှုံးမှုနှင့် လျော်ကြေးပေးရေးကိစ္စများအားစုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အရေးယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးတကြီး အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်တင်သွင်းထားသည့် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက် ည(၈) နာရီ ခန့်တွင် မြေပုံမြို့နယ် နောင်တော်ပင်လယ်ဝ၊ မျောက်ကျိန်ကျွန်းအနီး ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်အမှတ်(၃)နှစ်ထပ်သင်္ဘော နစ်မြုပ်ရခြင်းကြောင့် အသက်သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပစ္စည်းဆုံးရှုံးမှုနှင့် လျော်ကြေးပေးရေးကိစ္စများအားစုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အရေးယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အရေးတကြီး အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၅။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင် ရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆိုရှင် တင်ပြ သွားတဲ့ ၁၃-၃-၂၀၁၅ ရက်နေ့ ကျောက်ဖြူမှ စစ်တွေသို့ ညနေ (၄)နာရီ (၁၅)မိနစ်မှာ ထွက်ခွာလာတဲ့ ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်အမှတ်(၃)သင်္ဘောဟာ ထွက်ခွာပြီး (၂)နာရီအကြာမှာ မြေပုံ မြို့နယ် နောင်တော်ပင်လယ်ဝရှိ မျောက်ကျိန်ကျွန်း အနီးမှာ ရေများ ဝင်ရောက်ပြီးတော့ တိမ်းမှောက် နစ်မြုပ်ခဲ့တယ်ဆိုတဲ့ သတင်းဆိုးကြီးကို မီဒီယာတွေ ကနေပြီးတော့တစ်ဆင့် ကြားသိခဲ့ရပြီးတော့ ကြားသိ ဖတ်ရှုရတဲ့ ပြည်သူအပေါင်းကလည်း များစွာဝမ်းနည်းစိတ်မကောင်း ဖြစ်နေကြတာကို ကြားသိရပါတယ်။ တစ်ဆက်တစ်စပ်တည်းမှာ သင်္ဘောနစ်မြုပ်ခံရတဲ့အပေါ်မှာလည်း ဘာကြောင့် နစ်မြုပ်ခဲ့သလဲ ဘယ်သူ့မှာ တာဝန်ရှိသလဲဆိုတဲ့ နောက်ဆက်တွဲမေးခွန်းတွေနဲ့အတူ ဝမ်းနည်းစိတ်ဝင်စားမှု များစွာနဲ့ စောင့်ကြည့်နားဆင်နေကြတာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ သက်ဆိုင်ရာ တာဝန်ရှိသူများကို ကိုးကားပြီး

သတင်းမီယာတွေ မေးမြန်း ဖော်ပြမှုအရ  သေဆုံးမှုက (၃၅)ဦး၊ အသက်ရှင် ကျန်ရစ်သူ (၁၆၉)ဦးခန့်နဲ့ ပျောက်ဆုံးနေသူက (၁၀)ဦးခန့်ရှိကြောင်း သင်္ဘောနစ်မြုပ်ရခြင်းနဲ့ ပတ်သက်ပြီးတော့ သဘာဝဘေးအန္တရာယ်ကြောင့်လို့ ဖော်ပြပြီးတော့ တောင်ကုတ်မြို့နယ် ရေကြောင်းရုံးရဲ့ စာရင်းအရ သင်္ဘောပေါ်မှာရှိတဲ့ ဝန်အလေးချိန်က (၉၄.၉၂)တန်ဟု ဖော်ပြခဲ့ပြီးတော့ သင်္ဘောလက်မှတ်စီးနင်းလိုက်ပါသူက (၂၁၄) ယောက် ဖြစ်ကြောင်း ဖြေကြားခဲ့ကြပါတယ်။

ဒီနေရာမှာ အသက်ရှင်ကျန်ရစ်ခဲ့တဲ့ ခရီးသည်တွေရဲ့ ပြောကြားချက်အရ သင်္ဘောပေါ်မှာ လူနဲ့ဝန်က မတန်တဆ တင်ဆောင်ထားခြင်းကြောင့် လည်းကောင်း၊ သင်္ဘော၏ ကြံ့ခံမှု အားနည်းခြင်းကြောင့်လည်းကောင်း၊ သင်္ဘောဦးပိုင်း ကွဲအက်ပြီး ရေများဝင်ရောက်နစ်မြုပ်ရခြင်းဖြစ်ကြောင်း ပြောဆိုကြပါတယ်။ တောင်ကုတ်မြို့နယ် ရေကြောင်းရုံးရဲ့စာရင်းအရ (၉၄.၉၂)တန်ဟု ဖော်ပြသော်လည်း ကုန်ပို့တဲ့ ကိုယ်စားလှယ် (၈)ဦး ရဲ့ စာရင်းပေါင်းအရ (၁၃၄.၅၃)တန်ရှိကြောင်းနဲ့ သင်္ဘောပေါ်မှာ ထိုင်စရာနေရာ တစ်နေရာပင် မကျန်အောင်ထိ ခရီးသည်တွေ ပြွတ်သိပ်ကြပ်ညပ်နေကြောင်း ခရီးသည်ဦးရေ (၃၀၀)ကျော်ခန့် ရှိနိုင်ကြောင်း ပြောဆိုကြပါတယ်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရ.ည.န က တာဝန်ရှိသူတစ်ဦးကို ကျွန်တော် ဆက်သွယ်ပြီးတော့ မေးမြန်းကြည့်တဲ့အခါမှာ ရ.ည.န အနေနဲ့က သင်္ဘောကြံ့ခိုင်မှုကို တစ်နှစ်တစ်ခါ စစ်ဆေးပြီးတော့ လိုင်စင်ပေးရကြောင်း ကုန်တန်ချိန် ဘယ်လောက်ပဲ တင်ဆောင်ရမယ်ဆိုတာကိုလည်း သတ်မှတ် ပေးထားကြောင်း၊ နစ်မြုပ်ခဲ့တဲ့ အောင်တံခွန်သင်္ဘောဟာဆိုရင် တန်ချိန်(၁၂၀)တန်ကိုသာ ခွင့်ပြုထားကြောင်း ဖြေဆိုတာကို  ကျွန်တော့်အနေနဲ့ သိရှိရပါတယ်။ ကြားသိခဲ့ရပါတယ်။ အခုလို မသေဘဲကျန်ခဲ့တဲ့ ခရီးသည်တွေရဲ့ အဆိုအရ လူက (၃၀၀)ကျော်တယ်။ ကုန်ပို့တဲ့ကိုယ်စားလှယ် (၈)ဦးရဲ့ စာရင်းပေါင်းအရဆိုရင် ကုန်ချိန်ဟာ (၁၃၄.၅၄)တန်ရယ် ပေါင်းလိုက်မယ်ဆိုရင် သင်္ဘောမှာ မနိုင်ဝန် တင်ဆောင်လာတယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒီနေရာမှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ စစ်ဆေးရေးမှူးတွေ အနေနဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ စစ်ဆေးကြပ်မတ်မှု မရှိဘူးဆိုတာကို သုံးသပ်လို့ ရရှိပါတယ်။

နောက်တစ်ခုက သင်္ဘောကြံ့ခိုင်မှုအပိုင်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးရမယ်ဆိုရင် အခု ဖြစ်ပွားတဲ့ အောင်တံခွန်(၃) သင်္ဘောဟာ ဆိုလျှင် ဒေသအခြေအနေအရ တစ်နှစ် တစ်ကြိမ် လွှန်းတင် ပြုပြင်ရန် လိုအပ်သော်လည်း လွှန်းမတင်ဘဲနဲ့ ထားခဲ့တာ (၂)နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ လွှန်းမတင်ဘဲနဲ့ မောင်းနေတဲ့အတွက် ရေလမ်းခရီးမှာ မကြာခဏ ကွဲအက်ရေဝင်မှုတွေ ကြုံတွေ့ရပြီးတော့၊ ဘိလပ်မြေ တွေနဲ့တောင်မှ အရေးပေါ်ဖာထေးခဲ့ရခြင်းတွေ ရှိကြောင်းကို ဒီ ကိုယ်စားလှယ်ကြီး ဦးအုန်းတင် ရဲ့ ဆွေးနွေးချက်တွေအပေါ်မှာ သိရှိရတဲ့အခါမှာ တာဝန်ရှိသူတွေရဲ့ ကြီးကြပ်မှု၊ တာဝန်ပေါ့လျော့မှုတွေ ဖြစ်ကြောင်း ထင်ရှားနေပါတယ်။ ဒီအတွက် အပြစ်မဲ့တဲ့ ခရီးသည်ပြည်သူတွေရဲ့ အသက်တွေဟာ နစ်နာဆုံးရှုံးပြီး ဝမ်းနည်းကြေကွဲမှုတွေ ဖြစ်ပေါ်ခဲ့ရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ သင်္ဘော မတိမ်းမှောက်မီ နောင်တော်ပင်လယ်ဝကို ဖြတ်ကူးစဉ်မှာလည်း သင်္ဘောဦးပိုင်းကရေတွေက ဒလဟော ဝင်ရောက်လာတယ်။ ခရီးသည်တွေ အကူအညီနဲ့ ရေတွေကို ပက်ထုတ်ကြတယ်။ နောက်တစ်ခါ သင်္ဘောဦးပိုင်းမှာရှိတဲ့ ထုံးအိတ်နဲ့ ဆီတိုင်ကီ တွေကိုလည်း မြစ်ထဲကို ပစ်ချကြတယ်။ နောက်တစ်ခါ ရေဝင်တာကို လျော့နည်းရအောင် လုပ်ဆောင် ရတယ်။ ဒါပေမဲ့ မရခဲ့ဘူး။ ခရီးသည်တွေကလည်း ကြောက်လန့်တကြား ဝရုန်းသုံးကား အော်ဟစ်ဆူညံ

နေတဲ့အချိန်မှာ သင်္ဘောရဲ့တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ ခရီးသည်တွေကို အခြေအနေမှန်ကို ရှင်းပြပြီးတော့ အခြေအနေကို တည်ငြိမ်အောင် မထိန်းသိမ်းနိုင်ခဲ့ရုံသာမက အနီးပတ်ဝန်းကျင်ရွာများ၊ စက်လှေများ၊ တံငါလှေများမှ အကူအညီရရှိအောင် သင်္ဘောဦးသြဆွဲ၍ အချက်ပြခဲ့ခြင်းလည်းမရှိကြောင်း သိရှိရပါတယ်။ ကိုယ်စားလှယ် ကြီး ဦးအုန်းတင် ရဲ့ တင်ပြချက်အရ သိရှိရပါတယ်။

ဒီအပြင် ပင်လယ်ဝဖြတ်တဲ့ သင်္ဘောပေါ်မှာ ခရီးသည်တွေရဲ့အသက်ကို ကယ်ဆယ်နိုင်ရန် အတွက် ရေကြောင်းသွားလာမှုဆိုင်ရာ ဥပဒေစည်းမျဉ်းများအရ ပါရှိရမယ့် ခရီးသည်အရေအတွက်နဲ့ ကိုက်ညီရသော အသက်ကယ်လှေ (Life Boat) တွေ၊ အသက်ကယ်အင်္ကျီတွေ၊ ဝါးဆစ်ဗူးတွေ၊ တာယာ ဘောကွင်းတွေလည်း မပါရှိကြောင်း သိရှိရပါတယ်။ ဒါဟာ ကြိုတင်ပြင်ဆင်မှု၊ စီမံချက်ထားရှိမှု၊ ကြံ့ခိုင်မှု စစ်ဆေးခြင်း သင်္ဘောမထွက်ခွာမီမှာ လုပ်ဆောင်ရမယ့် စစ်ဆေးဆောင်ရွက်မှု အဆင့်ဆင့်ကို မှန်မှန် ကန်ကန် ဆောင်ရွက်မှုမရှိခြင်း၊ အရေးပေါ်အချိန်မှာ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို အချိန်နဲ့ တပြေးညီ ဆောင်ရွက်မှုမရှိခဲ့တဲ့အတွက်၊ အားနည်းခဲ့တဲ့အတွက် မလိုလားအပ်တဲ့ ဝမ်းနည်းဖွယ် အခြေအနေဆိုးတွေကို ကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဆွေးနွေးနေတာက ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ အောင်တံခွန်(၃)ဖြစ်စဉ်ကို သင်ခန်းစာယူပြီးတော့ အပြန်အလှန် ဆွေးနွေးကြရင်းနဲ့ ရေကြောင်းကို အဓိက အားပြုသွားလာနေရတဲ့ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ ခရီးသွား ပြည်သူလူထုရဲ့ လုံခြုံစိတ်ချစွာ ခရီးသွားလာမှုကို သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ လေးလေးနက်နက်ထားပြီးတော့၊ စီမံချက်တွေ ချပြီးတော့၊ ကြိုတင်ပြင်ဆင်မှုတွေ စနစ်တကျ ပီပြင်စွာ လုပ်ဆောင်စေလိုတဲ့အတွက် ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက အောင်တံခွန်(၃) သင်္ဘောနစ်မြုပ်မှုနဲ့ ဆက်စပ်ပြီးတော့ ကျွန်တော်တို့ အခု ကြားသိရတဲ့ဟာက ဧရာဝတီတိုင်းဘက်မှာ ပြေးဆွဲနေတဲ့ ဌာနဆိုင်ရာ သင်္ဘောလိုင်းတွေကို တစ်ပတ်ကို အရင်တုန်းက (၇)ရက်နှုန်း ပြေးဆွဲနေပါတယ်။ အခု သင်္ဘောနစ်မြုပ်မှုနဲ့ ဆက်စပ်ပြီးတော့ တစ်ပတ်ကို (၃)ရက်နှုန်းနဲ့ပဲ ပြေးဆွဲနေပါတယ်။ ဒါလည်း မဖြစ်သင့်ပါဘူး။ အဲဒီအတွက် ကုန်တင်ပို့မှုအပိုင်းတွေမှာ ပြည်သူတွေ အခက်အခဲတွေ အများကြီးဖြစ်နေကြောင်းလည်း ကြားသိရပါတယ်။ နောက်တစ်ခုက ဌာနဆိုင်ရာ သင်္ဘော လိုင်းတွေကို ပိတ်လိုက်တဲ့အချိန်မှာ ပုဂ္ဂလိကသင်္ဘောလိုင်းတွေကို ကုန်သည်တွေက အားပြုရပါတယ်။ အဲဒီအခါကျတော့ ပုဂ္ဂလိကသင်္ဘောလိုင်းတွေမှာရှိတဲ့ သင်္ဘောလေးတွေက ငယ်ပါတယ်။ အဲဒီ အရွယ်အစားနဲ့ မလျော်တဲ့ ကုန်ပစ္စည်းတွေ၊ လူတွေကို မနိုင်ဝန်တင်ရတဲ့အခါမှာ မလိုလားအပ်တဲ့ အန္တရာယ်တွေ ဖြစ်ပေါ်လာမှာကိုလည်း စိုးရိမ်မိပါတယ်။ ဒီအတွက် တာဝန်ရှိသူ တွေအနေနဲ့ ပြန်လည် ပြီးတော့ ကြပ်မတ်ပေးသင့်ပါတယ်။ နောက် သင်္ဘောလိုင်းတွေကိုလည်း ပုံမှန်ပြန်ထွက်နိုင်အောင် အချိန်မီ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

အခုလိုမျိုး အောင်တံခွန်သင်္ဘော ဖြစ်လာတဲ့ ဖြစ်စဉ်ပေါ်ပေါက်ပြီးတော့မှ စိုးရိမ်စိတ်နဲ့ မလိုအပ်တဲ့ ကြိုတင်ကာကွယ်မှုကို ဆောင်ရွက်တဲ့အပိုင်းမှာကျတော့ နည်းနည်းတော့ ပြန်ပြီး သုံးသပ်ဖို့ လိုမယ်လို့ အကြံပြုလိုပါတယ် ခင်ဗျား။

နောက်တစ်ခုက အောင်တံခွန်(၃) သင်္ဘောနစ်မြုပ်မှုလို ဝမ်းနည်းဖွယ်အဖြစ်ဆိုးတွေ ထပ်မံ ဖြစ်ပေါ်မှု မရှိစေဖို့အတွက်လည်းကောင်း၊ ပြည်သူများရဲ့ ကုန်ပစ္စည်းတန်ဖိုးတွေကိုသော် လည်းကောင်း၊

သဘော်ာလက်မှတ်နဲ့ တရားဝင်စီးနင်းလိုက်ပါတဲ့ ခရီးသည်များရဲ့ အသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရရှိသူများ၊ နစ်နာမှု မရှိစေရေးအတွက်လည်းကောင်း ကြိုတင်စီမံခန့်ခွဲမှုများ၊ စီမံဆောင်ရွက်မှုများကို ပီပီပြင်ပြင် ကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ အချိန်နဲ့တပြေးညီ တာဝန်ယူဖြေရှင်းပေးနိုင်ရန်အတွက် စုံစမ်းစစ်ဆေးမှုတွေ၊ ကြီးကြပ်စီမံဆောင်ရွက်မှုတွေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ ရှိစေရန်အတွက် ဦးတည်ပြီး အမြန်ဆုံး စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ရန်လိုအပ်ပါကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

ဒါကြောင့်မို့လို့ အခု ကျွန်တော်ဆွေးနွေးခဲ့တဲ့ ဆွေးနွေးချက်များနဲ့အတူ အောင်တံခွန်အမှတ်(၃) နှစ်ထပ်သဘော်ာနစ်မြုပ်မှုနဲ့ စပ်လျဉ်းပြီးတော့ ကိုယ်စားလှယ်တော်ကြီး ဦးအုန်းတင် တင်သွင်းတဲ့ အရေးကြီးအဆိုဖြစ်တဲ့ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ည(၈)နာရီခန့်တွင် မြေပုံမြို့နယ် နောင်တော်ပင်လယ်ဝ၊ မျောက်ကျိန်ကျွန်းအနီး ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်အမှတ်(၃) နှစ်ထပ်သဘော်ာ နစ်မြုပ်ရခြင်းကြောင့် အသက်သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပစ္စည်းဆုံးရှုံးမှုများအား စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အရေးယူ ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၄း၂၄။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၄။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်(၇) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ ည(၈)နာရီခန့်တွင် မြေပုံမြို့နယ် နောင်တော်ပင်လယ်ဝ၊ မျောက်ကျိန်ကျွန်းအနီး ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်အမှတ်(၃) နှစ်ထပ်သဘော်ာ နစ်မြုပ်ရခြင်းကြောင့် အသက်သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပစ္စည်းဆုံးရှုံးမှုနှင့် လျော်ကြေးပေးရေးကိစ္စအား စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အရေးယူဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တောင်းဆိုတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်ရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ သတင်းမီဒီယာတွေရဲ့ အပေါ်မှာ လေ့လာကြားသိရချက်အပေါ်မှာပဲ အခြေပြုပြီးတော့ ဒီအဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ အချိန်ကိုငဲ့ညှာသောအားဖြင့် လိုအပ်တဲ့အချက်တွေကိုပဲ အကျဉ်းချုံးပြီးတော့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန်အမှတ်(၃)ဟာ တောင်ကုတ်ကနေပြီးတော့ စစ်တွေခရီးစဉ်မှာ မျောက်ကျိန်ကျွန်းစုအနီးမှာ နစ်မြုပ်သွားတာ ဖြစ်ပါတယ်။ နစ်မြုပ်သွားတဲ့

အချိန်မှာ ည(၈)နာရီအချိန် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီအချိန်ဟာပတ်ဝန်းကျင်မှာလည်း ဘာမှမမြင်ရဘဲနဲ့ မှောင်မဲနေတဲ့အချိန် ဖြစ်တယ်လို့လည်း သိရှိရပါတယ်။ အဲဒီတော့ကယ်ဆယ်တဲ့ အဖွဲ့တွေကလည်း အနီးအနားမှာ ရှိတဲ့ ငါးရှာနေတဲ့ စက်လှေတွေကပဲ ဝိုင်းဝန်းပြီးတော့ ကယ်ဆယ်တယ်လို့ ကျွန်တော်တို့ သိရပါတယ်။

အဲဒီတော့ ဖြစ်တဲ့အနေအထားကို ပြန်ကြည့်လို့ရှိရင် သင်္ဘောနစ်မြုပ်ပြီဆိုတာနဲ့ အဲဒီအထဲမှာ ပါတဲ့ ခရီးသည်တွေဟာ အုတ်အော်သောင်းတင်း ဖြစ်ပြီးတော့ ထိန်းမနိုင်သိမ်းမရ ဖြစ်နေမယ့် အနေအထား မျိုး၊ နောက် အဲဒီအပေါ်မှာ ပါလာတဲ့ အသက်ကယ်ဘောတွေကိုလည်း သူ့ထက်ငါ အရင်ဦးအောင် လုယက်နေကြမယ့် အနေအထားမျိုးဖြစ်မယ်လို့ ဒါ ကျွန်တော်တို့ မှန်းဆလို့ရပါတယ်။ အဲဒီအချိန်မှာ အဲဒီ အနားမှာရှိတဲ့ ငါးရှာနေတဲ့ စက်လှေတွေဟာ အဲဒီခရီးသည်တွေကို တော်ရုံတန်ရုံ လူမှုရေးအသိစိတ်ဓာတ်နဲ့ သွားကယ်ဆယ်ဖို့ဆိုတာ တော်တော်စဉ်းစားရမယ့် အနေအထားမျိုး ဖြစ်တယ်လို့ ဒါ ယူဆပါတယ်။ ဘာလို့လဲဆိုတော့ စက်လှေသွားလိုက်ပြီ ဆိုတာနဲ့ အဲဒီမှာရှိတဲ့ လူတွေဟာ၊ ရေပြင်ပေါ်မှာ အုတ်အော် သောင်းတင်း ပြန့်ကျဲနေတဲ့လူတွေဟာ ဒီစက်လှေပေါ်မှာပဲ အလုအယက် အကုန်းလုံးက ဝင်ပြီးတော့ တက်ကြမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ခင်ဗျား မတက်ပါနဲ့ဦး။ စက်လှေနစ်မြုပ်တော့မယ်။ နောက် တစ်ခေါက်မှ ခင်ဗျားကို သယ်ပါ့မယ်။ လာပြီးတော့ ခေါ်ပါ့မယ်။ ဘာညာ ပြောလို့လည်းရမယ့် အနေအထားမှာ မရှိပါဘူး။ ဒီစက်လှေတွေဟာ သွားကယ်တဲ့ စက်လှေတွေက ပြန်ပြီးတော့ နစ်မြုပ် သွားနိုင်တဲ့အနေအထားမျိုး ကျွန်တော့်အနေနဲ့ ဒီလိုပဲ တွေးမြင်မိပါတယ်။

ဒါကြောင့်မို့ လူ (၁၂၉)ဦးကို ညကြီးအခါမှာ လွတ်မြောက်အောင် ကမ်းနဲ့ ပေ (၉၀၀)လောက် ရှိတဲ့နေရာကနေပြီးတော့ လွတ်မြောက်အောင် ကယ်တင်နိုင်ခဲ့တယ်ဆိုတာ ကျွန်တော် တော်တော်အံ့သြ ပါတယ်။ ဒါကြောင့်မို့လည်း တော်ရုံတန်ရုံ လူမှုရေးစိတ်ဓာတ်နဲ့ ကယ်တင်ခဲ့တဲ့ အနေအထားမျိုး မဟုတ်ဘူး။ တော်တော်ကို စွန့်စွန့်စားစားနဲ့ လုပ်ခဲ့ရတယ်ဆိုတာလေးကို ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒါကြောင့်မို့ အဲဒီကယ်တင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကိုလည်း အခုတာဝန်ရှိသူ ပြည်နယ်အစိုးရကနေပြီးတော့ သူတို့ကို ဂုဏ်ပြုမှတ်တမ်းတွေ၊ ထောက်ပံ့ကြေးတွေ ပေးတယ်ဆိုတာလည်း ကျွန်တော်တို့ ကြားသိနေရ ပါတယ်။

အဲဒါအပြင် စွန့်စွန့်စားစား ကယ်တင်ခဲ့တဲ့ ပုဂ္ဂိုလ်များကို ကျွန်တော့်အနေနဲ့ကတော့ဖြင့် သေချာစိစစ်ပြီးတော့ ဒီထက်မက ပေးသင့်၊ ချီးမြှင့်သင့်ချီးမြှင့်ထိုက်တဲ့ပုဂ္ဂိုလ်တွေကို လူမှုရေးအရ ဂုဏ်ထူးဆောင်တံဆိပ်၊ ဒီလိုတံဆိပ်တွေပါ သူတို့ကို ချီးမြှင့်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ပထမအနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။

နောက်တစ်ချက်ကတော့ ပြည်နယ်အစိုးရရဲ့ အစီအမံနဲ့ တပ်မတော်(ရေ)၊ ရဲတပ်ဖွဲ့၊ မီးသတ် ကြက်ခြေနီ၊ နာရေးကူညီမှုအသင်း၊ ဒါတွေကတော့ နောက် တစ်ရက်မိုးလင်းမှ ရောက်လာတယ်လို့ ကျွန်တော့်အနေနဲ့ သိရပါတယ်။ အဲဒီအဖွဲ့တွေကတော့ဖြင့် နစ်မြုပ်နေတဲ့လူတွေကို ကယ်ဆယ်နိုင်ခဲ့တယ် ဆိုတာတော့ မတွေ့ရပါဘူး။ သူတို့ဟာသေနေတဲ့ အလောင်းတွေကို၊ ရှာဖွေဖော်ထုတ်တဲ့ အဆင့်လောက်ပဲ ဒါ လုပ်ပေးတယ်။ ပြီးလို့ရှိရင်လည်း ကမ်းပေါ်ရောက်လာတဲ့ လွတ်မြောက်လာတဲ့ လူတွေကို ဆေးဝါးတွေ ကုသပေးတယ်။ လိုရာခရီးတွေကို သူတို့ပို့ဆောင်ပေးတယ်။ ဒီလိုမျိုးတွေ သူတို့ ဒါ ဆောင်ရွက်ခဲ့ကြ တာတွေ တွေ့ရပါတယ်။

နောက်တစ်ခါ ရခိုင်ပြည်နယ်အစိုးရရဲ့ အစီအမံနဲ့ပဲ ရခိုင်ပြည်နယ်အစိုးရ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကုမ္ပဏီများနဲ့ စေတနာရှင် ပြည်သူများကနေပြီးတော့လည်း လူမှုရေးစိတ်ဓာတ်အပြည့်အဝနဲ့ ထောက်ပံ့လှူဒါန်းငွေတွေ လှူဒါန်းခဲ့ကြတယ်။ အဲဒီတော့ ၁၆ ရက်နေ့အထိ သေတဲ့လူတွေကို ထောက်ပံ့ကြေးအနေနဲ့ (၁၂)သိန်း၊ လွတ်မြောက်လာတဲ့လူတွေကို (၅)သိန်း ထောက်ပံ့ပြီးပြီလို့လည်း သိရပါတယ်။

အဲဒီတော့ ဒီအရေအတွက်ကလည်း သိန်းပေါင်း (၁၅၀၀)ကျော်လောက် ရှိပါတယ်။ အဲဒီတော့ ပြည်နယ်အစိုးရရဲ့ နယ်စပ်ဝန်ကြီးဌာနတွေ၊ ကုမ္ပဏီတွေ၊ စေတနာရှင် ပြည်သူများကလည်း လူမှုရေးစိတ်ဓာတ်အပြည့်အဝနဲ့ စိတ်ကောင်းစေတနာဖြင့် အဲဒီလို လှူဒါန်းခဲ့ကြတာကိုလည်း၊ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြတာတွေကိုလည်း ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ဂုဏ်ပြုမှတ်တမ်းတင်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဒီလိုပဲ ယူဆပါတယ်။

အဲဒီတော့ အဖြစ်မှန်ဖော်ထုတ်ဖို့အတွက်လည်း ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး ဦးစီးပြီးတော့ စုံစမ်းစစ်ဆေးရေး ခုံရုံးကိုလည်း ဖွဲ့စည်းပြီးတော့ မတ်လ ၁၆ ရက်နေ့ကစပြီးတော့ စစ်တွေမှာအခြေပြုပြီးတော့ စုံစမ်းစစ်ဆေးနေတယ်လို့လည်း ဒီလိုလည်း ဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်။

နောက် ကျွန်တော် ဆက်လက်ဆွေးနွေးချင်တာကတော့ နှစ်ထပ်သင်္ဘောက ဘာလို့ နစ်မြုပ်သွားရတာလဲဆိုတာမှာ အဆိုရှင် တင်ပြထားတဲ့အတိုင်းပဲ ဝန်ပိုတွေတင်လို့ရယ်၊ သင်္ဘောရဲ့ ကြံ့ခိုင်မှုအားနည်းလို့ ဒီ(၂)ချက်ပဲ ဖြစ်ပါတယ်။ ဝန်ပိုတွေ မတင်နိုင်အောင်ကတော့ ကြီးကြပ်ကွပ်ကဲမှုအပိုင်းတွေ၊ ကြီးကြပ်ကွပ်ကဲမှုအပိုင်းတွေ အားနည်းတယ်လို့ ကျွန်တော်တို့က ထပ်ဆင့်ပြီးတော့ ပြောလို့ရပါတယ်။ ပြည်တွင်းရေကြောင်းအနေနဲ့ အားနည်းချက်တွေကို ကျွန်တော့်အနေနဲ့ တွေ့ရှိချက်ကို ကျွန်တော် ဆွေးနွေးရမယ်ဆိုလို့ရှိရင် ပထမဆုံးအနေနဲ့ အောင်တံခွန်သင်္ဘောဟာ တောင်ကုတ်ကနေဘယ်အချိန် ထွက်လာတယ်ဆိုတာ အချိန်အတိအကျကိုတောင် ပြောလို့မရတဲ့ အနေအထားမျိုးမှာ ဖြစ်ပါတယ်။

မြန်မာ့အလင်းရဲ့ (၁၅)ရက်နေ့ သတင်းစာမှာ မတ်လ (၁၂)ရက်နေ့ နေ့လယ် (၁)နာရီမှာ စတင်ထွက်ခွာလာတယ်လို့ ဖော်ပြထားပါတယ်။ နောက် (၁၆)ရက်နေ့ သတင်းစာမှာကျတော့ မတ်လ (၁၂)ရက်နေ့ ည (၉)နာရီအချိန်မှာ ထွက်ခွာလာတယ်လို့ ထပ်ပြီးတော့ တင်ပြထားတာ တွေ့ပါတယ်။ ဖော်ပြထားတာ တွေ့ပါတယ်။ အခုတစ်ခါ အဆိုရှင်ကနေပြီးတော့ တောင်ကုတ်ကနေပြီးတော့ (၁၂)ရက်နေ့ ညနေ (၄)နာရီခွဲမှာ ထွက်လာတယ်ဆိုပြီးတော့ ဒီလို ထပ်တင်ပြထားပါတယ်။

အဲဒီတော့ ကျွန်တော်တို့က သင်္ဘောဟာ တောင်ကုတ်ကနေပြီးတော့ ဘယ်အချိန် စတင်ထွက်ခွာလာတယ်ဆိုတာတောင်မှ အတိအကျ မှတ်ယူလို့မရတဲ့ အနေအထားမျိုးကိုလည်း သွားတွေ့ရပါတယ်။ နောက်တစ်ချက်က ဝန်ပိုတင်ဆောင်မှုကိစ္စပါ။ ဒါဟာလည်း အဆိုရှင်လည်း တင်ပြထားပြီးဖြစ်ပါတယ်။ ဒီသင်္ဘောဟာ တကယ်တမ်းကျတော့ လူ (၁၀၁)ယောက်ပဲ သွားနိုင်တဲ့၊ တင်နိုင်တဲ့ အနေအထားပါ။ ဒါပေမဲ့ တွေ့ရှိမှုအရဆိုလို့ရှိရင် လွတ်မြောက်တာ (၁၆၉)ဦး၊ သေဆုံးတာ(၆၁)ဦး ဆိုတဲ့ အခါကျတော့ အဲဒီမှာတင် ဒီယာဥ်ပေါ်မှာ (၂၃၀)ဦး ပါလာနေပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဒါဟာ လူတင်ကို၊ ခရီးသည်တင်ကို နှစ်ဆကျော်လွန်နေပြီ ဖြစ်ပါတယ်။ အဲဒီတော့ ကုန်တန်ချိန်ဆိုရင်လည်း

(၁၃၀)ကျော် တင်ထမ်းတာ ရှိပါတယ်။ အဲဒီလိုဆိုတဲ့အခါကျတော့ တကယ်တမ်းကျတော့ ပြည်တွင်း ရေကြောင်းမှာ တာဝန်ရှိတဲ့သူတွေက သတ်မှတ်တန်ချိန်ထက်ကို ပိုပြီးတော့ တင်ဆောင်နေတယ် ဒီဟာလည်း အခုမှမဟုတ်ဘူး။ အမြဲတမ်းပဲ တင်ဆောင်နေမယ်ဆိုတာ ကျွန်တော် မှန်းလို့ရပါတယ်။ တွက်ဆလို့ ရပါတယ်။ အဲဒီလိုသာဆိုလို့ရှိရင်၊ ဒီလိုသာ တင်ဆောင်နေမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ခရီးသွား ပြည်သူတွေဟာ အင်မတန် အသက်အန္တရာယ် ကြီးမားတဲ့ခရီးကို နေ့စဉ်သွားနေတဲ့ ပုံစံမျိုး အနေအထားကို သွားတွေ့နေရပါတယ်။ ဒါ အင်မတန် အရေးကြီးပါတယ်။ အဲဒီတော့ ဒီတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက သတ်မှတ်ထားတဲ့အတိုင်း တိတိကျကျ ဆောင်ရွက်ဖို့ အင်မတန် အရေးကြီးပါတယ်။ ဒါ အခု အနေအထားအရ ဆိုရင် အဲဒီသင်္ဘောဟာထွက်ချင်တဲ့အချိန် ထွက်မယ်။ ဆိုက်ချင်တဲ့အချိန် ဆိုက်မယ်။ ဒီလိုအနေအထားမျိုး။ တင်ချင်သလို တင်မယ်။ ဒီလိုဖြစ်နေတဲ့အနေအထားမျိုး ဖြစ်ပါတယ်။

အဲဒီတော့ ခရီးသွားတဲ့သူတွေဆိုတာကလည်း အချိန်နဲ့တွက်ချက်ပြီးတော့ သွားကြရ တာ ဖြစ်ပါတယ်။ အဲဒီအချိန်လွဲချော်သွားတာနဲ့ ကိုယ့်ရဲ့အစီအမံတွေဟာ လွဲချော်ပြီးတော့ ကမောက်ကမ ဖြစ်သွားစရာ အကြောင်းရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ လုပ်ငန်းစဉ်တစ်ခုကို တာဝန်ယူ ဆောင်ရွက်ရတဲ့အခါမှာ သတ်မှတ်ထားတဲ့အတိုင်း တိတိကျကျ ဆောင်ရွက်တတ်တဲ့ အလေ့ အကျင့် ဖြစ်အောင် တာဝန်ရှိတဲ့သူများက ကြပ်ကြပ်မတ်မတ်ကွပ်ကဲပေးဖို့ အင်မတန်လိုအပ်ကြောင်း ကျွန်တော့် အနေနဲ့ ဆွေးနွေးလို ပါတယ်။

နောက်တစ်ခုက ကယ်ဆယ်ရေးအပိုင်း ပါ။ ကယ်ဆယ်ရေးအပိုင်းမှာ အပိုင်း(၃)ပိုင်း ရှိတာကို တွေ့ရပါတယ်။ ပထမပိုင်းကတော့ အသက်မသေအောင် ကယ်တဲ့အပိုင်းပါ။ ဒုတိယကတော့ သေပြီးတဲ့သူတွေ၊ အလောင်းတွေကို ရှာဖွေဖော်ထုတ်တဲ့ အပိုင်းပါ။ တတိယပိုင်းကတော့ သူတို့ကို ဆေးဝါးတွေကုသမယ်။ ပြန်ပြီးတော့ နေရာရောက်အောင် ပို့မယ်။ ပံ့ပိုးမှုတွေ ပေးမယ်။ ကူညီပေးမယ့် အပိုင်းပါ။ အပိုင်း(၃)ပိုင်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အစိုးရအနေနဲ့ ပြည်နယ်/ ခရိုင်/ မြို့နယ်မှာ အုပ်ချုပ်မှုအပိုင်းက တာဝန်ရှိသူများအပိုင်းအနေနဲ့ ဒုတိယနဲ့ တတိယအပိုင်းကိုတော့ ဆောင်ရွက်နိုင်မယ့် အနေအထားကို သိရတယ်။ ပထမပိုင်းကျတော့ ဆောင်ရွက်နိုင်တဲ့အနေအထားမှာ မရှိဘူး။ မတွေ့ရဘူး။ အဲဒီတော့ ဖြစ်တာက သူက ကျောက်ဖြူမှာကတည်းက အရပ်သားတစ်ယောက် က ပြောတယ်။ ကျောက်ဖြူမှာကတည်းက ရေပေါက်နေတာကို တွေ့တယ်တဲ့။ တွေ့တာကို ဆက်သွား တယ်။ ဘာမှ ပြင်ဆင်တာတွေ မရှိဘူး။ စီမံတာ မရှိဘူး။ ဆက်ပြီးတော့ သွားတယ်။ မျောက်ကျိန်ကျွန်း အနီး ရောက်တဲ့အခါကျတော့ ရေတွေက ဒလဟော ဝင်လာပြီ။ အဲဒီအခါကျ အားလုံးက ဝိုင်းပက်ထုတ် ကြတယ်။ မရတော့ဘူး။

ဒီအချိန်မှာပဲ တကယ်တမ်းကျတော့ ဆက်သွယ်ရေးစက်တွေနဲ့ လိုအပ်တဲ့ဟာတွေကို မြို့နယ်တို့ သက်ဆိုင်ရာ ခရိုင်၊ အဆက်အသွယ် လုပ်ပြီးတော့ ပြည်တွင်းရေကြောင်းတွေကို အဆက်အသွယ် လုပ်ပြီးတော့ အကူအညီ တောင်းရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာလည်း အဆက်အသွယ် ရလို့ရှိရင် မြို့နယ်အုပ်ချုပ်ရေးမှူးတို့၊ တာဝန်ရှိပုဂ္ဂိုလ်တွေဟာ ချက်ချင်းအရေးယူ ဆောင်ရွက်မယ့်အပိုင်းပါ။ အမြန်စက်လှေတွေ လွှတ်ရမယ်။ သွားပြီး ကူညီမှုတွေ လုပ်ရမယ်။ ပြီးစီးတဲ့အခါကျမှ အထက်ကို တိုင်းကို လိုအပ်လျှင် ပြည်နယ်ကို ထပ်ပြီးတော့ အစိုးရကို ပြောရမှာပါ။

အခုကတော့ သူတို့ပြောပြချက်အရဆိုရင် ကြားတယ်။ အထက်ကလည်း ညွှန်ကြားချက်တွေ လာတယ်။ အဲဒီတော့ သူတို့က ကယ်ဆယ်ရေးတွေလုပ်နေတယ်။ ဆိုတဲ့အခါကျတော့ နောက် တစ်ရက် မိုးလင်းမှ ရောက်သွားတယ်။ တကယ်အရေးကြီးတာက အသက်ရှင်အောင် ကိုယ်က ကူညီနိုင်ဖို့ လိုတယ်။ ဒါကို ကျွန်တော် လုပ်နိုင်တဲ့အင်အားမှာ မရှိဘူး။ ဒါကြောင့်မို့လို့ ဒီဟာကို လုပ်နိုင်အောင် တာဝန်ရှိတဲ့အဆင့်ဆင့်ပေါ့။ မြို့နယ်/ခရိုင်။ ပြည်တွင်းရေကြောင်းမှာလည်း ဒီအတိုင်းပဲ။ အဆင့်ဆင့် တွေကို သူ့ရဲ့တာဝန်တွေ၊ တာဝန်ယူမှုတွေ၊ တာဝန်ခံမှုတွေ၊ ဒီဟာတွေအပြင် ကျွန်တော်တို့က တာဝန် ယူမှု၊ နောက်တစ်ခါ လုပ်ပိုင်ခွင့်တွေပါ (Authority) ပါ ပေးဖို့လိုတယ်။ တာဝန်ပေးရမယ်။ (Authority) လုပ်ပိုင်ခွင့်ပါ တခါတည်းပေးရမယ်။ တာဝန်ယူစေရမယ်။ တာဝန်ခံစေရမယ်။ အဲဒီအတိုင်းမလုပ်ရင် ထိရောက်စွာ အရေးယူတဲ့အပိုင်းတွေ လုပ်ဖို့လိုပါတယ်။

ဒီလိုမဟုတ်ဘူးဆိုလို့ရှိရင်တော့ တကယ် ဒီဟာကို ဖြေရှင်းဖို့ သူ့မှာ လုပ်ပိုင်ခွင့်မရှိတဲ့အခါ ကျတော့ လုပ်နိုင်တဲ့ အနေအထားမှာ မရှိဘူး။ ဒီဟာတွေက အခု ဒီဖြစ်စဉ်မှာပါ မကဘူး။ ပြည်တွင်း ရေကြောင်းမှာပါ မကဘူး။ ပို့ဆောင်ရေးဝန်ကြီးဌာနမှာပါ မကဘူး။ ကျန်တဲ့ ဝန်ကြီးဌာန တွေမှာလည်း အလားတူ ဒီဟာမျိုးတွေ အများကြီး ရှိပါတယ်။ ဆိုလိုတာက ကျွန်တော်တို့က တာဝန်ပေးမှု၊ တာဝန် ယူမှု၊ တာဝန်ခံစေမှု ဒီဟာလေးနဲ့ မလုံလောက်ပါဘူး။ ကျွန်တော်တို့ သူ့ကို (Authority) လုပ်ပိုင်ခွင့် အာဏာ ဒါတွေ အခွင့်အလမ်း သူ့ကို အပြည့်အဝ ပေးဖို့လိုပါတယ်။ အဲဒါမှ ဒီလိုပေးမှ ကျွန်တော်တို့က ခုနကတုန်းက ဖြစ်စဉ်တွေကို အရေးပေါ်ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီတော့ နောက်ဆုံးအနေနဲ့ကတော့ အစိုးရအနေနဲ့ စုံစမ်းစစ်ဆေးရေးခုံရုံးကိုလည်း ဖွဲ့စည်း ထားပြီး ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးခုံရုံးကတော့ သူက အဖြစ်မှန်ပေါ်ပေါက်ရေးကိစ္စသာ ဖြစ်ပါတယ်။ အခုဟာက အဆိုရှင်ရဲ့အဆိုက အဖြစ်မှန်ပေါ်ပေါက်ရေးတင်မကဘဲနဲ့ အဲဒီ အောင်တံခွန်မှာ ပါသွားတဲ့၊ သေဆုံးသွားတဲ့သူတွေ၊ ထိခိုက်ဒဏ်ရာရရှိသွားတဲ့သူတွေ၊ ဆုံးရှုံးသွားတဲ့ပစ္စည်းတွေကို လျော်ကြေး ပေးနိုင် ဖို့အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းဖို့ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့လည်း နစ်နာဆုံးရှုံးမှုတွေကို တရားဥပဒေဘောင်ထဲက ရသင့်ရထိုက်တဲ့၊ ပေးသင့်ပေးထိုက်တဲ့ ဟာတွေကို ပေးနိုင်အောင် ကျွန်တော့်အနေနဲ့ အဆိုရှင်ရဲ့ အရေးကြီးအဆိုကို ထောက်ခံခြင်းဖြစ်ပါကြောင်း ဆွေးနွေး ရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၄း၂၈။**

**ဥက္ကဋ္ဌ**။ ။ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၈။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဦးအုန်းတင် ရဲ့ အဆိုကို ထောက်ခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ အောင်တံခွန်(၃)သင်္ဘော နစ်မြုပ်ရခြင်းဖြစ်ရပ်ဟာ မဖြစ်သင့်ပဲ ဖြစ်သွားရတဲ့ ကြေကွဲဝမ်းနည်းစရာဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ရေကြောင်းသမိုင်းမှာ

တစ်ခါမှလည်း မဖြစ်ဖူးတဲ့ကိစ္စဖြစ်ပါတယ်။ လူရဲ့အမှားကြောင့် အသေအပျောက်အများဆုံးဖြစ်သွားတဲ့ ကိစ္စလည်းဖြစ်ပါတယ်။ ဒီတောင်ကုပ်နဲ့ စစ်တွေကြားခရီးမှာ ဟိုတုန်းက ဖဆပလခေတ်မှာ ဂျာမဏီလုပ် သင်္ဘော (၂)စင်းနဲ့ ပြေးဆွဲခဲ့ပါတယ်။ အောင်ဇေယျနဲ့ အလောင်းဘုရားဆိုတဲ့ သင်္ဘောတွေဖြစ်ပါတယ်။ တော်တော်ကြံ့ခိုင်မှုရှိပါတယ်။

အဲဒီနောက်ပိုင်း လမ်းစဉ်ပါတီခေတ်မှာ ဂျပန်သင်္ဘော(၃)စင်းနဲ့ ဆွဲပါတယ်။ စစ်တွေ-ကျောက်ဖြူ-သံတွဲဆိုပြီးတော့ သင်္ဘော(၃)စင်းပါ။ တော်တော်ကြံ့ခိုင်မှုရှိပါတယ်။ အဲဒီနောက်ပိုင်းမှာ တရုတ်နိုင်ငံလုပ် သင်္ဘောတွေ ရောက်လာပါတယ်။ အောင်တံခွန်(၁)(၂)(၃)အစရှိသည့်ဖြင့် ကြံ့ခိုင်မှု အရာမှာတော့ သူတို့ လျင်မြန်စွာ ကျဆင်းလျက်ရှိပါတယ်။ အဲဒီ သင်္ဘောတွေအကုန်လုံးကို ကျွန်တော် ငယ်စဉ်ကတည်းက အခုအတွင်းမှာ အကြိမ်ပေါင်းများစွာ စီးဖူးပါတယ်။ ကုန်စည်နဲ့ ခရီးသည်တွေက အခုခေတ်မှာဆိုရင် အရင်တုန်းနဲ့မတူပဲ တစ်ဖြည်းဖြည်းများလာပါတယ်။ သင်္ဘောနဲ့ ကုန်စည်အချိုးဟာ၊ ခရီးသည်အချိုးဟာ မမျှတတော့ပါဘူး။ အဲဒါကို ဗဟိုကလည်း မသိပါဘူး။ ပျဉ်တွေကလည်း ကွဲထွက်မှု၊ ဟျော့ရဲမှုရှိပါတယ်။ သင်္ဘော(၂)စီးနဲ့ ပြေးဆွဲရမယ့် ခရီးစဉ်မှာ သင်္ဘော(၁)စီးထဲနဲ့ ပြေးဆွဲနေတာကို တွေ့ရပါတယ်။ ဒီအောင်တံခွန် သင်္ဘောမှ မဟုတ်ပါဘူး။ ရခိုင်ပြည်နယ်အတွင်းမှာ ပြေးဆွဲတဲ့ အမြန်ယာဉ်တွေလည်း အဲဒီလိုပါပဲ။ Over weight တွေတင်ပါတယ်။ Over Passenger အမြဲတမ်း တင်တာကို တွေ့ရပါတယ်။

ကျွန်တော်တို့ ပြည်သူလူထုရဲ့ ကြုပ်တည်းမှု အခက်အခဲတွေကို ဦးစားမပေးပါဘူး။ အကျိုးအမြတ်ကိုပဲ ကြည့်ပြီးလုပ်တာ တွေ့ရပါတယ်။ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းဆိုတာက ဒီ Public Utility အမျိုးအစားဖြစ်တဲ့ ပြည်သူလူထုအသုံးပြု အခြေခံအဆောက်အဦ အမျိုးအစား ဖြစ်ပါတယ်။ အစိုးရက လိုအပ်ရင်အနစ်နာခံ အရှုံးခံပြီးတော့ ဆွဲရတဲ့အပိုင်းမျိုးဖြစ်ပါတယ်။ အခု အောင်တံခွန်(၃)သင်္ဘောဟာ မြစ်ကြောင်းသွား သင်္ဘောအမျိုးအစား ဖြစ်ပါတယ်။ မြစ်ထဲမှာလည်းသွားပါတယ်။ ချောင်းတွေထဲမှာလည်း ဒီသင်္ဘောပဲသွားပါတယ်။

ဒါပေမဲ့ အခု တိမ်းမှောက်သွားတဲ့ နေရာက ပင်လယ်ဝဖြစ်ပါတယ်။ အဲဒီ သင်္ဘော ဒီပင်လယ်ဝကို နေ့တစ်ဝက်နီးပါးလောက် သွားရပါတယ်။ မိုးတွင်းဆိုလို့ရှိရင် လှိုင်းတွေက သင်္ဘော ရှေ့ကဝင်ပါတယ်။ သင်္ဘောနောက်ကထွက်သွားပါတယ်၊ ဆိုတော့ ကျွန်တော်တို့ အဲဒီ ပင်လယ်ခရီးကို သွားမယ့် သင်္ဘောတွေဟာ မြစ်ကြောင်းသွား သင်္ဘောအမျိုးအစားမဖြစ်ဘဲနဲ့ လှိုင်းဒဏ်၊ လေဒဏ်ကို ခံနိုင်တဲ့ ရေစူးနက်တဲ့သင်္ဘောဖြစ်ဖို့ လိုပါတယ်။ ဒီသင်္ဘောက တောင်ကုတ်မြို့က စထွက်တဲ့အခါကပင် လူနဲ့ကုန်ကို အဆမတန် တင်ပါတယ်။ သင်္ဘောကလည်း အဟောင်းကြီးပါ။ ဒေါက်မတင်တာကလည်း (၂)နှစ်ကြာပါပြီ။ သင်္ဘောမထွက်ခွာမှီ သက်ဆိုင်ရာကလည်း ဟန့်တားမှုတို့၊ စစ်ဆေးမှုတို့ကိုကောင်းစွာ မလုပ်ပါဘူး။ အဲဒီရေယာဉ်မှ မဟုတ်ပါဘူး။ အခြားအမြန်ယာဉ်တွေလည်း အဲဒီလိုပါပဲ။ ကုန်စည်တွေကို အများကြီးတင်ပါတယ်။ မော်တော်ဆိုင်ကယ်တွေကို အပေါ်မှာ အများကြီးတင်တာ တွေ့ပါတယ်။ ခရီးသည်တွေကိုလည်း ကြားခုံတွေနဲ့ မဆန့်အောင် တင်တာလည်းတွေ့ရပါတယ်။ သင်္ဘောပေါ်မှာ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းတွေကလည်း မပြည့်စုံပါဘူး။ အသက်ကယ်ဆယ်ရေးပစ္စည်းတွေ မပါပါဘူး။ အချက်ပြမီးတွေ ဥပဒေအရ တပ်ဆင်ပေးရပါမည်။ ဆက်သွယ်ရေးကိရိယာတွေ၊ ရေဒီယို တွေလည်း မပါရှိပါဘူး။ ကယ်ဆယ်ရေးကိရိယာတွေဖြစ်တဲ့ ထမ်းစင်တွေ၊ အလောင်းထည့်တဲ့

အိတ်တွေကိုလည်း အစိုးရပိုင်းက ပြည့်စုံအောင် ဒီကယ်ဆယ်ရေးအပိုင်းမှာ မလုပ်ပေးနိုင်တာကို တွေ့ရှိရပါတယ်။ အမှန်က ဒီကိစ္စကို အစိုးရက ဦးဆောင်လုပ်ရမယ့်အစား လူထုကပဲတတ်နိုင်သမျှ ကြိုးစားပြီးတော့ လုပ်ဆောင်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ သင်္ဘောအတွက် အာမခံလုပ်မထားဘဲနဲ့ ခရီးသည်တွေအတွက် အာမခံ လုပ်မထားတာမျိုးကိုလည်း တွေ့ရှိရပါတယ်။ ပုဂ္ဂလိကကားလိုင်းတွေ၊ လေယာဉ်လိုင်းတွေတောင်မှ အသက်အာမခံလုပ်ပေးထားတာကို ဒီကနေ့ခေတ်မှာ တွေ့ရှိရပါတယ်။ အဲဒါမျိုးလည်း မဖြစ်သင့်ပါဘူး။

အဲဒါကြောင့် အခုလျော်ကြေးပေးတဲ့အခါမှာ မူဝါဒတိတိကျကျမရှိတဲ့အတွက် သတ်မှတ်ထားတဲ့ လျော်ကြေးငွေတွေကိုလည်းမရဘဲနဲ့ အဆင်ပြေသလို လှူဒါန်းငွေတွေထည့်ဝင်ပြီးတော့ ပေးနေတာတွေကိုလည်း တွေ့ရှိရပါတယ်။ အမှန်ကတော့ အစိုးရက တာဝန်ခံပြီးတော့ သင့်တော်အောင်၊ လုံလောက်အောင် ဒီကိစ္စတွေမှာ ထောက်ပံ့ပေးသင့်ပါတယ်။ အခုဖြစ်ရပ် ဖြစ်ပျက်သွားတာဟာ ရခိုင်ပြည်နယ် ပို့ဆောင်ရေးဆိုင်ရာ မူဝါဒ ချို့ယွင်းနေတာတွေနဲ့ ပတ်သက်ပါတယ်။ တောင်ကုတ်မြို့နဲ့ စစ်တွေမြို့ဟာ အဖြောင့်တိုင်းဆိုရင် မိုင်(၂၀၀)ကျော်လောက်ဝေးပါမယ်။ အဲဒါကို ကားလမ်းကောင်းကောင်း ဖောက်ပေးလိုက်ရင် မိုင်(၃၀၀)သာသာလောက်ပဲဝေးမှာ ဖြစ်ပါတယ်။ ရန်ကုန်နဲ့ မိတ္ထီလာ ကျော်ကျော်လောက် အကွာအဝေးလောက်ပဲ ရှိပါတယ်။

ဒါပေမဲ့ စစ်တွေနဲ့ တောင်ကုတ်အကြားမှာ အဲဒီလိုကားလမ်းမျိုး၊ တံတားမျိုးတွေ မရှိပါဘူး။ အခု အဲဒီလောက်ခရီးကို သင်္ဘောနဲ့ (၂)ညအိပ်သွားရပါတယ်။ တစ်ခါတစ်ရံ(၃)ညအိပ် မိုးတွင်းဆိုရင် (၃)ညအိပ်သွားရတာများပါတယ်။ ဒီကနေ့ခေတ်မှာ ခရီးသည်ပို့ဆောင်ရေးမှာ ရေကြောင်းကို မြန်မာနိုင်ငံမှာ သိပ်မသုံးတော့ပါဘူး။ ဧရာဝတီအပိုင်းမှာလည်း အဲဒီလိုပါပဲ။ တနင်္သာရီအပိုင်းမှာလည်း အဲဒီလိုပါပဲ။ ကုန်ပစ္စည်းတွေကိုသာ ရေကြောင်းမှာ အများဆုံး အသုံးပြုနေတာကို တွေ့ရပါတယ်။ အခု တနင်္သာရီကမ်းရိုးတမ်းဘက်မှာ ကားလမ်းတွေ တော်တော်ကောင်းလာပါတယ်။ ကောင်းလာတော့ ဒီရေကြောင်းသွားလာမှု၊ ပို့ဆောင်မှုတွေကို လျော့နည်းလာပါတယ်။ အဲဒါကြောင့် ဒီသင်္ဘောတို့၊ မော်တော်တို့ ထိခိုက်မှုနည်းလာတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းဆက်သွယ်ရေးမှာလည်း ဒီခရီးသည်ပို့ဆောင်ရေးတွေကို လွန်ခဲ့တဲ့ အနှစ်(၅၀)ကျော် (၆၀)အတွင်းမှာ ဘာမှမပြောင်းလဲပဲနဲ့ ရေကြောင်းကိုပဲ အဓိကထားပြီးတော့ သုံးတာတွေကို လျော့ချပြီးတော့ ဒီအမြန်ကားလမ်းတွေ ဖောက်ဖို့ လိုအပ်နေတာကို တွေ့ရှိရပါတယ်။ ဟိုတလောက တောင်ကိုရီးယားသင်္ဘော မှောက်တဲ့အခါ တောင်ကိုရီးယားအစိုးရက တော်တော်အပင်ပန်းခံပြီးတော့ ဦးဆောင်ပြီးတော့ ကြိုးစားပမ်းစား ကြိုဆိုတာတွေ၊ စစ်ဆေးတာတွေကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ဒီလောက်အဆင့်မဟုတ်ဆိုရင်လည်း နိုင်ငံအဆင့်တွေနဲ့ကိုက်ညီအောင် အစိုးရက သင့်တော်တဲ့အရေးယူတဲ့ ဆောင်ရွက်မှုတွေကို လုပ်ဆောင်ဖို့လိုတယ်လို့ ဆွေးနွေးရင်း ကျွန်တော် ဦးအုန်းတင် ရဲ့ အဆိုကို ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၆။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၆။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဘူးသီးတောင်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ရဲ့ အရေးတကြီး အဆိုတင်သွင်းခြင်းကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ထောက်ခံတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ အခု အစည်းအဝေးကို တက်ရောက် နေကြတဲ့ ကိုယ်စားလှယ်များ၊ အိမ်နီးချင်းကိုယ်စားလှယ်များ သိရှိအောင်အတွက် ကျွန်တော် အနည်းငယ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကိုလည်း အနည်းငယ်တင်ပြပါမယ်။ ပထမအနေနဲ့ ကျွန်တော်ကတော့ ခြေဆင်းအနေနဲ့ ဆွေးနွေးရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီနည်းလမ်းအတိုင်း ချီတက်နေတဲ့နေရာမှာ အများပြည်သူတို့ သွားလာရေးလွယ်ကူစေရန်အတွက် Transport Network ဆိုတဲ့ အဆိုတစ်ရပ်ကို ပြည်ထောင်စုလွှတ်တော်မှာ တင်ပြပြီးတော့ အတည်ပြုခဲ့တာတွေ့ပါတယ်။ ကျွန်တော်တို့လည်း ထောက်ခံခဲ့ပါတယ်။

ဒါပေမယ်လို့ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းမှာ တိုးတက်မှု မရှိဘဲ ယခင်အတိုင်းပဲ ရှိနေတာကို တွေ့ရှိရပါတယ်။ အဲဒီအတွေ့အကြုံအရအဆိုရင် ကျွန်တော်တို့ သိရှိအောင်လို့ အနည်းငယ်တင်ပြပါမယ်။ ကုန်းလမ်းမှာဆိုရင် ကျွန်တော်နဲ့ တိုက်ဆိုင်လား မသိပါ။ စစ်တွေနဲ့ ရန်ကုန် ကျွန်တော် (၃)ကြိမ်တိတိ ကုန်းလမ်းနဲ့သွားဖူးပါတယ်။ ပထမတစ်ရက်မှာ စစ်တွေနဲ့ ရန်ကုန်ကို ပုံမှန်အားဖြင့် (၁)ညအိပ် ကားမတန့်ဘဲ (၁)ညအိပ် သွားရပါတယ်။ ဒါပေမဲ့ ကျွန်တော်စီးတဲ့ ကားကတော့ အဲဒီပထမ အခေါက်ဟာဆိုရင် (၁)ရက်(၂)ရက်အိပ်ရပါတယ်။ လမ်းမှာ ရွှံ့မှာမြုပ်နေလို့ (၁)ညအိပ်ရပါတယ်။ နောက်တစ်ခါ သွားပါတယ်၊ အဲဒီလမ်းမှာ တံတားကျိုးနေတယ်ဆိုပြီးတော့ (၅)ရက်၊ တောမှာပဲ တောထမင်း တောဟင်းကို စားပြီးတော့ နေခဲ့ရပါတယ်။ နောက်တစ်ကြိမ်သွားတော့လည်း စက်ပျက်ပြီဆိုပြီးတော့ စပယ်ရာက ရန်ကုန်ကိုတစ်ခါ သွားပြီးတော့ ပြန်ပြီးတော့ ယူပြီးမှလုပ်ရတယ်။ ဒါတော်တော်အခက်အခဲ ကြုံရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်က ကုန်းလမ်းဆက်သွယ်ရေးကိုလည်း အားကိုးစရာ သိပ်မရှိရပါ။ လေလမ်းကတော့ အရမ်းကောင်းပါတယ်။ အကျဉ်းချုပ်ပြောရမယ်ဆိုရင် Online ဆိုပြီးတော့ Online နဲ့ လက်မှတ်ခံယူရတဲ့အတွက် ကျွန်တော်တို့က လူကြီးတွေကတော့ ဆန္ဒနဲ့လုပ်ပေမယ့် ဘဝမှာတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ လျှပ်စစ်မီးမရှိဘူး။ နောက်ပြီးတော့ ဆက်သွယ်ရေး ကိရိယာတွေ မရှိတဲ့အတွက် Online ပတ်သက်ပြီးတော့ အခက်အခဲရှိပါတယ်။ ကျွန်တော် ဒီတစ်ခေါက် အစည်းအဝေးကို (၅)ရက်ကြိုတင်ပြီးတော့ လာရမယ်ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက ဖိတ်ကြားတဲ့အတွက် ကျွန်တော် (၅)ရက်ကြိုတင်လာရပါတယ်။

ဒါပေမဲ့ ကျွန်တော်ကတော့ လေကြောင်းနဲ့ပတ်သက်ပြီးတော့ လွယ်ကူတယ်ဆိုပြီးတော့ သွားတော့ ကျွန်တော် အဲဒီမှာပဲ (၄)ရက်တိုင်တိုင် စစ်တွေမှာ နေခဲ့ရပါတယ်။ လက်မှတ်တစ်စောင်ရဖို့အတွက် Online နဲ့ သူက ကျွန်တော်ပြောတဲ့ Online က ဘယ်လိုလုပ်တာလဲ၊ ကျွန်တော်တို့ကိုယ်တိုင်

လုပ်လို့ မရဘူးလား ဆိုတော့ မရဘူး။ ရန်ကုန်ကမှ ရတယ်၊ စသည်အားဖြင့်ပေါ့လေ၊ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်က (၄)ရက်တိုင်တိုင် စောင့်နေရတယ် ဆိုတော့ ပြည်သူတွေ ဘယ်လောက် အခက်အခဲရှိမယ် ဆိုတာကို တွေ့ရပါတယ်။ ဒါနဲ့ ရခိုင်ပြည်နယ်မှာ လေကြောင်းအနေနဲ့ တော်တော်အခက်အခဲ ရှိတဲ့အတွက် သိပ်အားမကိုးရပါဘူး။ ဒါပေမဲ့ ရေကြောင်းကတော့ ကျွန်တော်တို့ အားအကိုးရဆုံး၊ အသုံးအဝင်ဆုံး ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ အဲဒီရေကြောင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ငယ်စဉ်တောင်ကျေး ကလေးဘဝကပေါ့၊ ကျွန်တော်တို့ ဘူးသီးတောင်နဲ့ စစ်တွေကို သင်္ဘောနဲ့ အမြဲတမ်းသွားလာနေရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ရေကြောင်းကို ရခိုင်ပြည်နယ်က ရေကြောင်းကို အများအားဖြင့် အသုံးပြုကြတာ ဖြစ်ပါတယ်။ အခု ရခိုင်ပြည်နယ်မှာရှိနေတဲ့ သင်္ဘောတွေ စစ်တွေမှာ ရှိနေကြပါတယ်။ ကျွန်တော်တို့ အဲဒီသင်္ဘောက တစ်ရက်လာမည်ဆိုလည်း အဲဒီသင်္ဘောပါပဲ၊ သင်္ဘောက တစ်ခါလာ ရင်လည်း ဒေါက်နဲ့ ဖာထေးလို့၊ စက်ပျက်လို့ တစ်ခါလာလည်း ဟောင်းနွမ်းပျက်စီးပြီးတော့ အဝေးက လူပြိန်းတစ်ယောက်တောင်မြင်ရတယ်။ ဒီသင်္ဘောဟာ ခိုင်မှာမဟုတ်ဘူး၊ ပေါက်မှာပါ စသည်အားဖြင့် ပြောကြတာကို တွေ့ရှိရပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ရခိုင်က ရေငန်ဒေသမို့လို့ သံချေးက မြန်မြန်ကြီးတက်ပါတယ်။ တခြားဒေသမှာ ရေချိုဒေသမှာ သင်္ဘောတစ်စီးကို တစ်လတစ်ကြိမ်လို အပ်ရင် ကျွန်တော်ဆီမှာ တစ်လသုံးကြိမ်လောက်လုပ်မှ တန်ရာကျမှာဖြစ်ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ရခိုင်မှာရှိနေတဲ့ သင်္ဘောတွေက ဒီအတိုင်းပဲ သံချေးအရောင်တွေနဲ့ပဲ သင်္ဘောဆေးအရောင် မရှိဘူး။ သံချေးအရောင်တွေနဲ့ပဲ။ အမြဲတမ်းမြင်နေရပါ တာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အဲဒီသင်္ဘောတွေဟာ သွားနေရတာ အသက်ကိုစွန့်ပြီးတော့ ရခိုင်ပြည်နယ်မှာ ရှိတဲ့ ရခိုင်ပြည်နယ်အပါအဝင်ပေါ့လေ၊ ကျွန်တော်တို့ တခြားပြည်နယ်တိုင်းဒေသတွေက လာတဲ့ ဧည့်သည်တွေ၊ အစိုးရဝန်ထမ်းတွေလည်း အဲဒီ သင်္ဘောနဲ့ သွားရတဲ့အတွက် အကုန်လုံးအသက်ကို စွန့်ပြီးတော့ သွားနေရတဲ့အခြေအနေဖြစ်ပါတယ်။

နောက်ပြီးတော့ သင်္ဘောကို ကြည့်လိုက်ရင် သင်္ဘောပေါ်မှာ ခရီးသည်တွေက နေရာတင်ဖို့ ခွင့်ပြုထားပေမယ့် ခုနက  လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် တင်ပြထားတဲ့အတိုင်း ပိုပြီး တော့ တင်ထားတာတွေ့ပါတယ်။ အဲဒီပို၍တင်ထားတာကို လက်မှတ်ဖြတ်တဲ့လူက လက်မှတ်ဝယ် တယ်။ တချို့က လက်မှတ်မဝယ်ပဲ ဒီအတိုင်းပဲဆင်းလာပြီးတော့ သင်္ဘောလက်မှတ်စစ်တဲ့အခါ အဲဒီ လက်မှတ်အစား ငွေကောက်တာကို ကျွန်တော်တို့ကိုယ်တိုင်က နေ့တိုင်းလိုလို၊ နေ့စဉ်လိုလို ကျွန်တော်တို့ မြင်နေရပါတယ်။ နောက်ပြီးတော့ ကုန်းပတ်အပေါ်မှာရှိတဲ့ ပစ္စည်းတွေလည်း ဒီအတိုင်းအများကြီးပါ။ တောင်လိုပုံထားပါတယ်။ သင်္ဘောဦးပိုင်းကနေပြီးတော့ ဘေးပိုင်းကိုကြည့်လိုက်ရင် မမြင်ရပါဘူး။ သင်္ဘောက ပစ္စည်းတွေကတစ်ဘက် တစ်စင်းဆိုရင်တစ်စင်း ခေါင်မိုးပေါ်မှာတိုင်းပြီးတော့ ပြွတ်သိပ်ပြီး တော့ ထားတဲ့အတွက် ရှေ့က လူကနောက်ကို မမြင်ရပါဘူး၊ နောက်ကလူကရှေ့ကို မမြင်ရပါဘူး၊ ကုန်ကြို ကုန်ကြားကနေသွားပြီးတော့ လိုက်ရှာရတဲ့အဆင့်ကို ရှိပါတယ်။ အဲဒီကိစ္စ အဲဒီပစ္စည်းတွေကို များတယ် ဆိုပြီးတော့ လူတချို့ကလည်း ပိုက်ဆံတောင်းကြတာကို ကျွန်တော်တို့ အမြဲတမ်းမြင်ရပါတယ်။ အဲဒါတွေက အလိုအလျောက် သူတို့က ပုံသေနည်းလို အလိုအလျောက်ဖြစ်နေပါတယ်။ ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်ရပါတယ်။

ဒါကြောင့် တစ်ချိန်ချိန်မှာ ကျွန်တော်တို့ ဘူးသီးတောင်မှာရှိတဲ့ ရေယာဉ်တွေလည်း မှောက်နိုင်ပါတယ်၊ တိမ်းစောင်းနိုင်ပါတယ်။ ကျွန်တော်တို့က မြစ်ပြင်ကျယ်တွေ ရှိပါတယ်။ ထို့နည်းတူ ကျွန်တော်တို့ Compared လုပ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ဒေသမှာတောင် ဒီလောက်မြစ်နည်းနည်းကျဉ်းတယ်ဆိုပေမယ့် (၁)ဖာလုံခွဲ(၂)ဖာလုံလောက်တော့ကျယ်ပါတယ်။ အဲဒီ ကျွန်တော်တို့ ဘူးသီးတောင်၊ စစ်တွေမှာသွားတဲ့ သင်္ဘောကိုယ်တိုင်တောင်က ဒီလိုဖြစ်နေရင် ကိုယ့်သင်္ဘောကို ပင်လယ်ကိုဖြတ်နိုင်တဲ့ သင်္ဘောဟာ ဘယ်လိုရှိမလဲဆိုတာကို ဥက္ကဋ္ဌကြီးနဲ့တကွ ကိုယ်စားလှယ်တော်ကြီးများ ချင့်ချိန်သုံး သပ်လို့ရပါတယ်။

ဒါကြောင့် ဒီသင်္ဘောဟာ မဖြစ်သင့်ပဲ ဖြစ်ရတဲ့လူသေမှု ဖြစ်တာကိုတွေ့ရှိရပါတယ်။ နောက်တစ်ကဏ္ဍပြောရမယ်ဆိုရင် အမြန်ယာဉ်ကိစ္စပါ။ အမြန်ယာဉ်လို့ပေါ်လာပါတယ်။ အမြန်ယာဉ်မှာ လူပေါင်း(၁၅၀)တင်ဖို့ ခုံရှိပါတယ်။ အဲဒီခုံမှာ (၁၅၀)တင်တယ်။ နောက် ကြားမှာ ပလပ်စတစ်ခုံလေးတွေနဲ့ တန်းပြီးတော့ထားတယ်။ ရသေ့တောင်ရောက်ပြန်တော့လည်း အဲဒီမှာတစ်ခါ လူပေါင်း(၁၀၀)လောက် တက်ပါတယ်။ နေရာမရှိဘူး၊ ခေါင်မိုးပေါ်မှာသွား၊ ခေါင်မိုးပေါ်မှာတချို့၊ ရှေ့ကကုန်းပတ်ရဲ့ရှေ့မှာတချို့၊ နောက်စက်ခန်းနားမှာတချို့တင်ရပါတယ်။ တင်တော့ သင်္ဘောက အမြန်ခုတ်သင်္ဘောဆိုတော့ နည်းနည်းတိမ်းမှောက်ရင်မလွယ်ပါ။ နည်းနည်းစောင်းလိုက်ရင်မလွယ်ပါ။ အဲဒါကိုချိန်ပြီးတော့သွားရတာ လိုက်ရတဲ့သူကလည်း အသက်ကိုရင်မှာတင်ပြီးတော့ သွားရပါတယ်။ ဒီတစ်ခေါက် ကျွန်တော် အစည်းအဝေးလာတုန်းကလည်း ဒီလိုပုံစံမျိုးဖြစ်ပါတယ်။ သင်္ဘောက ဘူးသီးတောင်ကလာတဲ့အချိန်ကစပြီးတော့ လူကအပြည့် ပြည့်တဲ့အထဲမှာ တစ်ခါ ရသေ့တောင်လိုလမ်းမှာ တင်တာရှိပါတယ်။ တင်တော့ နေရာမရှိ ခေါင်မိုးပေါ်မှာတင်ပါတယ်။ သင်္ဘောက ငယ်ပါတယ်။ လှိုင်းကလည်းများတယ်။ လေကတိုက်တယ်။ ပြီးတော့ စစ်တွေရောက်တဲ့အခါမှ အသက်ကချရပါတယ်။ အဲဒီနေ့က ကျွန်တော် တစ်ညတောင် မအိပ်နိုင်ပါဘူး။ ဒါ ကျွန်တော်ရဲ့ ခံစားချက်ပါ။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒီရေယာဉ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်အစည်းအဝေးပြီးတဲ့ အပြန်မှာ ပြည်ထောင်စုဝန်ကြီးတစ်ဦး ဦးဆောင်ပြီးတော့ အဖွဲ့တစ်ဖွဲ့ဟာ လမ်းပန်းဆက်သွယ်ရေးတွေကို စစ်ဆေးဖို့အတွက် ရောက်ရှိပါတယ်။ ကျွန်တော်တို့ ဘူးသီးတောင်မှာ စစ်ဆေးပြီးတော့ စစ်တွေမှာ ဖုန်းခေါ်ပြီးတော့ အစည်းအဝေးလုပ်ပါတယ်။ အစည်းအဝေးလုပ်တာ ကျွန်တော်ရဲ့ အဖွဲ့တစ်ဖွဲ့ကို ပြန်တင်ပြပါ။ အမြန်ယာဉ်တွေမှာ လူတွေပြည့်သိပ်နေတဲ့အတွက် အမြန်ယာဉ်တစ်စီး နောက်ထပ်တိုးပေးဖို့အတွက် တင်ပြပါဆိုပြီး သူက တင်ပြတဲ့အခါ ရခိုင်ပြည်နယ်မှာ လမ်းပန်းဆက်သွယ်ရေးနဲ့ပတ်သက်ပြီးတော့ အကြီးဆုံးပုဂ္ဂိုလ်က၊ တာဝန်ရှိတဲ့သူက ဘာပြောလည်းဆိုရင် ကိစ္စမရှိပါဘူး၊ မလိုပါဘူးဆိုပြီးပြောပါတယ်။ ကျွန်တော် အံ့ဩပြီးတော့ ပြန်လာခဲ့ရပါတယ်။ အဲဒါကို ချုံပြီးကြည့်လိုက်မယ်ဆိုရင် သူတို့အုပ်ချုပ်တဲ့ တာဝန်ရှိတဲ့လူတွေက အဲဒီလုပ်ငန်းခွင်ကို သွားပြီးတော့ မလေ့လာဘူး။ နောက်ပြီးတော့ အဲဒီမှာရှိတဲ့ အကြီးအကဲတွေ ဆိပ်ကမ်းအာဏာပိုင် အဖွဲ့အစည်းတွေ၊ နောက်ပြီးတော့ သင်္ဘောဆိုရင်လည်း သင်္ဘောနဲ့ပတ်သက်ပြီးတော့ အကြီးအကဲတွေက သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ဘာတွေကို တင်ပြမှုအားနည်းနေလို့ တွေ့ရှိရပါတယ်။ အခုလည်းဒီလိုပါပဲ။ အခု ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့နေရာမှာ အများအားဖြင့်တော့ ပေါ့လျော့မှုရှိနေတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ဒီကိစ္စတွေကို ကျွန်တော်တို့က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီးတော့ ဘယ်သူမှာ တာဝန်ရှိတယ်၊ ဘယ်သူကတာဝန်ယူတယ်၊ ဘယ်သူက တာဝန်ပျက်ကွက်တယ်၊ ဘယ်သူက ဘယ်လို လုပ်နေတယ်ဆိုတာကို စိစစ်သုံးသပ်ဖို့အတွက် အဖွဲ့တွေဖွဲ့ပြီးတော့လုပ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော် ဦးအုန်းတင် ရဲ့အဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၅၈။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၄း၅၈။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးအေးချမ်း ကြပါစေလို့ ကျွန်မမေတ္တာပို့ရင်းနဲ့ ဂါရဝပြုပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)က ဦးအုန်းတင်ရဲ့အဆိုကို ကျွန်မ က ထောက်ခံသွားမှာ ဖြစ်ပါတယ်။ အဲဒီလိုထောက်ခံတဲ့အခါမှာ ကျွန်မ ဦးစွာတင်ပြချင်တာကတော့ ကျွန်မတို့ ရခိုင်ပြည်နယ်မှာ ရှိနေကြကုန်သော၊ ရခိုင်ပြည်နယ်ကနေ ဒီလွှတ်တော်အသီးသီးမှာ တက်ရောက်နေကြတဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ကနေပြီးမှ ပြည်ထောင်စုလွှတ်တော် မှာ ပါဝင်တက်ရောက်နေတဲ့ ရခိုင်ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်မက အင်မတန်ပဲ ဂုဏ်ယူဝမ်းမြောက်တဲ့အကြောင်း ကျွန်မပြောချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့နိုင်ငံရဲ့ လက်ရှိ နိုင်ငံရေးအခြေအနေအစစအရာရာမှာ အနောက်တံခါးလုံခြုံမှု နည်းပါးတဲ့ကြားထဲက ကျွန်မတို့ရဲ့ အမျိုးဘာသာ သာသနာကို နိုင်နိုင်နင်းနင်း စောင့်ရှောက်ပြီးတဲ့ အခါကျတော့မှ အခု ဒီရခိုင်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့ ရခိုင်ပြည်နယ်ရဲ့ အထွေထွေအရပ်ရပ်သော ကဏ္ဍအသီးသီးကို သူတို့ တတ်နိုင်သလောက်အားကြိုးမာန်တက်နဲ့ အမြဲတမ်းပဲ တက်တက်ကြွကြွနဲ့ ဆွေးနွေးပြီးတော့ တင်ပြတောင်းခံနေကြတဲ့ ရခိုင်ပြည်နယ်က ကိုယ်စားလှယ်တော်ကြီးများကို ကျွန်မက လေးစားဂုဏ်ယူ ပါတယ် ဆိုတာကို ကျွန်မ ဦးစွာပထမ တင်ပြလိုပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံမှာအခုလက်ရှိသွားနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်မတို့ ဖွံ့ဖြိုး တိုးတက်မှုနောက်ကျနေတဲ့ ဒေသတွေကိုကျွန်မတို့ နိုင်ငံတော်အစိုးရကနေပြီးတော့ ကဏ္ဍအသီးသီး မဏ္ဍိုင်အသီးသီးကနေပြီးတော့မှ ဦးစားပေးပြီးတော့တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက် ပေးနေတဲ့အချိန်မှာ ကျွန်မတို့နိုင်ငံတော်ကလည်း ဘတ်ဂျက်အသီးသီးနဲ့ နောက်တစ်ခါကျတော့ ကျွန်မတို့ လွှတ်တော်ကလည်း တတ်နိုင်တဲ့ဘက်ကနေပြီးတော့ သွားပြီးတော့ အဲဒီ ရခိုင်ပြည်နယ်ကို စောင့်ရှောက်ပြီးတော့ ပံ့ပိုးပေးနေတာကိုလည်း ကျွန်မတို့မြင်တွေ့နေရတာ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့ကတော့ လက်ရှိအခြေအနေမှာ လိုအပ်တာတွေကို လိုအပ်သလို အားကြိုးမာန်တက်နဲ့ တတ်နိုင်သလောက် ဆောင်ရွက်ပေးနေတယ်ဆိုတာ ကျွန်မတို့က မြင်တွေ့နေရတာ ဖြစ်ပါတယ်။ သို့သော်လည်း အခုဖြစ်တဲ့ ဖြစ်စဉ်ကတော့ မမျှော်လင့်ဘဲနဲ့၊ သတိမမူဘဲနဲ့ အလေးအနက် မထားခဲ့လို့ အခုလိုပဲဖြစ်တယ်လို့ ကျွန်မကတော့ အဲဒီလိုပဲယူဆပါတယ်။ ဘာလို့လဲဆိုတော့ သဘော်ကလည်း ချို့ယွင်းချက် ရှိတယ်။ လူကလည်း ချို့ယွင်းချက်ရှိတယ်။ ဆောင်ရွက်ချက်တွေကလည်း ချို့ယွင်းချက် ရှိတယ်။ အဲဒီ အပေါ်မှာပဲ ဖြစ်သွားပြီ။ အဲဒီလိုပဲ ကျွန်မကတော့ ယူဆပါတယ်။

နောက်တစ်ခုကတော့ ကျွန်မတို့ ဦးအုန်းတင် တင်ပြထားသလို အသက်သေဆုံးမှု၊ အခုပါသွားတဲ့ သင်္ဘောပေါ်မှာ၊ သင်္ဘောမှောက်တဲ့အခါမှာ (၁)ကတော့ အသက်သေဆုံးမှုတွေ အတွက်ပေါ့၊ နောက် (၂)ကတော့ ထိခိုက်ဒဏ်ရာရမှုအတွက်၊ နောက်(၃)ကတော့ ပစ္စည်းဆုံးရှုံးမှု အဲဒါတွေအတွက် လျော်ကြေးကိစ္စအား စုံစမ်းစစ်ဆေးပေးရန်၊ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ အရေးယူဆောင်ရွက်ပေးပါရန်လို့ သူက တောင်းဆိုထားတာဖြစ်ပါတယ်။ အဲဒီမှာတာဝန်ရှိတဲ့ လူတွေနဲ့ပတ်သက်ပြီးတော့ ဒါကတော့ အသီးသီးလည်း တင်ပြသွားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မကတော့ အဲဒီဟာကို ထပ်ပြီးတော့ မပြောတော့ပါဘူး လိုရင်း၊ တိုရှင်းကိုပဲ။ ကျွန်မတို့ ဒီနိုင်ငံတော်ကနေပြီးတော့ အဖွဲ့အစည်းအသီးသီးကလည်း အခုအခါမှာလိုအပ်တာကို ဆောင်ရွက်ပေးနေပြီ ဆိုတာလည်း အခုအသီးသီးကိုယ်စားလှယ်တော်ကြီးမှ တင်ပြထားတာတွေကို ကျွန်မတို့ ကြားသိရတဲ့အတွက်ကြောင့်မို့လို့ အဲဒီအတွက်လည်း ကျွန်မတို့က နောက်ထပ် ထပ်ပြီးတော့ဘာမှပြောစရာ မရှိတော့ပါဘူး။

နောက်တစ်ခုကတော့ ဘာလဲဆိုတဲ့အခါကျတော့ဒီနေ့မီဒီယာတွေထဲမှာ ပါတဲ့အခါကျတော့ ကျွန်မတို့က စဥ်ဆက်မပြတ် ကျွန်မတို့ ပြည်တွင်းမှာဖြစ်နေတဲ့အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့က အခြေအနေတွေကိုသိအောင် အမြဲတမ်းလေ့လာနေရတာဖြစ်တဲ့အတွက် မနက်ဆိုလို့ရှိရင် မလာခင်မှာကျွန်မမီဒီယာကို နည်းနည်းလေ့လာပါတယ်။ အဲဒီအခါမှာ အခုဒီဖြစ်နေတဲ့အဖြစ်အပျက်နဲ့ ပတ်သက်ပြီးတဲ့အခါကျတော့ ဒုက္ခရောက်နေတဲ့၊ သေဆုံးတဲ့လူတွေကိုရှာဖွေတာ၊ ကယ်ဆယ်တာ၊ နောက်တစ်ခါ ပြန်ပြီးတော့ ရောက်လာတဲ့လူတွေရဲ့ စိတ်နှလုံးကြေကွဲနေကြတာ နောက်ပြီးတော့ ပစ္စည်းတွေ ဆုံးရှုံးသွားတဲ့လူတွေအတွက် အစစအရာရာပေါ့။ စောစောကလည်း ဦးအုန်းတင် အဆိုကို တင်ပြသွားတဲ့အထဲမှာလည်း ပါပါတယ်။ သူတို့ဘယ်သူက ဘာတွေ ဆောင်ရွက်ပေးမလဲဆိုတာ မျှော်လင့် တကြီးနဲ့ စောင့်စားနေတယ်ဆိုတော့ အဲဒီသူ့ရဲ့တင်ပြချက်က ကျွန်မ တော်တော်လေးကျွန်မ စိတ်ထိခိုက်ပါတယ်။ အဲဒီစကားလုံးက။

အဲဒီတော့ ဒေသခံပြည်သူလူထုဟာ သူတို့ဒုက္ခရောက်တဲ့အခါမှာ ဘယ်ဆီက ဘာတွေ ကူညီမလဲ၊ ဘာတွေ ဆောင်ရွက်ပေးမလဲဆိုတာ မျှော်လင့်နေတယ်ဆိုတာ သဘာဝကျပါတယ်။ အဲဒီတော့ ကျွန်မမီဒီယာမှာတွေ့လိုက်တာ ဘာလဲဆိုတော့ ပြည်နယ်အဆင့်၊ အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင် စစ်တွေမြို့က မြို့မိမြို့ဖ ဦးသန်းထွန်းက သူကဘာပြောလဲဆိုတဲ့အခါကျတော့ လူသားချင်းစာနာမှုကို ကိုယ်စားပြုလုပ်ကိုင်ဖို့လာတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ အခုလိုလူ(၅၀)၊ (၁၀၀)အကြားသေဆုံးနေတဲ့ မသေဘဲကျန်တဲ့လူကလည်းဝမ်းနည်းကြေကွဲနေတာ အဲဒီလိုဖြစ်နေတာတွေကိုတောင်မှ လှည့်ကြည့်ဖော်တောင်မရဘဲနဲ့၊ အသိအမှတ်ပြုဖော်မရဘဲနဲ့ ဖြစ်နေတာဟာ ရခိုင်တိုင်းရင်းသားတွေအတွက်တော့ အဲဒီအဖွဲ့အစည်းတွေအပေါ်မှာ နားလည်ပေးနိုင်စရာ၊ ယုံကြည်ပေးနိုင်စရာမရှိဘူးထင်ပါတယ်ဆိုပြီးတော့ ပြောတာလေးကို ကျွန်မဖတ်ရပါတယ်။ အဲဒီတော့ ကျွန်မက ဥက္ကဋ္ဌကြီးကို ရိုသေလေးစားစွာနဲ့ပန်ကြားလိုပါတယ်။ ကျွန်မနည်းနည်းလေး ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်းနဲ့သူများနဲ့မတူတဲ့ရှုထောင့်ကနေပြီးတော့ ကျွန်မက ဒီဖြစ်စဥ်အပေါ်မှာ နည်းနည်းဆွေးနွေးချင်တာ ဖြစ်ပါတယ်။ အဲဒါဘာလို့လဲဆိုတဲ့အခါကျတော့ ဒါကတော့ ကျွန်မဒီနေရာမှာ ဒီလိုလေး ပြောလိုက်လို့ရှိရင်တော့ အတိုင်းအတာတစ်ခုအထိတော့ သိသင့်သိထိုက်တာကိုတော့ သိသွားမှာပဲလို့ အဲဒီလိုယူဆတဲ့အတွက်ကြောင့် ကျွန်မဒီမှာအဲဒီလို ဆွေးနွေးခြင်းဖြစ်ပါတယ်။

ကျွန်မဥက္ကဋ္ဌကြီးကို ပန်ကြားပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့နိုင်ငံက အခုအခါမှာ လွတ်လပ်ပွင့်လင်းလာပြီဖြစ်တဲ့အတွက် နိုင်ငံတကာနဲ့ဆက်ဆံပြီးတဲ့အခါကျမှ လိုအပ်တဲ့အတွေ့အကြုံ ဖလှယ်တာတွေ၊ အကူအညီယူတာတွေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လာပြီးတော့မှ ရင်းနှီးမြှုပ်နှံတာ တွေကို အားလုံးလက်သင့်ခံနေတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်မတို့ကုလသမ္မဂနဲ့ ပတ်သက်တဲ့ ဖြစ်စဥ်တွေပေါ့နော်။ ဖြစ်စဥ်တွေဆိုတာလည်း သူတို့ရဲ့ပါဝင်ပတ်သက်မှုတွေဟာ ကျွန်မတို့နိုင်ငံဟာ စဥ်ဆက်မပြတ် အခုဆိုလို့ရှိရင် ရှိနေတာဖြစ်ပါတယ်။ ဖြစ်တဲ့အခါကျတော့ ရခိုင်ကိစ္စနဲ့ပတ်သက်လို့ ရခိုင်ကဒေသခံ ပြည်သူလူထုတွေမျှော်လင့်၊ မျှော်လင့်သလို ဖြစ်မလာတဲ့အပေါ်မှာ ကျွန်မကလည်း အဲဒီအပေါ်မှာ နည်းနည်းထပ်ဖြည့်ပြီးတော့ ပြောချင်တာလေးရှိပါတယ်။ ဘာလဲဆိုတော့ ကျွန်မတို့ မနေ့ကပဲ အစည်းအဝေးခေါ်လို့၊ အစည်းအဝေး မဟုတ်ဘူး working dinner လို့ သူတို့က အဲဒီလိုမျိုး ကျွန်မတို့ကို ဖိတ်ပါတယ်။ ဖိတ်တဲ့အတွက် UN အဖွဲ့အစည်းတစ်ခုကပါ။ အဲဒီလိုဖိတ်တဲ့အတွက် ကြောင့်မို့လို့ ကျွန်မတို့ အမျိုးသမီးအမတ်တွေအားလုံး ဖိတ်တာပေါ့၊ မနေ့က အစည်းအဝေး၊ အစည်းအဝေး ဆိုတာထက် dinner ပေါ့။ ကျွန်မတို့သွားပါတယ်။ သွားရင်းနဲ့ကျွန်မတို့က သူတို့ရဲ့ သဘော တရားတွေကို အဲဒီမှာ ကျွန်မတို့ကို နည်းနည်းပြောပါတယ်။ ပြောတော့ရော ပြောတယ် ပဲထားပါ တော့လေ။ အဲဒီတော့ သူတို့က ဘယ်လိုလဲဆိုတဲ့ အခါကျတော့ ကျွန်မတို့ အမျိုးသမီးတွေကို ဖိတ်ပြီးတော့ အခု ဥက္ကဋ္ဌကြီးလာမယ့်ရှင့် ကျွန်မကို ကျွန်မ ထပ်ပြီးတော့ တောင်းဆိုတာပါ။ ခွင့်ပြုပါ။ အခုလာမယ့် မျိုးစောင့်ဥပဒေ(၄)ခုနဲ့ ပတ်သက်လို့ သူတို့ သဘောမတူတဲ့အကြောင်း၊ အားလုံးက ကန့်ကွက်ပေးဖို့အကြောင်း စသည်ဖြင့် အဓိကကတော့ ဒါပါပဲ။ အဲဒီလိုပြောပါတယ်။ နောက်ဆုံး ပြောရင်းပြောရင်းနဲ့ စကားထဲမှာ နည်းနည်းပါးပါး ကျွန်မတို့ သီးမခံနိုင်တာလေးတွေ ပါလာပါတယ်။ ပါလာတဲ့ အခါကျ တော့ နောက်ဆုံးကျတဲ့အခါကျတော့ ကျွန်မက ထပြီးပြောပါတယ်။

ဘာလဲဆိုတော့ ကျွန်မတို့နိုင်ငံကို လာပြီးတော့အခုလိုဆောင်ရွက်တာကို ကျေးဇူးတင်တယ်။ သို့သော်ငြားလည်းပဲ ကျွန်မတို့နိုင်ငံတော်က ဟိုတလောကပဲကျွန်မတို့သမ္မတကြီးကိုယ်တိုင် ပြောပြီး သား။ ရိုဟင်ဂျာဆိုတာကို မရှိလည်းမရှိဘူး၊ လက်သင့်လည်းမခံဘူးလို့ ပြောပြီးသား အဲဒီကိစ္စမျိုး၊ နောက်တစ်ခါကျတော့ ဟိုတလောကပဲ NNER ကျွန်မတို့ပညာရေးကို ကျွန်မတို့ လေးပွင့်ဆိုင်သွားတဲ့ အခါမှာ ပညာရေးဘတ်ဂျက်ကို (၂၀)ရာခိုင်နှုန်းပေးရမယ်လို့ အဲဒီလိုပြောတယ်။ ပြောပြီးတော့ နောက်တစ်ယောက်က ထပြီးတော့ ကုလသမဂ္ဂကိုယ်တိုင်က (၂၀)ရာခိုင်နှုန်းသတ်မှတ်ပြီးတော့ တောင်းတယ်လို့ အဲဒီလိုပြောတယ်။ အဲဒီလိုဆိုတော့ ကျွန်မ အဲဒါကိုပြောချင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့နိုင်ငံက ဒေသအတွင်းမှာ အဆင်းရဲဆုံးနိုင်ငံအနေနဲ့ ပါနေပြီးတော့ အင်မတန်အခြေအနေ ကောင်းနေတဲ့ အမေရိကန်တို့၊ ပြင်သစ်တို့မှာတောင်ပဲတကယ်လေ့လာကြည့်လို့ရှိရင် (၁၀)ရာခိုင်နှုန်း ကျော်ကျော်ပဲ (၁၂)ရာခိုင်နှုန်းပဲ ပေးနေတဲ့အချိန်မှာ ကျွန်မတို့နိုင်ငံကို (၂၀)ရာခိုင်နှုန်း ဒါ သူတို့ ပြောတာ၊ သူတို့ထဲက NNER ထဲက တစ်ယောက်ထပြောတာ။ (၂၀)ရာခိုင်နှုန်း ပေးရမယ်ဆိုတော့ ဒါ မတရားတဲ့တောင်းဆိုမှုပဲ လို့ပြောပါတယ်။ ကျွန်မတို့က ကျွန်မတို့နိုင်ငံကို စေတနာမေတ္တာနဲ့ အကျိုးပြုဖို့ အကြံပေးတာ ကျွန်မတို့က ထွေးထွေးနွေးနွေးနဲ့ ကြိုဆိုတယ်။ သို့သော်လည်းကျွန်မတို့ နိုင်ငံကို Pressure ပေးတာမျိုး၊ By Force သဘောမျိုး နဲ့အတင်းအကျပ်လုပ်ခိုင်းတာမျိုးဆိုလို့ရှိရင် လက်သင့် မခံဘူးလို့ ဟိုတလောကပဲ ကျွန်မကော်မတီကို သူတို့ လာပြီးတော့ ဆွေးနွေးတဲ့အချိန်ကတည်းကိုက ကျွန်မ ပြောပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ကို လိုအပ်တာထက်ပိုပြီးတော့ မပြောပါနဲ့၊

အဲဒီလိုဟာမျိုးကို ကျွန်မတို့က လက်သင့်မခံဘူးလို့ ဆုံးဖြတ်နေတာ ဒီမိုကရေစီကျင့်စဥ်အရ လွှတ်တော် ထဲမှာ ဆုံးဖြတ်နေတာဖြစ်တဲ့အတွက် အများနဲ့ ဆုံးဖြတ်မှာဖြစ်ပါတယ်ဆိုတာ ပြောပြီးသားပါလို့ ကျွန်မ ထပြောတယ်။ အဲဒီလိုပြောတဲ့အခါကျတော့

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်ဝိုင်းကြည် ခေါင်းစဥ်နဲ့သိပ်လွဲနေပြီ။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အဲဒီကျတဲ့အခါ ကျတော့ ဟုတ်ကဲ့။ နဲနဲတော့ ဆိုင်ပါတယ်ရှင့်။ ဘာလို့လည်းဆိုတဲ့အခါကျတော့ ဥက္ကဋ္ဌကြီးရှင့် ခေါင်းစဥ်နဲ့ပြီးတော့ အဲဒီကိုရောက်လာမှာပါ။ အဲဒီကိုရောက်လာမှာပါ။ အဲဒီကျတော့ တစ်ဦးက ဘာပြောလဲဆိုတော့ လွှတ်တော်ကို အယုံအကြည်မရှိဘူး။ လွှတ်တော်ကို အယုံအကြည်မရှိဘူး။ လွှတ်တော်က အနိုင်အထက် လုပ်ပြီးလို့ ဖြစ်သွားတယ်ဆိုရင် ကျွန်မတို့ဘယ်လိုလုပ်ရမလဲ၊ ကျွန်မတို့ကို ဘယ်လိုကူညီမလဲ ဆိုတာပြောပါဆိုပြီး အဲဒီဟာကိုတောင်းပါတယ်။ UN က သူတို့ကို ဒီဥပဒေတွေ ပျက်သွားအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကို ပြောပါဆိုပြီး ထပြောပါတယ်။ အဲဒီတော့ သူက ကျွန်မတို့ကို လိုအပ်တာ ထက်ပိုပြီးစော်ကားနေပြီလို့ ကျွန်မစိတ်ထဲမှာထင်တယ်။ သို့သော် ကျွန်မ ဆိုလိုတာက အခုဟိုမှာလူတွေ သေနေတယ်။ ပူဆွေးနေတယ်၊ ဝမ်းနည်းနေတယ်၊ ကြေကွဲ နေတယ်။ မျှော်လင့်နေတယ်။ ဒါပေမဲ့ အဲဒီမှာကျတော့ INGO တွေ၊ UN နဲ့ပတ်သက်တာတွေ လုံးဝ မသွားဘဲနဲ့ ဒီမှာကျတော့မှ လူစုပြီးတဲ့အခါကျတော့မှ ဒါကိုကန့်ကွက်ဖို့ တို့၊ ဘာတို့ဆိုတော့ ကျွန်မတို့ အခုအချိန်မှာ ဥက္ကဋ္ဌကြီး အရင်တုန်းက ကျွန်မတို့ကို မိန့်ကြားဖူးပါတယ်။ အရေးကြီးပြီ သွေးစည်း လို့ဆိုတာ မဟုတ်ဘူး။ အရေးကြီးကြီး၊ မကြီးကြီး ကျွန်မတို့ကသွေးစည်းရမယ် ဆိုတဲ့ စကားလုံးအတိုင်း ဘာပဲဖြစ်ဖြစ် ကျွန်မတို့ အခုအချိန်မှာ ဦးအုန်းတင်တောင်းဆိုနေတာ အခု နစ်နာသွားတဲ့လူတွေအတွက် သေဆုံးသွားတဲ့လူ ဆိုရင်လည်း သေဆုံးသွားတဲ့လူနဲ့ ထိုက်တန်တာ။ နောက်ဆုံးရှုံးတဲ့လူဆိုရင်လည်း ဆုံးရှုံးတာ၊ ပစ္စည်းဆုံးရှုံးတယ် ဆိုရင်လည်း ပစ္စည်းဆုံးရှုံးတာ။ အခုနက ထိခိုက်ဒဏ်ရာရတာလည်း ရတာ။ အဲဒါကို စုံစမ်းရေးကော်မရှင်ဖွဲ့ပြီးတော့ ဆောင်ရွက်ပေးပါလို့ တောင်းဆိုတဲ့အခါမှာ ကျွန်မတို့ လယ်ယာမြေတွေကို သိမ်းတဲ့ကိစ္စ။ ကျွန်မတို့က စုံစမ်းရေးကော်မရှင်ဖွဲ့တယ်။ ဖွဲ့တဲ့အခါမှာ လေ့လာတယ်။ ကျွန်မတို့က လက်တွေ့ဆောင်ရွက်တယ်။ ဆောင်ရွက်ပြီးတော့ လေ့လာတွေ့ရှိချက်တွေအပေါ်မှာ ကျွန်မတို့က ဝေဖန် သုံးသပ်ဆောင်ရွက်တယ်။

ဝေဖန်သုံးသပ်ပြီးတော့မှ ဝေဖန်သုံးသပ်လို့ရတဲ့အချက်ကို ကျွန်မတို့က အကြံပြုချက်နဲ့ တင်တယ်။ တင်ပြီးတော့မှ ကျွန်မတို့က ဆောင်ရွက်ပေးတဲ့ကော်မရှင်တစ်ရပ်ကို နိုင်ငံတော်ကို တောင်းပြီး တော့ အဲဒါကို နိုင်ငံတော်က ဆောင်ရွက်ပေးတယ်။ အခုလည်းအဲဒီလိုပဲ ကျွန်မတို့က ကျွန်မဆိုလိုတာက ပြီးခဲ့တဲ့ဟာတွေဖြစ်တဲ့အတွက် အရေးယူတာတွေ၊ အပြစ်ပေးတာတွေ။ ဘာတွေ ဖော်ထုတ်တာတွေ ဆိုတာထက် အခု နစ်နာသွားတဲ့ ပြည်သူလူထုကို အဓိကထားပြီးတော့အခါမှာ သူတို့ကို မျှော်လင့်နေသလို သူတို့ကိုဘယ်သူကများ ဘာများလုပ်ပေးမလဲဆိုတဲ့ မျှော်လင့်နေတဲ့ သူတို့ရဲ့ဆန္ဒလေး၊ သူတို့ရဲ့ကွက်လပ် ကလေး၊ သူတို့ရဲ့လိုအပ်ချက်ကလေးကို ဖြည့်ပေးနိုင်ဖို့အတွက် ကျွန်မအဲဒီဟာကို ရည်ရွယ်တာပါ။

သို့သော်လည်း အခု ကျွန်မပြောတာက ဘာပဲပြောပြော ဥစ္စာရင်လို ဥစ္စာရင်ခဲ၊ ဘယ်လောက်ပဲ ဘယ်သူက ဘာပြုနေနေ၊ ညာပြုနေနေ အရင်တုန်းက ကျွန်မတို့ကိုလိုနီခေတ်တုန်းက Divide and Rule ကို သုံးသွားတာပဲ။ ကျွန်မဘာမှတော့မပြောပါဘူး။ သို့သော်လည်းအခုကျွန်မတို့က

ကိုယ့်အချင်းချင်းပြန်ပြီးတော့ စည်းစည်းလုံးလုံးနဲ့ ဒီနယ်မှာဖြစ်နေတဲ့ လူတွေရဲ့ အပူသောကတွေကို နိုင်ငံတော်က သူတို့ဆန္ဒတွေကို ဖြည့်ပြီးတော့ငြိမ်းပေးသင့်တယ်လို့ ယူဆပါတယ်။ အဲဒါကြောင့်မို့ အခု ဦးအုန်းတင်တင်သွင်းတဲ့ အဆိုကို ကျွန်မက မည်သူ့ကိုမှ မထိခိုက်စေဘဲနဲ့ နစ်နာဆုံးရှုံးတဲ့ လူတွေ အပေါ်မှာ ဘယ်လိုလုပ်ပေးရင်ကောင်းမလဲ ဆိုတဲ့ဟာနဲ့ နောင်လာလတ္တံ့သော ဒီလိုဟာမျိုး မဖြစ်ပေါ် စေရေးအတွက် ဘယ်လိုဆောင်ရွက်ပေးရမလဲ ဆိုတာကို ဦးအုန်းတင် တောင်းဆိုထားတဲ့ အတိုင်းပဲ ကော်မရှင်တစ်ရပ် ဖွဲ့စည်းပေးတဲ့အခါကျတော့မှ ဆောင်ရွက်ပေးပါလို့ ကျွန်မလည်း အနူးအညွတ် ဒါကို ထောက်ခံမေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါရှင် အားလုံး။

**အချိန်၊ ၁၅း၁၁။**

**ဥက္ကဋ္ဌ။** ။ ကျေးဇူးတင်ပါတယ်။ (၁၅)မိနစ် ခေတ္တနားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅း၁၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၅း၂၇ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၅း၂၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၅း၃၁။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၅း၃၁။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုရှင်ဖြစ်တဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)က ဦးအုန်းတင် ရဲ့ အဆိုပါ အကြောင်းအရာများကို ထောက်ခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၅၊ မတ်လ ၁၃ ရက် ကျွန်တော်တို့တွေကတော့ Black Friday လို့ ခေါ်ကြပါတယ်။ အင်မတန်အပြစ်မဲ့တဲ့ ပြည်သူတွေ၊ ကျွန်တော်တို့စနစ်ကြောင့်၊ ကျွန်တော်တို့ ဆောင်ရွက်ရမယ့် လစ်ဟာမှုတွေကြောင့်၊ လူတွေရဲ့အမှားကြောင့် အသက်ဆုံးရှုံးသွားကြတဲ့အခါမှာ ဝမ်းနည်းစွာဖြင့် ကျွန်တော်တို့ဦးညွှတ်ရင်း ကောင်းရာသုဂတိကို သွားကြပါစေကြောင်း မေတ္တာ

ပို့သရင်းနဲ့ ဒီအဆိုကို ဦးအုန်းတင် တင်သွင်းခဲ့သလိုလည်း ကျွန်တော်တို့ သုံးသပ်ပါတယ်။ အသက်ရှင် ကျန်ရစ်ခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ရခိုင်ပြည်သူများအတွက်လည်းနောက်နောင် ဒီလိုမျိုးအဖြစ်မျိုးတွေနဲ့ ထပ်မံမကြုံတွေ့ရစေရန် ကျွန်တော်တို့နိုင်ငံတော်နဲ့ နိုင်ငံသားများကောင်းကျိုးအတွက် နိုင်ငံကို ဦးဆောင်တဲ့အစိုးရက ဆောင်ရွက်သင့်စရာများကို ဆောင်ရွက်သွားရန် အသိပေးခြင်းသဘောနဲ့ လည်းကောင်း၊ ကျွန်တော်တို့ရဲ့ဒီမိဘပြည်သူများရဲ့ဆုံးရှုံးသွားကြတဲ့ ကုန်ပစ္စည်းတွေကို သင့်တော်တဲ့ နှုန်းထားလေးတွေနဲ့ ပြန်လည်ပြီးမှ နိုင်ငံတော်က ထောက်ပံ့ပေးစေလိုတဲ့ သဘောနဲ့လည်းကောင်း၊ တင်သွင်းခဲ့တဲ့အခါမှာ ကျွန်တော်တို့မှာ ဆင်ခြင်စရာတွေ အများကြီးတွေ့ရပါတယ်။

ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ပြောရလို့ရှိရင် ပြည်သူ့လွှတ်တော်ဘက်မှာ ဒီကိစ္စကို အရေးကြီးအဆိုတစ်ခုအဖြစ် တင်သွင်းဖို့ကြိုးစားခဲ့ကြပါတယ်။ သို့သော်လည်းပဲ အမျိုးသားလွှတ်တော် ဘက်မှာ ကျွန်တော်တို့ရဲ့ လွှတ်တော်ကြီးနှစ်ရပ်ဟာ လွတ်လပ်ပြီးမှ အမှီအခိုကင်းစွာဖြင့်ပြည်သူတွေရဲ့ အခြေအနေအရပ်ရပ်အကြောင်းတွေကို ဗဟိုပြုပြီးမှ အမျိုးသားလွှတ်တော်ရဲ့ပြဋ္ဌာန်းဥပဒေများနဲ့အညီ သံဝေဂယူစရာ၊ ဆင်ခြင်စရာ ကျွန်တော်တို့ ခေတ်စနစ်တစ်ခုရဲ့ လစ်ဟာမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ရည်ရွယ်ချက်ကောင်းဖြင့် ခွင့်ပြုပေးခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီးရဲ့ အမျှော်အမြင်ကြီးမှုကြောင့် ဒီနေ့ဆိုရင် ပြည်သူ့လွှတ်တော်ဘက်မှာလည်းပဲ ဒီကဏ္ဍကိုပဲ အရေးကြီးအဆိုတစ်ရပ်အဖြစ် တင်သွင်း ဆွေးနွေးခွင့်ရခဲ့ကြတဲ့အခါမှာ ဆုံးရှုံးနစ်နာသွားကြတဲ့ ရခိုင်ပြည်သူများနဲ့အတူ ဒီလိုအဖြစ်မျိုး၊ ဒီလို အခြေအနေမျိုး နောင်မဖြစ်ဖို့နိုင်ရန်၊ ဆင်ခြင်နိုင်ရန်အတွက် တစ်နိုင်ငံလုံးမှာရှိကြတဲ့ရေကြောင်းကို အားကိုးရတဲ့ ပြည်သူတွေ၊ ကမ်းရိုးတမ်းကို အားကိုးအားထားပြုကြတဲ့ပြည်သူတွေ ဆင်ခြင်နိုင်အောင် ကျွန်တော်တို့ရဲ့ အစိုးရတစ်ရပ်ရဲ့၊ အစိုးရစနစ်တစ်ရပ်ရဲ့ ပြည်သူကိုဗဟိုပြုသင့်တဲ့၊ ချဉ်းကပ်သင့်တဲ့ အကြောင်းအရာတွေကို ထောက်ပြပြီးတော့မှ အချက်(၂)၊ (၃)ချက်ကို ဆွေးနွေးတင်ပြသွားလိုပါတယ်။

ကျွန်တော်တို့ဟာ ပွင့်ပွင့်လင်းလင်း တင်ပြရလို့ရှိရင် အစိုးရကောင်းတစ်ရပ်ဟာ မိမိရဲ့ ရငွေ အတွက် အခွန်အတုတ်များနဲ့ တခြားပို့ကုန်များကိုအခြေပြုပြီးမှ မိမိရဲ့စီမံခန့်ခွဲမှု၊ တရားဥပဒေ စိုးမိုးမှု၊ ပြည်သူ့အင်အား စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရဖို့အတွက်လိုအပ်တဲ့ Organization များကို ဦးစီးဌာန၊ ဝန်ကြီးဌာနများကို ဖွဲ့စည်းပြီးမှ ဆောင်ရွက်အပ်သလို ပြည်သူကို Sought City လုပ်ပေးရမယ့်၊ ပြည်သူကို အလုပ်အကျွေးပြုရမယ့် နိုင်ငံသားတစ်ယောက်ရဲ့ မူလအခွင့်အရေးများကို နစ်နာဆုံးရှုံးတာနဲ့အတူ ပြည်သူနဲ့အတူခံစားပြီးမှ လူမှုဒုက္ခများကို ကယ်တင်ဖို့အတွက် ဆောင်ရွက်ပေး ရမယ့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကို ချဉ်းကပ်ရမယ့်ကဏ္ဍကို ကျွန်တော်တို့ အကောင်အထည် ဖော် ပေးရမယ်ဆိုတဲ့ အသိလေးတစ်ခုကို တင်ပြချင်ပါတယ်။ တစ်နည်းအားဖြင့် ပြည်သူကိုဗဟိုပြုတဲ့ ချဉ်းကပ်နည်းမှာ ကျွန်တော်တို့ အရှုံးခံပြီးမှ လူမှုဒုက္ခများမှ ပြည်သူတွေကင်းကွာအောင် ဆောင်ရွက် ပေးရမယ့် ကဏ္ဍတွေရှိပါတယ်။ နိုင်ငံအရည်အချင်း၊ အကျိုးအတွက် ရင်းနှီးမြှုပ်နှံရမယ့် ကဏ္ဍတွေ ရှိပါတယ်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးအပြင် လျှပ်စစ်၊ လမ်းဆက်သွယ်ရေး အပါအဝင် နိစ္စဓူဝ ပြည်သူတွေခံစားနေရတဲ့ ပြည်သူတွေကို အရှုံးခံပြီးမှ အခွန်ထမ်းပြည်သူတွေရဲ့ ဘဏ္ဍာငွေကို သုံးပြီးမှ အင်မတန်ဆင်းရဲတဲ့ ပြည်သူတွေသွားလာလုပ်ရှားမှု အဆင်ပြေအောင် Sought City လုပ်ပေးရမယ်။ အရှုံးခံပြီးမှ နိုင်ငံအများအကျိုးအတွက် ဆောင်ရွက်ပေးရမယ့် ဝန်ကြီးဌာနများ ကဏ္ဍ ကို ချဉ်းကပ်နည်း မေ့လျော့တဲ့အခါမှာ ဝန်ကြီးဌာနတိုင်းဟာ အမြတ်ရရေး၊ အမြတ်မရတဲ့ ဝန်ကြီးဌာန ကဏ္ဍများအားလုံးကို ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆိုတဲ့ ကဏ္ဍမျိုးကိုပေးလိုက်တဲ့အခါမှာ

အခုနလို ကျွန်တော်တို့ရဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရဲ့ နှစ်ပေါင်း(၂၀)ခန့် အင်မတန် စုတ်ပြတ်ပြီးမှ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတစ်ခုမှာ မသုံးသင့်တဲ့ သင်္ဘောအခြေအနေ၊ ဝန်ထမ်းများရဲ့ လစာနှုန်းထား၊ မိမိဝန်ထမ်းရဲ့လစာတွေကို အရင်းခံပြီးမှ ဒေါက်တင်ပေးရတဲ့အခြေအနေ ကျွန်တော်တို့ စုံစမ်းသိရှိရတဲ့အခါမှာ သင်္ဘောတစ်ခုရဲ့ ကြံ့ခိုင်မှုအတွက် ဒေါက်တင်ပေးရတဲ့အခါမှာ သက်ဆိုင်ရာ ဝန်ကြီးဌာန က ခွင့်ပြုခြင်းမရှိလို့ ဒီ ဝန်ထမ်းတွေရဲ့ လစာတွေ၊ ဆီအပေါ်ရတဲ့ ဖြတ်တောက်ငွေတွေ၊ ကုန်ပိုတွေကို သုံးပြီးမှ ဒေါက်တင်ပေးရတယ်။ ဒေါက်တင်ပေးပြီးကာမှဘဲ ဒီဝန်ထမ်းတွေရဲ့ နောက် ဝင်ငွေရရှိဖို့အတွက် ခွင့်ပြုချက် လိုင်စင်ရတယ်ဆိုတဲ့ စနစ်တွေ ကျွန်တော်တို့ ပြန်ပြင်ဆင်သင့်တဲ့ အခြေအနေတွေကြောင့် ကျွန်တော်တို့ ယခုလို လူကော၊ နိုင်ငံသူ/နိုင်ငံသားများရဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို ဗဟိုပြုချဉ်းကပ်တာမဟုတ်ဘဲနဲ့ ကျွန်တော်တို့အမြတ်ရရေး၊ အခွင့်အရေးတစ်ခုရရေး ဆိုတဲ့ ဦးတည်ချက်ဖြစ်သွား တဲ့အခါမှာ ကျွန်တော်တို့ မမျှော်မှန်းနိုင်လောက်တဲ့ ဆုံးရှုံးမှုတွေ ဖြစ်သွားခဲ့ ပါတယ်။ ဒါ တစ်အချက်ပါ။ နှစ် အချက်က ကျွန်တော်ခုန တင်ပြခဲ့တဲ့ နိုင်ငံသားမူလအခွင့်အရေးကဏ္ဍပါ။ ကျွန်တော်တို့ ပြည်သူတစ်ယောက် မမျှော်လင့်ဘဲ အခုလို အင်မတန်ဝမ်းနည်းဖွယ်ရာ အသက်စွန့်လွှတ် ရတဲ့ ကဏ္ဍမျိုးကြုံတဲ့ အခါတိုင်းမှာ နိုင်ငံတော်အကြီးအကဲ အပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများဟာ အင်မတန် စိတ် ထောင်းကိုယ်ကြေဖြစ်ပြီးကာမှ တာဝန်ခံမှု လုပ်ပေးရပါတယ်။

ရေကြောင်းသမိုင်းမှာ အင်မတန်ဆိုးဝါးတဲ့ မူလသူတို့ တင်ပြတုန်းက (၃၀)ကျော်၊ အခု (၆၉)ဦး လောက် Dead Tall က တက်လာပါပြီ။ ပွင့်ပွင့်လင်းလင်းပြောလို့ရှိရင် ရေကြောင်းပို့ဆောင်ရေး သမိုင်းမှာ အင်မတန်ကို သင်ခန်းစာယူဖွယ်ရာ ပြန်လှန်သုံးသပ်သင့်တဲ့ စည်းကမ်းချက်များ၊ ညွှန်ကြားချက် များ၊ ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များ အပါအဝင် တာဝန်ယူမှု၊ တာဝန်ခံမှု အပိုင်းအားလုံးကို ပြန်လှန်သုံးသပ်သင့်တဲ့ကဏ္ဍမှာ မမျှော်လင့်ဘဲ အသက်ဆုံးရှုံးသွားခဲ့ကြရတဲ့ အခြေအနေမျိုးမှာ လူသား တစ်ယောက်ပီသစွာ ဒီလူတစ်ယောက်ရဲ့ အသက်ကို၊ ဒီ လူတစ်ယောက်ရဲ့ Body ကို ပြန်လှန်ပြီးတော့ ရယူဆယ်ဖို့ခြင်းမျိုး၊ တစ်နည်းအားဖြင့် နိုင်ငံသားတစ်ယောက်ရဲ့ အခွင့်အရေးကို ပြည့်ပြည့်ဝဝ ကျွန်တော်တို့ ပြန်လှန်ပြီးတော့ နိုင်ငံသားတစ်ဦးကို နိုင်ငံသားပီပီသသ ကျွန်တော်တို့ သတ်သတ်မှတ်မှတ် ကျွန်တော်တို့ ဆောင်ရွက်တာ ရှိသေးရဲ့လားဆိုတဲ့ ကဏ္ဍပါ။ ဥပမာ ဦးခင်မောင်လတ် တို့ တင်ပြခဲ့တာ ရှိပါတယ်။ ကိုရီးယားမှာ သင်္ဘောမြုပ်တဲ့ ကဏ္ဍမျိုးမှာ တာဝန်ခံတဲ့ ပုဂ္ဂိုလ်တွေ နုတ်ထွက်သွားတာတို့၊ ခန္ဓာကိုယ်တစ်ခု ရေထဲက ပြန်ပေါ်ဖို့အတွက် ကျွန်တော်တို့ စွန့်စွန့်စားစားနဲ့ အလောင်းမြေချအောင်၊ သက်ဆိုင်ရာ ဘာသာထုံးတမ်းအစဉ်အလာအရ ကောင်းရာသုဂတိကို သွားနိုင်အောင် ဆယ်ယူ။ ဆယ်ဖို့ခြင်း လုပ်ငန်းများကို ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ လူသားချင်း ကိုယ်ချင်းစာတာတို့၊ လူ့အခွင့်အရေး ပြည့်ပြည့်ဝဝရတာတို့၊ လူတစ်ဦးရဲ့ နိုင်ငံသားတစ်ဦးရဲ့ အခွင့်အရေးကို တန်ဘိုးထားတာတို့ အင်မတန်စံနမူနာပြပြီးကာ မှ ယူသင့်ယူထိုက်တဲ့ ကဏ္ဍမျိုးဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့ ပင်လယ်ကမ်းစပ်တွေလို ဒေသမျိုးဆိုတာ သိကြတဲ့အတိုင်းပါ သဘာဝ ဘေးအန္တရာယ်ကြောင့်ပဲ ဖြစ်ဖြစ်၊ ဆူနာမီကြောင့် ဖြစ်ဖြစ်၊ ကြုံခဲ့လို့ရှိရင် Early warning system ကျွန်တော်တို့ ဇာတ်တိုက်ပြီးမှ လေ့ကျင့်ထားကြတာ ရှိပါတယ်။ အခု သင်္ဘောကြီးတွေ ကြည့်တဲ့အခါ မှာ ပွင့်ပွင့်လင်းလင်းတဲ့ ပြောရရင် ရေကြောင်းသွားလာမှုနဲ့ ပတ်သက်လို့ ဆက်သွယ်မှု မရှိတာတို့၊ တစ်ကယ်လို့ ဒီလို သင်္ဘောကြီးတစ်ခု နစ်မြုပ်တော့မယ်ဆိုတဲ့အခါမှာ သတင်းပို့မှုမရှိတာတို့၊ အနီးဆုံးမှာ ရှိတဲ့ ကျွန်းသာယာမှာရှိတဲ့ မြန်မာ့ရေတပ်မတော်ရဲ့ ခုနလို ချဉ်းကပ်မှုမရှိတာတို့ကို

ပြန်သုံးသပ်လို့ရှိရင် ကျွန်တော်တို့ နိုင်ငံသူ/နိုင်ငံသားတစ်ဦးရဲ့ အသက်တစ်ချောင်းကို တန်ဖိုးထားတတ်တဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်း၊ အစိုးရ၊ ကျွန်တော်တို့ ကျင့်ကြံတဲ့ စနစ်ဖြစ်ဖို့တစ်ခုလိုအပ်နေပြီလို့ ကျွန်တော်ထပ်ဆင့် တင်ပြ ချင်ပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့ အပါအဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို ပြန်ကြည့်တဲ့အခါမှာလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဆိုရင် ပွင့်ပွင့်လင်းလင်းပြောရရင် စီမံခန့်ခွဲမှုကဏ္ဍကို အဓိက ဦးတည်နေပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဆိုလို့ရှိရင်လည်းပဲ တရားဥပဒေစိုးမိုးမှု အပါအဝင်၊ ပြည်သူတစ်ဦးတစ်ယောက်ကို တန်ဖိုးထားပြီးကာမှ နိုင်ငံသားမူလ အခွင့်အရေးကို ကာကွယ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီး ဖြစ်ဖို့လိုပါတယ်။ အစိုးရတစ်ရပ်ကို ကာကွယ်တဲ့ ရဲတပ်ဖွဲ့ထက် နိုင်ငံသူ/နိုင်ငံသားများရဲ့ အခွင့်အရေးကို ကာကွယ်တဲ့ ပြည်သူ့အကျိုးပြုတဲ့ အဖွဲ့အစည်းတွေ ဖြစ်ခဲ့လို့ရှိရင် ကျွန်တော်တို့ ဖြစ်ပျက်ပြီးတဲ့ ကာလထဲမှာ သတင်းစာမှာပါလာတဲ့ အခါကျတော့ သတင်းဖြန့်ချီရေး ယန္တရားတစ်ခုကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်တယ်။ ခုနလို သတ်မှတ်စည်းမျဉ်း စည်းကမ်းအတွင်းမှာ ဒီယာဉ်ဟာ သွားလာတယ်။ မိမိရဲ့ အမှားကို ပွင့်ပွင့်လင်းလင်း ပြောရရင်ရှောင်လွှဲ ပြီးကာမှ သဘာဝတရားကြောင့် ဖြစ်သွားသလိုလို သတင်းဖြန့်ချီမှု လက်ဦးယူတာမျိုးဟာ ရှောင်ကျဉ်သင့် တဲ့ ကဏ္ဍတစ်ခုကို ရောက်သွားပါပြီဆိုတာလေးကိုလည်း ထပ်ဆင့် တင်ပြချင်ပါတယ်။

တတိယတစ်ခုအနေနဲ့ကတော့ ဒေါ်ခင်ဝိုင်းကြည် လည်း တင်ပြပြီး ပါပြီ။ ကျွန်တော် ဒီ INGO များနဲ့ UN အေဂျင်စီ များနဲ့ ပတ်သက်လို့ စိတ်မကောင်းစွာ ကျွန်တော်တို့ Dis-Commendation စိတ်မကောင်းစွာ လုပ်ကြံခံနေရတယ်ဆိုတဲ့ သဘောကို တွေ့ကြရပါတယ်။ UN အေဂျင်စီများနဲ့ INGO များ အင်မတန်ဆင်ခြင်သင့်ပါတယ်။ ရေကြောင်းပို့ဆောင်ရေးကြောင့် ဖြစ်ဖြစ်၊ သဘာဝဘေးန္တရာယ်ကြောင့်ပဲ ဖြစ်ဖြစ် ကျွန်တော်တို့ဟာ Early warning system စသည်ဖြင့် ဘယ်လို rescues လုပ်ရမလဲဆိုတဲ့ အဆင့်လိုက်အဆင့်လိုက် ရှိပါတယ်။ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ အားဖြင့်လည်း ရှိကြပါတယ်။ အဲဒီအခါမှာ ဘာသာမတူလို့ ဖြစ်ဖြစ်၊ အကြောင်းအရာ တစ်ရပ်ရပ်ခေါင်းစဉ်နဲ့လာတဲ့ အဖွဲ့အစည်းပဲ ဖြစ်ဖြစ်၊ အကြောင်းကြောင်းတွေကြောင့် လူသားချင်းကိုယ်ချင်းစာပြီးကာမှ ဖေးမခြင်းမျိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ လက်မှတ်ထိုးထားတဲ့ Focal Ministry များအနေနဲ့လည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးဌာနများနဲ့ ချိတ်ဆက်ပြီးကာမှ အရေးပေါ်ကာလလေးမျိုးမှာ ကယ်မနိုင်ခဲ့ကြမယ်ဆိုရင် ရခိုင်ပြည်နယ်မှာရှိတဲ့ INGO ပေါင်းများစွာ၊ UN အေဂျင်စီများစွာကိုလည်းပဲ ရခိုင်ပြည်သူများက အလေးဂရုထားပြီးကာမှ ကျေးဇူးတင်မိကြမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ရဲ့ ဆရာဦးအုန်းတင် တင်သွင်းခဲ့တဲ့အဆိုဟာ နောက်နောင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ ဤကဲ့သို့သော အဖြစ်အပျက်မျိုး မဖြစ်ပွားစေလိုတဲ့ ဆန္ဒတွေပါပဲ။ ဒီလို မိမိတို့ရဲ့ ဝန်ကြီးဌာနတစ်ခုရဲ့ မမျှော်မှန်းသင့်တဲ့ ဆောင်ရွက်မှုအမှားလေးတွေကြောင့် ဝမ်းနည်းဖွယ်ဖြစ်သွားခဲ့တဲ့ဟာလေးကို နမူနာယူပြီးကာမှ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ချိတ်ဆက်ထားတဲ့ ပြည်ထောင်စုနဲ့ ပြည်နယ်အစိုးရအဖွဲ့တို့ဟာ ဒီထက်မက တာဝန်ကြီးကြီးမားမားယူပြီးကာမှ ပြည်သူကို အလေးထားတဲ့ ပြည်သူကို ဗဟိုပြုတဲ့ ချဉ်းကပ်မှုမျိုးနဲ့ကျွန်တော်တို့ လာမယ့် မိုးရာသီကာလ၊ တစ်ခြားမမျှော်မှန်းနိုင်တဲ့ ကာလမျိုးမှာ ဒီထက်မက ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကယ်မနိုင်မယ်ဆိုရင် ကျွန်တော်တို့ အခုဖြစ်ပျက်မှုကြောင့် အသက်ပေးလှူသွားခဲ့ကြတဲ့ မိဘပြည်သူများအနေနဲ့ ကျွန်တော်တို့ရဲ့ အစိုးရ

အပေါ်မှာရော၊ ကျွန်တော်တို့ရဲ့ ပြည်နယ်အစိုးရအပေါ်မှာရော တာဝန်ကျေတဲ့ အစိုးရအဖြစ် မှတ်တမ်းတင်သွားနိုင်တဲ့ အခြေအနေ ကျွန်တော်တို့ လူထုမှာလည်း ရှိပါတယ်။ အဲဒါကြောင့် ဒီအဖြစ်အပျက်များကို နမူနာယူပြီးကာမှ ကျွန်တော်တို့ရဲ့ ဖြစ်ပျက်မှုပါတဲ့ ပုဂ္ဂိုလ်များအားလုံးကို သက်ဆိုင်ရာပုဂ္ဂိုလ်များက ခုန Insurance ပေါ်လစီတစ်ခုအရ ဖြစ်ဖြစ် လျော်ကြေးပေးခြင်းမျိုး၊ ပျက်စီးသွားကြတဲ့ ဆုံးရှုံးမှုတန်ဖိုးများနဲ့ လျှော်ညီတဲ့ တန်ဘိုးတစ်ခုကို သတ်မှတ်ပြီးမှ ဖေးမပေးခြင်းမျိုးဖြင့် ကျွန်တော်တို့ရဲ့ အမှားကို ပြန်ပြီးကာမှ အဖတ်ဆယ်ပေးဖို့ မေတ္တာရပ်ခံတင်ပြလိုပါတယ်။ အခုလို အစီအစဥ်မျိုးဖြစ်အောင် ခွင့်ပြုပေးတဲ့ ခုလို အရေးကြီးအဆိုအဖြစ် ခွင့်ပြုပေးတဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း ကျွန်တော်တို့ ရခိုင်ပြည်သူ/ပြည်သားများကိုယ်စား ကျေးဇူးတင်ပါကြောင်း တင်ပြရင်းနဲ့ ဦးအုန်းတင် ရဲ့ အဆိုကို လေးလေးနက်နက်နဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရဟာ စဥ်းစားပေးပါ။ အကောင်အထည်ဖော်ပေးပါ။ ကျွန်တော်တို့ ရခိုင်ပြည်ကို နမူနာယူပြီးကာမှ ဒီဖြစ်စဥ်မျိုး ပြည်ထောင်စုအနှံ့မှာ မဖြစ်ပွားဖို့အတွက် လိုအပ်တဲ့ အစီအမံမျိုးကို ဆောင်ရွက်ပေးပါ။ ကျွန်တော်တို့ လိုအပ်တဲ့ ဝန်ကြီးဌာနတိုင်းကို Organization သို့မဟုတ် ဝန်ကြီးဌာနများကို ကျွန်တော် ခုနတင်ပြသလို Sought City လုပ်သင့်တယ်ဆိုတဲ့ ကဏ္ဍဘက်မျိုးနဲ့ ပြန်လှန်သုံးသပ်ပြီးမှ ပြည်သူဗဟိုပြုတဲ့ အစိုးရ ပီပီသသလည်း ဖြစ်အောင်၊ မိဘပြည်သူများကို အလုပ်အကျွေးပြုတဲ့ အစိုးရကောင်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ပေးပါလို့ ကျန်တဲ့ကာလ (၁၂)လလောက်ကို မျှော်မှန်းပြီး မေတ္တာရပ်ခံတင်ပြ လိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၅:၄၃။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၄၃။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံးကို ကျွန်တော် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင် က ဂါရဝတရားနဲ့ နှုတ်ခွန်းဆက်သပါတယ်။ ဝမ်းနည်းစရာ ကိစ္စကြီးတစ်ခုဟာ ဖြစ်ပျက်ခဲ့ပါပြီ။ ပြီးသွားပြီလို့လည်း ပြောရမယ်။ မပြီးဘူးဆိုရင်လည်း ပြောရမယ်။ ပြောလို့ရပါတယ်။ ပြီးသွားတာကတော့ အပြစ်မရှိတဲ့ ခရီးတစ်ခုကို သွားကြတဲ့ ခရီးသည်တွေဟာ လိုရာခရီးမရောက်ဘဲနဲ့ မသေသင့်ဘဲနဲ့ အသက်တွေ ဆုံးရှုံးကြရတယ်။ ပစ္စည်းတွေ ဆုံးရှုံးကြရတယ်။ အခုဟာကလည်း မပြီးသေးဘူးဆိုတာကတော့ သူတို့တွေက ကျွန်တော်တို့ကို မြန်မာနိုင်ငံကို သင်ခန်းစာတစ်ခုပေးခဲ့တယ်။ အသက်ကိုလဲပြီးတော့မှ သင်ခန်းစာပေးခဲ့တယ်။ ကျွန်တော်တို့ဟာ ဘာတွေလုပ်နေကြလဲ။ ဘယ်လိုစခန်းသွားနေကြလဲ။ ကျွန်တော်တို့ရဲ့ အကျင့်တွေက ဘယ်လိုလဲဆိုတာကို ပြသွားခဲ့ပါတယ်။

ဒီဟာ ဒီတစ်နေရာထဲ မဟုတ်ပါဘူး။ ဒီလိုဖြစ်ရပ်မျိုးဟာ နေ့စဥ်လည်း ဖြစ်နေပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ခဏခဏတွေ့တယ်။ ကျွန်တော်နမူနာတစ်ခုပြောပါမယ်။ ကျွန်တော် ရန်ကုန်ကနေပြီးတော့ မဲဆန္ဒနယ်ကို ပြန်တဲ့အခါတိုင်းမှာ ကျွန်တော် ကားပဲစီးပါတယ်။ ကားနဲ့သွားလို့ရှိရင် ကျွန်တော် (၂၀၀၀၀)ကျပ် ပေးရတယ်။ လေယာဥ်ပျံစီးရင်(၈၀၀၀၀)ပေးရတယ်ဆိုတော့ ကျွန်တော် ကားပဲ

စီးပါတယ်။ လမ်းခရီးလည်း တွေ့ရတယ်။ လမ်းဘယ်လိုပြီးနေတယ်၊ ဘာညာလည်း ကြည့်ရအောင် ဆိုပြီးတော့ ကားပဲ စီးပါတယ်။ တစ်ခါက ဘယ်လိုဖြစ်သလဲဆိုတော့ ကျွန်တော်အရှေ့မှာ ဗိုလ်ကြီး တစ်ယောက် ပါလာပါတယ်။ သူက မြောက်ဦးနယ်က ထင်ပါတယ်။ လမ်းမှာ ရပ်နားတဲ့ အချိန်မှာ ထမင်းစားကြတဲ့ အခါကျတော့ (၁)နာရီလောက် အချိန်ပေးတယ်။ ကားက သူဟာသူ ဟွန်းလည်းမတီးဘူး။ ဘာလဲ မတီးဘူး။ သွားမယ်၊ သွားမယ်၊ သွားမယ်ဆိုပြီး လုပ်တဲ့အခါကျတော့ ဗိုလ်ကြီးလေးက ကျန်ခဲ့ပါတယ်။ သူ့အထုပ်တွေက ကျွန်တော်ရှေ့မှာ တင်ရက်ကြီးပါပဲ။ ကျွန်တော်ပြောပါတယ်။ တစ်ယောက်ကျန်ခဲ့တယ်။ ဗိုလ်ကြီးကျန်တယ်ဆို၊ ဟာရတယ်။ ဒီအတိုင်းပဲ ထားပစ်ခဲ့ပြီးတော့ ထွက်သွားပါတယ်။ အဲဒီလို တာဝန်မဲ့တဲ့ဖြစ် ရပ်တွေဟာ အသေးအမွှားလေးပေမယ့် ဒါတောင် တပ်မတော်သားတစ်ယောက်ပါနော်၊ ဒီဥစ္စာ ကျွန်တော် တွေ့တာတော့ ဗိုလ်ကြီးအဆင့်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ထားခဲ့တယ်။ တစ်ခါ မှတ်ပုံတင်တွေပေးရ တယ်၊ ကျွန်တော်တို့ မှတ်ပုံတင်တွေပေးပြီးတော့ ပြန်ထွက်လာတဲ့အခါကျတော့ သူ မှတ်ပုံတင်မေ့ကျန်ခဲ့တယ်။ ကားစပယ်ယာက အထုပ်လိုက်ကို မေ့ကျန်ခဲ့တာ၊ မေ့ကျန်ခဲ့တော့ ကျွန်တော်က အမ်းမှာဆင်းတာ၊ ကျွန်တော် ကျောက်တော်လည်း မသွားပါဘူးတစ်ခါမှ၊ အမ်းမှာဘဲ ဆင်းတာ။ ဆင်းတော့ ကျွန်တော် မှတ်ပုံတင်တောင်းတယ်။ တောင်းတော့ ဟာ ကျွန်တော်မေ့ကျန်ခဲ့ပြီ၊ မေ့ကျန်လို့မရဘူး။ မှတ်ပုံတင်ဆိုတာ ငါ အဲဒါပြပြီးတော့မှ နေရမှာ၊ မှတ်ပုံတင်နဲ့ ကင်းကွာလို့မရဘူး။ နိုင်ငံသားတစ်ယောက်ဟာ အဲဒီမှာ သူက ဖုန်းတွေဘာတွေလှမ်းဆက်ပြီးတော့မှ ဟိုကနေ လှမ်းပို့လိုက်ပါတယ်။ ပို့လိုက်ပေမယ့်လည်း ကျွန်တော် မှတ်ပုံတင် ပါမလာဘူးအဲဒီ အထုပ်ထဲမှာ၊ ဟာ ခင်ဗျားတို့ ပြဿနာပဲလို့ မှတ်ပုံတင်ကို ခင်ဗျားတို့ အဲဒီလို ပေါ့ပေါ့ဆဆလုပ်သလားလို့၊ ဒါ လူတစ်ယောက်က Identity လုပ်တာလို့၊ ဒီဟာနဲ့ဆိုတော့ ကျွန်တော် တို့ အကျင့်တွေက ကျွန်တော်ဘယ်လိုပြောရမှန်းကို မသိဘူး။ အကုန်လုံးကို ဖျက်ပြီးတော့မှ တစ်ခါတည်းကို အစကနေ ပြန်စအောင် လုပ်ရမလားကို မသိဘူး။ ဒီလောက်အရေးကြီးတဲ့ မှတ်ပုံတင်ကိုတောင်မှ ပေါ့ပေါ့ဆဆ ဒီ ကိုင်တဲ့သူကလည်း စပယ်ယာလေးက ကိုင်တယ်။ သူတို့မှာ ဘာတွေ အရေးကြီးနေမှန်းလည်း မသိဘူး။ သုတ်သီးသုတ်ပျာနဲ့ သွားတယ်။ သုတ်သီးသုတ်ပျာနဲ့ ပြန်လာတယ်။ သွားမယ်ဆို ဝုန်းဒိုင်းဆို တက်ကြ၊ Passenger ဆိုတာကို လုံးဝကို သူတို့က အလေးဂရုမထားဘူး။ သူတို့ ကုန်ပစ္စည်းတွေလိုပဲ သဘောထားပြီး။ လူလို့ကို သဘောမထားဘူးဆိုတော့ ဒါတွေဟာ လူတိုင်းတွေ့ကြုံကြရမှာပါ။ ကျွန်တော် တစ်ယောက်တည်းမဟုတ်ပါဘူး။ ဒီလိုမျိုး၊ ဒီလိုမျိုးတွေဟာ ခဏခဏတွေ့ကြုံပါတယ်။ ကျွန်တော်။

အဲဒီတော့ သေဆုံးသွားတဲ့ လူတွေဟာလည်း လူသားတွေပါပဲ။ သူတို့တွေရဲ့ အသက်တွေဟာ နှမြောဖို့ကောင်းပါတယ်။ မသေသင့်ဘဲ သေရတယ်ဆိုတော့ မေးခွန်းတွေအများကြီးပဲ မေးဖို့ထားခဲ့တယ် ကျွန်တော်တို့ကို အလုပ်တွေတော့ တော်တော်ရှုပ်ကြမှာပါ။ ကျွန်တော်တို့ဆီမှာ ဖြစ်နေတာကလည်း ကြီးကြီးကျယ်ကျယ် ပြဿနာတစ်ခုဖြစ်မှဘဲ အလုပ်တွေက စလုပ်ကြတယ်။ အမှန်က ဒီဟာတွေ နိစ္စဓူဝ ပုံမှန်လုပ်သွားရမယ့် အလုပ်တွေ ဖြစ်ပါတယ်။ ကားမောင်းမယ်ဆိုရင် ကားသမားက ကားကို ကားမထွက်ခင် ဆီရှိရဲ့လား၊ ဘီးကောင်းရဲ့လား။ စက်က ပုံမှန်လည်ရဲ့လား စစ်ဆေးရမှာ အဲဒီလိုမဟုတ်ဘူးသူတို့က ဝုန်းကနဲ တန်းထွက်မယ်။ ဒီဟာတွေဟာ လေယာဥ်ပျံတို့၊ ရေကြောင်းခရီးတို့မှာ တော်တော်လေးကို ကြီးကျယ်တဲ့ ပြဿနာကို ပေးနိုင်ပါတယ်။ အဲဒီတော့ ခြုံပြောရလို့ရှိရင်တော့ ကျွန်တော်ကတော့ ကောင်းမွန်သော အုပ်ချုပ်ရေးပဲ၊ ဒီအုပ်ချုပ်ရေးဟာ အပေါ်ကနေအောက်အထိ၊ အောက်ကနေ အပေါ်အထိ၊ ကျွန်တော်တို့ဟာ ဒီဟာကို အကုန်လုံးကို ကောင်းကောင်းမွန်မွန် လည်ပတ်ဖို့၊ ဗဟိုက ချုပ်ကိုင်မှုများပြီး

တော့ အောက်ခြေမှာ ဖြစ်ချင်တိုင်း ဖြစ်နေတယ်။ စည်းမရှိ၊ ကမ်းမရှိ၊ လုပ်ချင်သလို လုပ်နေကြတယ်။ ပျက်ကွက်မှုတွေ များနေတယ်။ အဲဒီတော့ ကိုယ့်သတ်မှတ်ထားတဲ့ တာဝန်တွေကို စည်းကမ်းတကျ မလိုက်နာဘူး၊ အဲဒါဘယ်သူကို အရေးယူရမလဲကျွန်တော်တို့ တောက်လျှောက်။

အဲဒီတော့ ဒီ သင်္ဘောမှာ ဖြစ်ပျက်ခဲ့တဲ့ ဥစ္စာကတော့ အသက်ရှင်တဲ့ သူတွေရဲ့ ပြောပြချက်အရဆိုရင် ဒီ Crew တွေဟာ ကပ္ပတိန်ကအစ အမျိုးမျိုးတော့ ပြောနေကြပါတယ်။ ပြောတဲ့ဥစ္စာကတော့ Crew တွေကနေပြီးတော့ သူတို့ဟာ သူတို့ပဲ ရုန်းထွက်သွားတယ်။ ခရီးသည်တွေရဲ့ အသက်ကို ကယ်တင်ဖို့ဆိုတာ လုံးဝ သူတို့ အခွင့်အရေးမပေးခဲ့ဘူး။ ဘာမှလဲသူတို့ အသိလည်းမပေးဘူး။ ပူးပေါင်းဆောင်ရွက်မှုလည်း ဘာမှမရှိဘူး။ အဲဒီအတွက်ကို အသေအပျောက်ပိုများတယ်လို့ ထင်ရပါတယ်။ ဘာလို့လဲဆို ကမ်းနဲ့ကလည်း သိပ်မဝေးဘူး။ ဘာလို့လဲဆိုတော့ အသက်ကူပစ္စည်းတွေလည်း စုံစုံလင်လင်လည်း မပါဘူး။ အနည်းဆုံး သူတို့က အချိန်မီ သတိပေးပြီးတော့ ကျွန်တော်တို့တော့ ဒုက္ခရောက်နေပြီ။ ခင်ဗျားတို့တော့ လွတ်အောင်သာ ပြေးကြတော့၊ ခုန်ဆင်းကြတော့ဆိုရင်လည်း သူဟာသူလွတ်မြောက်နိုင် ပါတယ်။ အခုလိုကို မပြောခဲ့တာ သူတို့က၊ ဆိုတော့ အသေအပျောက်က အခုစာရင်းအရဆိုရင်တော့ (၇၀)နီးပါးကို တက်လာပါပြီ။ နောက်ထပ်လည်း ဘယ်လောက်၊ ဘယ်လောက်ရှိမယ်လည်း မသိဘူး။

ကျွန်တော်တို့ဟာ လူ့အသက်ကို တန်ဖိုးထားမယ်ဆိုလို့ရှိရင် ဒီ သင်္ဘောဝမ်းခေါင်းထဲမှာ ပါသွားတဲ့ လူက ဘယ်လောက်ရှိမလဲ။ သူတို့မိသားစုတွေက ဘယ်လောက်အထိ သူတို့ပြန်လာမှာကို မျှော်လင့်နေကြလဲ။ ကျွန်တော်တို့ ကျောက်တော်က Case လေးတစ်ခုကို ပြောပါမယ်။ တစ်နေ့ကပဲ ဖုန်းလာတယ်။ ကျွန်တော်ဆီကို (၅)ယောက်ပါတဲ့ မိသားစုတစ်စုဟာ ကလေးတွေကို ရှင်ပြုဖို့ဆိုပြီးတော့ သူတို့ပြန်လာကြပါတယ်။ ပစ္စည်းအစုံအလင်နဲ့ ဝယ်လာတယ်။ ရှင်ပြုပွဲအတွက် လှူဖို့တန်းဖို့၊ ဝတ်စားဆင်ယင်ဖို့ပါပဲ၊ အကုန်လုံးပါပဲ၊ ပျော်ပျော်ပါးပါးနဲ့ ပြန်လာကြတဲ့ အခါမှာ အဲဒီကိစ္စကြီးက ဖြစ်သွားတော့ အဖေနဲ့ သားအကြီးက လွတ်လာတယ်။ ကျန်တဲ့လူတွေက အမေနဲ့ ကလေး(၂)ယောက်က ပါသွားပါတယ်။ အဲဒီတော့ ကျွန်တော်ဆီကို ဖုန်းဆက်ပြီးတော့ နောက်တစ်ရက်ကျရင် သူတို့က ရှင်ပြုပွဲလုပ်ပါတယ်။ ဘယ်လိုလုပ်ကြမလဲမသိဘူးသူတို့။ အဲဒီတော့ ဒီလိုCase လေးတွေက အများကြီးရှိမှာပါ။ ဟို အသက်ဆုံးရှုံးရတဲ့၊ ကယ်ခွင့်ရတဲ့ မိသားစုတွေ အများကြီး၊ အများကြီးရှိမှာပါ။ သူတို့ကို ကျွန်တော်တို့ ဘယ်လိုဟာမျိုးနဲ့ Conversation လုပ်မလဲ။ လူ့အသက်ဟာ ဘယ်လိုမှ တန်ဖိုးဖြတ်လို့ မရပါဘူး။ နိုင်ငံတော်မှာ ဒီဟာကို ကျွန်တော်တို့ လျော်ကြေးပေးဖို့အတွက် တာဝန်အများကြီးရှိပါတယ်။

ဒီအတွက်ကိုလည်း စဉ်းစားကြဖို့၊ တစ်ခါ သေစာရင်းတွေကို ရနိုင်သလောက်ရအောင် စုဆောင်းပေးဖို့ လိုပါတယ်။ တချို့ တချို့တွေဟာ အဲဒီပြန်ရောက်မှပဲသိတယ်။ ပြန်မရောက်နိုင်တဲ့သူတွေကျတော့ ဘယ်လိုလုပ်သိမလဲ ကျွန်တော်တို့ ခုနကပြောသလို တစ်ခါ ဟိုဒင်းဖြစ်ပါသေးတယ်။ နေပြည်တော်လာတဲ့ လမ်းမှာ (၁၁၅)မိုင်မှာ ထမင်းစားကြတဲ့အခါကျတော့ ကျွန်တော့်နံဘေးမှာ ထိုင်တဲ့သူက ဆင်းပြီးတော့ သူများလိုပဲ ဆင်းပြီးတော့ ထမင်းစားပါတယ်။ နောက် သူ ဘယ်နေရာ သွားနေမှန်းလဲ မသိဘူး။ လူအကုန် ရောက်လာပြီ၊ သူပေါ်မလာဘူး။ ပေါ်မလာတဲ့အခါ ကျတော့မှ ပြူးတူးပြဲတဲနဲ့ ကျွန်တော့် လာမေးတယ်။ ဒီနားကလူဘယ်သူတုန်း။ ကျွန်တော်မသိဘူး။ ဒီနားလေးမှာထိုင်နေတဲ့သူပဲ ကျွန်တော်မသိဘူး။ သူ့ပစ္စည်းက ဘယ်ဟာတုန်းဆိုတော့ အဲဒီနားလေးမှာ သူတို့ကပုပင်လာပြီ၊ သူတို့

ဘာအထုပ်တွေ ပါသလဲမသိဘူး။ ဘာတွေထားခဲ့မှန်းလည်း မသိဘူး။ ပြဿနာပါတဲ့ အထုပ်ရှိလား။ ဗုံးလား၊ ဘာလားပေါ့။ အဲဒီမှာ သူတို့ ဦးနှောက်စားနေပြီ။ ကားထွက်လို့လည်း မရဘူး။ အချိန်စေ့လည်း ထွက်လို့မရဘူး။ ဒီလူကို ရှာရမယ်။ ဒီပစ္စည်းကို ရှာရမယ်ဆိုတာ၊ အဲဒီလို ဖြစ်တဲ့အခါကျတော့ ရပ်ထားတဲ့ နေရာကနေပြီးတော့ ထမင်းဆိုင်ရှေ့ကို ပတ်ပြီးတော့ သွားပြီးတော့မှ အဲဒီမှာ အော်ခေါ်ပါတယ်။ ရွှေမန်းသူကား ထွက်တော့မယ်။ လာပါဗျို့၊ ဘာညာဆို၊ ဘယ်တွေ၊ ဘယ်နေရာ သွားနေမှန်းလည်း မသိဘူး။ ပေါ်လာတယ်လူက၊ အေးအေးဆေးဆေးပဲ လာပါတယ်ဆိုတော့ ကျွန်တော်တို့ လူထုတွေ ကလည်း နမော်နမဲ့တွေ အများကြီး ရှိပါတယ်။ ကားသမားကလည်း Timing ပေးရမယ်။ ဘယ်အချိန် ထွက်မယ်။ မလာရင်တော့ ဘာညာဆို၊ ကိုယ်ပါတဲ့ Passenger နာမည်လည်း အတိအကျ မသိဘူး။ လူ ဘယ်နှစ်ယောက်ပါမှန်းလဲ မသိဘူး။ အချင်း ချင်းလိုက်မေးတဲ့ ပုံစံမျိုးရှိတယ်။ ဒီဟာမျိုးတွေ ဟာ တော်တော်ကို ပုံမလာပါဘူးခင်ဗျား။

အဲဒီတော့ အသက်ရှင်ပေမယ့် ဒုက္ခရောက်ကြတာ အများကြီးရှိပါတယ်။ မိဘတွေလည်း တစ်ကွဲတစ်ပြားဖြစ်တယ်။ စီးပွားဥစ္စာတွေလည်း ဆုံးရှုံးတယ်။ ဒုက္ခတွေလည်းရောက်တယ်။ ကျိုး၊ နာ အမျိုးမျိုးရှိမှာပါ။

အဲဒီတော့ ဒေါ်ခင်ဝိုင်းကြည် ပြောသလိုပဲ။ INGO တွေရဲ့ ပူးပေါင်းဆောင်ရွက်မှု တစ်စွန်းတစ်စမှ မတွေ့ရတာ တော်တော်အံ့ဩစရာကောင်းပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ နိုင်ငံခြား အဖွဲ့ အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေကို ကျွန်တော်တို့က ဒီဟာကို Message ပေးချင်ပါတယ်။ ဒီလိုကိစ္စတွေ ကို ခွဲခြားဆက်ဆံမှု မရှိဖို့၊ ဖြစ်တဲ့အချိန်မှာ ဒုက္ခ ရောက်တဲ့သူဟာ ဒုက္ခရောက်တဲ့ သူပဲ။ အချိန်မီဝင်ပြီးတော့မှ ကူညီဆောင်ရွက်ဖို့လို့ လိုအပ်ပါတယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ ခရီး သွားပြည်သူတွေဟာ ရေလမ်း၊ ကုန်းလမ်း အမျိုးမျိုးသွားကြတဲ့ နေရာတွေမှာ အသက် အန္တရာယ်ကင်းစွာနဲ့ စိတ်ချလက်ချ သွားနိုင်ဖို့အတွက်ကို အာမခံချက်တွေ လိုပါတယ်။ ကျွန်တော်တို့ အာမခံစနစ်တွေ လုပ်ထားဖို့ လိုတယ်။ အချိန်ကစပြီးတော့ ဒီ အာမခံစနစ်တွေကို ဆောင်ရွက်ကြဖို့ဆိုတာကို ကျွန်တော် အသိပေးပါတယ်။

နောက်ပြီးတော့ မမျှော်လင့်ဘဲ ဖြစ်ကြတဲ့ ကိစ္စရပ်တွေမှာ အချိန်မရွေးဘဲ ဒီလိုတွေ ဖြစ်လာခဲ့လို့ရှိရင် ကျွန်တော်တို့ အကူအညီတွေ ချက်ခြင်းဘယ်လိုပေးနိုင်မလဲ ဆိုတဲ့ ဥစ္စာကိုလည်းပဲ ကြိုတင်ပြီးတော့ စီမံဆောင်ရွက်ထားဖို့ အစီအစဉ်တွေလုပ်ထားဖို့ လိုအပ်ပါတယ်။ အဲဒါကို ပြောရင်းနဲ့ ကျွန်တော် ဆရာဦးအုန်းတင် ရဲ့ အဆိုကို ထောက်ခံရင်းနဲ့ ဥက္ကဋ္ဌကြီးကို တစ်ဆင့် ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ် အားလုံးပဲ။

**အချိန်၊ ၁၅း၅၃။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၅၃။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ ခင်ဗျား။ ဦးစွာပထမ မင်္ဂလာပါဟု ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်းဖြစ်ပါတယ်။

အခုလိုကျွန်တော့်ကို အနီးကပ်မှ ဆွေးနွေးခွင့်ပြုတဲ့အတွက် ဥက္ကဋ္ဌကြီး ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ ဦးအုန်းတင်ရဲ့ အဆိုကို ဘာကြောင့် ဒီ အရေးကြီးအဆိုကို ထောက်ခံ သလဲဆိုရင် ဒီသဘော်ာနစ်မြုပ်မှုမှာ ကွယ်လွန်အနိစ္စရောက်သွားတဲ့ လူတွေရဲ့ မိဘဆွေမျိုးသားချင်းတွေအတွက် သူတို့နဲ့ထပ်တူ စိတ်မကောင်းပြီးတော့ ကိုယ်ချင်းစာနာတဲ့ အတွက်ကြောင့် ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ပင်လယ်ကမ်းခြေမှာ မွေးပြီးတော့ ပင်လယ်ကမ်းခြေမှာပဲ ကြီးပြင်းလာပြီးတော့ ပင်လယ်ရေကြောင်း ခရီးသွားလာခြင်း အတွေ့အကြုံ အတော်အတန်ရှိခဲ့တဲ့ လူ ဖြစ်ပါတယ်။ ဒီအချင်းဖြစ်တဲ့ မတ်လ (၁၃) ရက်နေ့ ညဆိုတာ ကျွန်တော်တို့ ပြက္ခဒိန်ကို ပြန်ကြည့် လိုက်မယ်ဆိုရင် တပေါင်းလပြည့်ကျော်(၉)ရက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပင်လယ်ရေကြောင်းဟာ ဒီတပေါင်းလဆိုရင် ပင်လယ်ပြင်ရဲ့ရေပြင်အနေအထားဟာ ကန်လိုပဲ ငြိမ်သက်ပါတယ်။ ဒီ တပေါင်း၊ တန်ခူးဆိုတာ ဒီပင်လယ်မှာ အငြိမ်သက်ဆုံးအချိန်ပဲ၊ နောက်ပြီးတော့ လပြည့်ကျော်(၉)ရက်၊ (၁၀)ရက် ဆိုတာလည်း ကျွန်တော်တို့ ဒေသအခေါ်နဲ့ ရေသေရက် ဖြစ်ပါတယ်။ ရေသေရက်ဆိုတာ ပင်လယ်မှာ လှိုင်းတံပိုး၊ ဒီကျွန်တော်တို့ ပင်လယ်ရဲ့ရေကြောင်း၊ ရေအသွားအလာ၊ အထိန်းအကွပ်ဟာ မရှိသလောက် နည်းပါးတဲ့အချိန် ဖြစ်တဲ့အတွက်ကြောင့် သဘာဝဘေးအန္တရာယ်နဲ့ ဒီအောင်တံခွန် ရေယာဉ်(၃)ဟာ နစ်မြုပ်တယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ သဘော်ာရဲ့ ချို့ယွင်းအားနည်းချက်ကြောင့် ဖြစ်ပါတယ်။ ချို့ယွင်းအားနည်းချက်ဆိုတာ ဟောင်းနွမ်းဆွေးမြေ့နေလို့ ဖြစ်ပါတယ်။ သဘော်ာရာဇဝင်ကို ကြည့်လိုက် ရင်လည်း ဒီသဘော်ာဟာ ၁၉၉၆ ခုလောက်ကတည်းက ကျွန်တော်တို့နိုင်ငံကို ရောက်နေတဲ့ တရုတ်နိုင်ငံ လုပ် သဘော်ာဖြစ်တယ်ဆိုတော့ သူတို့နိုင်ငံမှာလည်း ဒီသဘော်ာကို ဘယ်လောက်သုံးထားပြီးလဲ၊ ကျွန်တော်တို့ အသစ်ပဲ မှာတာလား၊ ဆေးသုတ်ပြီးတော့ပဲ ကျွန်တော်တို့စီကို ရောက်လာလား။ ဒါလည်း စဉ်းစားသုံးသပ်ရမှာဖြစ်ပါတယ်။ နောက်ပြီးတော့ နှစ်(၂၀)လောက်ကြာတဲ့ သဘော်ာကလည်း ဘယ်လိုမှ ကျွန်တော်တို့ ကောင်းတယ်လို့ယူဆလို့မရပါဘူး၊ အဲဒါကြောင့် သဘော်ာရဲ့ ဆွေးမြေ့တဲ့ ချို့ယွင်းအားနည်း ချက်ကြောင့် ဖြစ်တယ်ဆိုတာ တထစ်ချကျွန်တော်တို့ ပြောနိုင်ပါတယ်။ ဒီအတွက် ဘယ်သူ့မှာ တာဝန်ရှိလဲ။ ကျွန်တော်တို့နိုင်ငံမှာ နည်းနည်းနဲ့ ကျဲကျဲဝိုင်းနေတယ်ဆိုတာ သဘောပေါက်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ခရီးသည်တွေကများပြီးတော့ ရေယာဉ် အရေအတွက်က နည်းတယ်၊ အထူးသဖြင့် နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင်ရေယာဉ်တွေကို တွက်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ပြည်သူအများစုက နိုင်ငံပိုင်ရေယာဉ်ကို ပိုပြီးတော့တောင် စိတ်ချသေးတဲ့သဘော ရှိတယ်။ ဘာကြောင့်ဆိုတော့ နိုင်ငံက သူ့မှာ ရေယာဉ်ကို စစ်ဆေးမယ်၊ ပြင်ဆင်မယ်၊ စသည်ဖြင့် အဖွဲ့အစည်းတွေ အများကြီး ရှိပါတယ်။ ရေယာဉ်ဆိုတာလည်း ကျွန်တော်တို့ ဒါသူရဲ့အတိုင်းအတာနဲ့သူ သွားနေတာ၊ တစ်နှစ်တစ်ခါ လွန်းတင်ရမယ်ဆိုရင် လွန်းတင် ရမယ့် အလုပ်ကလည်း နိုင်ငံ့အလုပ် ဖြစ်ပါတယ်။ နိုင်ငံတော်ကို ပိုပြီးတော့ ကျွန်တော်တို့က ပြည်သူတွေ ဟာ ယုံကြည်အားကိုးပါတယ်၊ ပုဂ္ဂလိကဆိုတာကတော့ သူ့လောဘစိတ် ကြောင့်ဖြစ်ဖြစ် သူ့ ရေယာဉ်ကို ပိုက်ဆံရရင်ပြီးရော ဆိုပြီး လုပ်သွားနိုင်တဲ့ အနေအထားရှိတယ်။

အဲဒီတော့ ကျွန်တော်ဆွေးနွေးရမှာ ဒီကိစ္စဘယ်လိုဖြစ်လာလဲ၊ ကျွန်တော်တို့ ပို့ဆောင်ရေး ဝန်ကြီးက ဒီသဘော်ာရဲ့အနေအထားကို သူထဲထဲဝင်ဝင်တော့ သိမယ်မထင်ပါဘူး။ အနီးကပ်ဆုံး ဒီသဘော်ာရဲ့ အနေအထားကို ဘယ်သူကသိနိုင်သလဲ၊ ပြည်နယ်အဆင့်လား။ ဒါမှမဟုတ်ရင် ဒီသဘော်ာ ကို အာမခံချက်ပေးတာ ဘယ်သူတွေလဲ၊ သွားလာရေး အာမခံချက်ပေးတဲ့လူ၊ ဒီလို ကျွန်တော်တို့

တိတိကျကျဖော်ထုတ်ပြီးတော့ အပြစ်ပေး၊ အရေးယူသင့်ပါတယ်၊ တော်တော် ကိုယ်စားလှယ်များများ ပြောသွားတဲ့ ကိုရီးယားကူးတို့သင်္ဘော မှောက်မှုမှာလည်း ဒါက သင်္ဘောရေယာဉ်မှူး၊ မာလိန်မှူးပေါ့၊ ပြစ်ဒဏ်ကျပါတယ်။ သင်္ဘောပိုင်ရှင်ကလည်း မှောက်ပြီးတဲ့အချိန်မှာ ထွက်ပြေးတိမ်းရှောင်သွားပါ တယ်။ ဒါက အရေးယူခံရမှာကြောက်လို့၊ ဒီကနေ့ ဒီသင်္ဘောက နိုင်ငံတော်ပိုင် သင်္ဘောဖြစ်တော့ ဘယ်သူ့ကို အရေးယူမှာလဲ၊ ဒါလေးတွေလည်း ရှိပါတယ်။ အဲဒီတော့ ကိစ္စတစ်ရပ်က မီးကို မလောင်ခင် တားသလို ပိုကောင်းပါတယ်၊ ဒါကြောင့် မီးလောင်ပြီးမှ ကျွန်တော်တို့ ဖြစ်ပျက်တဲ့ကိစ္စက ဖြစ်ပြီးသွားတော့ ဆုံးရှုံး နစ်နာမှုက ကျွန်တော်တို့မှာ ဖြစ်ခဲ့တယ်။

ဥပမာဆိုရင် ခုန ကိုယ်စားလှယ်ပြောသွားတာ အရွယ်မရောက်သေးတဲ့ကလေးသူငယ်တွေ၊ ဒီလို ကွယ်လွန်အနိစ္စရောက်သွားတာ ပိုပြီးစိတ်မကောင်းဖြစ်တယ်။ ဒါက နိုင်ငံအတွက် အင်အား တစ်ရပ်ပါ။ ဒီလို ဖြစ်ရပ်တွေကို ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာကို ဆရာဦးအုန်းတင်ပြောသလို ကော်မရှင်ဖွဲ့ပြီးတော့ တိတိကျကျစုံစမ်းပြီးတော့ ထင်သာမြင်သာရှိအောင် နိုင်ငံပိုင်သတင်းစာတွေ ကနေ ဖော်ထုတ်ဆောင်ရွက်သင့်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့ ကိစ္စတစ်ရပ် ဖြစ်လာရင် ကော်မရှင်တော့ ဖွဲ့ပါရဲ့၊ စုံစမ်းရေးကော်မရှင်ဖွဲ့ပါရဲ့၊ ဘယ်လိုပြီးလို့ ပြီးသွားပြီး၊ ဘယ်လို အစီရင်ခံလို့ ခံမှန်း ပြည်သူတွေမသိတာ များပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ၊ ဘယ်တော့မှ ထင်သာမြင်သာ ဒီကိစ္စ တစ်ရပ်ကို ပြီးဆုံးသွားအောင် ကျွန်တော်တို့ ပြည်သူများ မသိသွားရပါဘူး။ ဒီ ကိစ္စမှာဖြစ်ရင် တကယ်လို့ ကော်မရှင်ဖွဲ့ပြီးစုံစမ်းမယ်ဆိုရင် အစအဆုံး ပြည်သူများသိအောင် နေ့စဉ် ထုတ် သတင်းစာကနေပြီးတော့ ဖော်ပြသင့်တယ်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်ပြောကြား လိုပါတယ်။ ကျွန်တော်တို့ ဒီရေကြောင်း သွားလာမှုဆိုတာ စရိတ်အနည်းဆုံးနဲ့ ခရီးအရောက်ဆုံး ပို့ဆောင်ရေးကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ အာရှနိုင်ငံမှာဆိုရင်လည်း ဖိလစ်ပိုင်တို့၊ အင်ဒိုနီးရှားတို့၊ ဂျပန်တို့ဟာ ကျွန်းနိုင်ငံတွေဖြစ်တဲ့ အတွက်ကြောင့် သူတို့မလွဲမရှောင်သာ ဒီဥစ္စာကို အသုံးပြုနေရပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာလည်း ဒီလိုပဲ အသုံးပြုရအုံးမှာ ဖြစ်ပါတယ်။ နောက် ဒီနစ်မြုပ်သွားတဲ့ အောင်တံခွန်(၃)သင်္ဘောဟာ ကျွန်တော် မမြင်ဖူးပါဘူး။ ဒါပေမဲ့ ဒီကနေ့ထုတ်သတင်းစာမှာ သူ့ကို အစားထိုးမယ့် အောင်တံခွန်(၇)သင်္ဘောရဲ့ပုံကို ကျွန်တော်တွေ့ရတဲ့အခါမှာ ဒါဟာ ပင်လယ်ရေကြောင်း မှာသွားဖို့ သင့်တဲ့သင်္ဘောမဟုတ်ဘူးလို့ ကျွန်တော်ယူဆပါတယ်၊ ဒါမြစ်တွင်းသွား သင်္ဘောတစ်စင်း ဖြစ်ပါတယ်၊ အဲဒီတော့ ကျွန်တော်တို့ ဒီ ရခိုင်ကမ်းရိုးတန်းမှာ သွားနေတာလည်း တစ်စိတ်တစ်ပိုင်း အားဖြင့် ပင်လယ်ပြင်ကို ဖြတ်ပြီးသွားနေတဲ့အတွက်ကြောင့် သွားလာဖို့ သင့်တော်တဲ့ သင်္ဘောပုံစံမျိုး သာလျှင် ရွေးချယ်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီမြစ်တွင်းသွားသင်္ဘောနဲ့ ပင်လယ်သွား သင်္ဘောဟာ တည်ဆောက်ပုံခြင်း အနေအထား မတူပါဘူး။ ရေစူးလဲ မတူပါဘူး။ ကျွန်တော်တို့ တည်ဆောက်တဲ့အနေအထားလည်း တူနိုင်မှာမဟုတ်ပါဘူး။ ဒီဖြစ်စဉ်မှာ သင်္ဘောဦးပိုင်းက ရေ ဝင်တယ်ဆိုတာ သိရတဲ့အခါ ဒီလိုပဲ ဒါက ကိုယ်တွေ့ကြုံတဲ့ လူတွေကတဆင့် ဒါသိရတဲ့အခါ ဒါသင်္ဘော ဦးပိုင်း တည်ဆောက်တဲ့နေရာမှာ ဂဟေဆော်ထားတဲ့နေရာမှာ ဒါမှမဟုတ် Rapid တွယ်ထားတဲ့နေရာမှာ ပွင့်ထွက်သွားလို့ပဲ ဖြစ်ရမယ်။ သင်္ဘောမှာလည်း သာမန်ရေဝင်လောက်အောင်ဆိုရင် သူ့မှာလည်း ရေစုပ်စက် ပါပါတယ်။ ရေစုပ်တဲ့အားနဲ့သူက လိုရာခရီးကိုသွားလို့ နိုင်ပါသေးတယ်။ အဆမတန် ရေဝင်လာလို့ရှိရင်တော့ စက်ခန်းကို မြုပ်မယ်ဆိုရင် စက်ခန်းက သင်္ဘောရဲ့ အနိမ့်ဆုံး နေရာဖြစ်ပါတယ်။

စက်အင်ဂျင်တစ်ဝက်လောက် ရေမြုပ်သွားရင်တော့ အင်ဂျင်လည်ပတ်မှု မရှိနိုင်တော့ပါဘူး။ ဒီအခါမှာ ဒါသင်္ဘောဟာ နစ်မြုပ်ဖို့ပဲရှိပါတော့တယ်။

အခုကိစ္စမှာ မာလိန်မှူး ဦးလှမောင်သိန်း ဆိုတာ သူက ရုပ်အလောင်းလဲ မတွေ့ပါဘူး။ အများပြောတာတော့ ဒီသင်္ဘောနဲ့အတူ ပါသွားတယ်လို့ ယူဆတယ်၊ သူ့လည်း ကျွန်တော်တို့ ဂုဏ်ပြုသင့်တယ်။ သင်္ဘောတစ်စီးက နောက်ဆုံးနစ်မြုပ်တဲ့အခါမှာ မာလိန်မှူးက နစ်မြုပ်တဲ့အနေအထားနဲ့ ပါသွားရမှာ ဖြစ်ပါတယ်။ ဒါကမ္ဘာမှာလည်း သမိုင်းတွေ ဒီလိုရှိပါတယ်။ အဲဒီတော့ မာလိန်မှူးဟာ သင်္ဘောရဲ့ ချို့ယွင်းချက်၊ အားနည်းချက်ကို သူသိမှာမဟုတ်ပါဘူး။ သူ့မောင်းခိုင်းရင် သူမောင်းမှာပဲ၊ တကယ်စစ်ဆေးရေးတွေက တာဝန်ရှိပုဂ္ဂိုလ်များသာလျှင် သိမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီ ဦးလှမောင်သိန်း ကိုလည်း ကျွန်တော်တို့ တကယ်လို့များ သင်္ဘောနဲ့အတူတူပါသွားပြီးတော့ နစ်မြုပ်ပြီးတော့ အသက်ကိုစွန့်သွားရမယ်ဆိုရင် သူ့ကိုလည်း နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးဖို့ ဖြစ်ပါတယ်။ ကိုရီးယားကူးတို့သင်္ဘောမှာ မာလိန်မှူးက အသက်စွန့်ပါတယ်၊ နောက်ပြီးတော့ ဒီ ပထမ ထုတ်ပြန်တဲ့စာရင်းမှာ သင်္ဘောအမှုထမ်းက (၁၀)ဦးထဲပါတာဆိုတာ၊ ဒီလို လူ(၂၀၀)၊ (၃၀၀)လောက် တင်သွားတဲ့ သင်္ဘော၊ ကုန်တန်ချိန်ကလည်း (၁၀၀)ကျော်တင်တဲ့ သင်္ဘောမှာ သင်္ဘောရဲ့ ဝန်ထမ်းအင်အားက လွန်စွာနည်းပါးနေတယ်လို့ ကျွန်တော်ယူဆပါတယ်၊ ဘာလို့လဲဆို သင်္ဘောမှာ ဦးဆောင်မောင်းနှင်ရမယ့် ဒီ မာလိန်ပိုင်းရယ်၊ ကျွန်တော်တို့စက်ခန်းပိုင်းရယ်၊ နောက် ခရီးသည် ကုန်စည်တွေကို စိစစ်ရမယ့်အပိုင်းရယ်၊ ဒီလို ကဏ္ဍတွေ အသီးသီးရှိရာမှာ အားလုံးသင်္ဘောအမှုထမ်း (၁၀)ဦးတည်းဆိုတာ လွန်စွာနည်းပါးနေပါတယ်။

နောက်ပြီး သင်္ဘောမှာ အရေးပေါ်ဖြစ်လာလို့ရှိရင် ကျွန်တော်တို့ အသက်ကယ်လှေ၊ အသက်ကယ်ဖောင်၊ ဖောင်က ပိုအရေးကြီးတယ်၊ လှေထက်စာရင် ကျွန်တော်တို့ ကမ်းရိုးတန်းသွား နေတဲ့ သင်္ဘောတွေဟာ ဖောင်က ပိုအရေးကြီးပါတယ်၊ ဖောင်က လုပ်ရတာလွယ်တယ်၊ လူအများကြီး လည်းဆန့်တယ်။ ဖောင်ပေါ်မှာ တက်စီးလို့လည်းရတယ်၊ ဖောင်ပေါ်မှာ ချည်ထားတဲ့ကြိုးတွေကို ကိုင်ပြီးတော့လည်း ရေပြင်မှာ တစ်နာရီ၊ နှစ်နာရီလောက်နေနိုင်တယ်။ အဲဒီတော့ ကယ်ဆယ်ရေးက လာမှာ ပဲ၊ နောက်ပြီးတော့ အရေးပေါ်ဖြစ်လာတဲ့အခါကျရင် အသံနဲ့မပေးနိုင်ရင် အသံနဲ့ပေးဖို့ကမ်းဝေးသေးတယ်ဆိုရင် ကျွန်တော် မီးကျည်နဲ့ မီးနဲ့အချက်ပြစနစ်တွေလည်း ကျွန်တော်တို့ ဒါဟိုးအရင်ကတည်းက တိုက်တင်းနစ်ထဲက ကျင့်သုံးနေတာ၊ ကျွန်တော်တို့ ဒီကနေ့ ကမ်းရိုးတန်း၊ ဒီလောက်ခေတ်မှာ ဒီသင်္ဘောမှာ မပါဘူးဆိုတာတော့ အံ့ဩစရာကောင်းပါတယ်၊ နောက်ပြီး ကျွန်တော်တို့ အခုဆိုရင် လူတိုင်း လူတိုင်း၊ Passenger ကအစ၊ ရေယာဉ်ကအစ၊ ဟမ်းဖုန်းတွေလည်းပါပါတယ်။ လူ(၃၀၀) မှာ Hand Phone က အလုံး(၁၀၀) ကျော်လောက်ပါမယ်ဆိုတာသေချာတယ်။ ဒီလိုဖြစ်နေတဲ့ အချိန်မှာလည်း သက်ဆိုင်ရာဒေသတွေကို လှမ်းပြီးတော့ ဒါ ဆက်သွယ်နိုင်ကြမှာပဲ၊ အဲဒီတော့ ဖြစ်ချင်တော့ ကျွန်တော်တို့ နေ့အချိန်ဆိုရင်တော ပိုပြီးတော့ အသေအပျောက်ကနည်းမယ်လို့ယူဆရတယ်၊ ညအချိန် ဆိုရင်တော့ ကျွန်တော်ကိုယ်တိုင်က တစ်ခါတုန်းက ကံကောင်းထောက်မပြီး မသေခဲ့တာ၊ ကျွန်တော် ထားဝယ်ကနေပြီး မြိတ်ကိုသွားတာ၊ ထားဝယ်ကနေ ညနေ(၃)နာရီလောက်ထွက်တယ်၊ မြိတ်ကို ဟိုဘက်မနက်ရောက်တယ်၊ ည(၉) နာရီ (၁၀)နာရီလောက်မှာ ကျွန်တော့်စက်လှေဟာ သစ်သားခွံပါ။ လူက (၇၀)(၈၀)လောက်ပါပြီးတော့ ကုန်လည်းတင်တယ်၊ ဒါပေမဲ့ အောင်တံခွန်(၃)လို မတန်တဆ တင်ထားတာမဟုတ်တဲ့အတွက်ကြောင့် လှိုင်းလေမိပြီးတော့ မြုပ်သွားမယ်ဆိုရင် ကျွန်တော်အသက် မရှင်တော့ပါဘူး။ သေမှာသေချာတယ်၊

ဘာလို့လဲဆိုတော့ ရေကူးတတ်ပေမယ့် ကျွန်တော့်မှာ မူးဝေနေတယ်။ ဒီသင်္ဘောမှာပါတဲ့ ခရီးသည်က မူးဝေနေတဲ့ ခရီးသည် တစ်ဦးမှပါမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ လှိုင်းလေမရှိတဲ့အတွက်ကြောင့် ငြိမ်သက်နေပြီးတော့ ဖြစ်ပါတယ်။

အဲဒီတော့ကယ်ဆယ်ရေးပိုင်းမှာလည်း ကျွန်တော်တို့ အားနည်းတယ်၊ သို့သော်လည်းပဲ လူ(၂၀၀)ကျော်မှာ (၁၆၉)ဦး၊ လောလောဆယ်(၁၆၉)ဦး အသက်ရှင်တယ်ဆိုတာ တော်တော်လေး ကျွန်တော်တို့ ဖြေသာဖို့ရှိတယ်၊ ဒါသင်္ဘောမာလိန်မှူးအပိုင်းရဲ့ ကျွမ်းကျင်မှုလို့ ကျွန်တော်ယူဆတယ်။ သင်္ဘောကရေဝင်တဲ့ ဒီအန္တရာယ်ဖြစ်လောက်တဲ့ စတဲ့အချိန်ကနေပြီး မြုပ်တဲ့အချိန်အထိ တစ်နာရီ ကျော်ကကြာလို့ အချိန်ရတယ်လို့ ကျွန်တော် ယူဆတယ်။ အချိန်ရတဲ့အခါမှာ သင်္ဘောမာလိန်မှူးဟာ ကမ်းကိုရအောင်ခုတ်တယ်လို့ ကျွန်တော်ယူဆတယ်၊ ဒါကြောင့် ပေ(၉၀၀)အကွာမှာပဲ နစ်မြုပ်သွားတယ် ဆိုတာ ဒါ ဒီအကြောင်းအချက်တစ်ခုက ပါလိမ့်မယ်ထင်တယ်။ ပေ(၉၀၀)နဲ့ ကပ်ပြီးတော့ ဘယ်သင်္ဘောမှ ညအချိန်မခုတ်သွားပါဘူး၊ ကမ်းနဲ့၊ အဲဒီတော့ ဒါမာလိန်မှူးရဲ့ ဒါအမြော်အမြင်ကြီးမှု၊ ကျွန်တော်တို့ တကယ်လို့များ အင်ဂျင်ဟာ (၁၀)မိနစ်၊ (၁၅)မိနစ်လောက် ပိုပြီးတော့ ခုတ်မောင်းနိုင်မယ်ဆိုရင် သင်္ဘောက ကမ်းကို ကပ်သွားနိုင်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီအတွက်ကြောင့် နိဂုံးချုပ်အနေနဲ့ ဒီသင်္ဘောက ဘာကြောင့်နစ်မြုပ်လဲဆိုရင် အများပြောနေတဲ့ သတ်မှတ်တဲ့ လူဦးရေ ထက် ပိုတင်တာရယ်၊ ကုန်ပိုတင်တာရယ်၊ ဒီအကြောင်းအချက် အများကြီးပါပါတယ်၊ သင်္ဘောရဲ့ ကြံ့ခိုင်မှု အားနည်းတာရယ်၊ ဒါတွေပေါင်းစပ်လိုက်တဲ့အခါကျရင် ဒီသင်္ဘောဟာ ရာသီဥတုနဲ့ ဘာမှမဆိုင်ပဲနဲ့ ဒီလောက်ကန်ရေပြင်လို ငြိမ်သက်နေတဲ့ရေပြင်မှာ ကျောက်ဆောင်နဲ့လည်း မတိုက်ပဲနဲ့ ဘာမှမဖြစ်ပဲနဲ့ ဧရာ၊ ကျွန်တော်တို့ သင်္ဘောဦးပိုင်းကို ဧရာလို့ခေါ်တယ်၊ ဧရာထိပ်က ကွဲပြီးတော့သာဖြစ်ရင် သင်္ဘောရဲ့ စစ်ဆေးမှုအပိုင်းမှာ အားနည်းနေတယ်ဆိုတာ ဒါ ပေါ်လွင်တဲ့အတွက်ကြောင့် ကော်မရှင်ဖွဲ့ရင်လည်း တိတိကျကျ ကျွန်တော်တို့ အပြစ်ပေး၊အရေးယူ၊ ချီးကျူးဂုဏ်ပြုသင့်တယ်လူကို ချီးကျူး၊ ဒီလို ဆောင်ရွက်သင့်ပါကြောင်းနဲ့ နောက်နောင် ဒီလိုကိစ္စတွေ ကျွန်တော်တို့နိုင်ငံမှာ မပေါ်ပေါက်အောင် အထူးဂရုပြုပြီးတော့ နိုင်ငံတော် အစိုးရက စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၆း၀၇။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် မှလည်း ဆွေးနွေးချင်ပါတယ်။

**အချိန်၊ ၁၆း၀၇။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)**။ ။ အားလုံးမင်္ဂလာပါ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကျွန်တော်ကတော့ သင်္ဘောသားဖြစ်တဲ့ အတွက် သင်္ဘောမမှောက်အောင်ကို ဘယ်လိုအစီအစဉ်ရှိတယ်၊ သင်္ဘောကို မထွက်ခွာမီ ဘယ်လို အစီအစဉ်ရှိတယ် ဆိုတာကို စုံစမ်းရေးကော်မရှင်အနေနဲ့ သိရှိနိုင်အောင် တင်ပြခြင်း ဖြစ်ပါတယ်။ အချိန် တိုတောင်းတဲ့အတွက် ကျွန်တော် အမြန်ဆုံး တင်ပြဆွေးနွေးပါမယ်။ သင်္ဘောဟာ တည်ဆောက်ကတည်း ကိုက တော်ရုံတန်ရုံမမှောက်အောင်ကို တည်ဆောက်ထားတာ၊ တည်ဆောက်ကတည်းကိုက အဲဒါကို သင်္ဘော ပင်လယ်ပြင်ထွက်တော့မယ်၊ ခရီးထွက်တော့မယ်ဆိုရင် အထူးတာဝန်ရှိတဲ့လူက ကပ္ပတိန်နဲ့ ရေယာဉ်မှူး ဖြစ်ပါတယ်။ အဲဒီ ကပ္ပတိန်နဲ့ရေယာဉ်မှူးတွေက ဘာလုပ်လဲဆိုတော့ ပထမ water line

ရှိတယ်၊ ရေစီးကြောင်း၊ ကုန်တင်မှုဘယ်လောက်ရှိတယ်၊ နောက်ဒုတိယ ရာသီဥတု၊ တတိယကြုံခိုင်မှု၊ တတိယ လုံခြုံမှုရှိ/မရှိ အဲဒါကို စစ်ဆေးရပါတယ်။

အဲဒီအချက်တစ်ချက်ထဲမှာ အခုဖြစ်တဲ့ကိစ္စဟာ ဆောင်ရွက်မှုရှိ/မရှိ ကျွန်တော်တို့ မခန့်မှန်းနိုင်ပါဘူး။ ဥပမာ water line ဆိုတာက ကုန်တင်တဲ့ water line၊ ရေ အမှတ်အသားကို ဆိုလိုတာပါ၊ အဲဒါ သင်္ဘောထွက်ခါနီးမှာ ကပ္ပတိန်က၊ ရေယာဉ်မှူးက နောက်ဆုံးအရာရှိတွေ စစ်ဆေးတာကို မကျေနပ်လို့ ရှိရင် သင်္ဘောထွက်ခါနီးမှာ သူကိုယ်တိုင် အောက်ဆင်းပြီးတော့ water line ကျော်/ မကျော်ကို သူ စစ်ဆေးပါတယ်၊ water line ကျော်လို့ဆိုရင် အပေါ်မှာရှိတဲ့ကုန်တွေကို ဒီဇယ်ပဲဖြစ်ဖြစ် ဝါတာ ဖလက်ဝါတာပဲဖြစ်ဖြစ် ထုတ်ပြီးတော့ water line မကျော်အောင်ကို သူ ကန့်သန်ပြီးတော့မှ သာလျှင် သင်္ဘောထွက်ခွင့်ရှိပါတယ်၊ နောက် ရာသီဥတုအခြေအနေကို မေးမြန်းပြီးတော့ တကယ်လို့များ ရာသီဥတု အခြေအနေလမ်းကြောင်း ဆိုးမယ်ဆိုရင် မထွက်ဘူး၊ ဒီနေ့ အချိန် နောက်ကျ တစ်ရက်ပဲ၊ မထွက်ခွာပဲ နေနိုင်တယ်။ ထိုနည်းအတိုင်းပဲ လုံခြုံမှုမကောင်းဘူး ဆိုရင်လည်း သက်ဆိုင်ရာနဲ့ ညှိနှိုင်းပြီးတော့ မထွက်ပဲနဲ့ တစ်ခြားလမ်းကြောင်းတော့ သွားလို့ရပါတယ်။

နောက် သင်္ဘောဟာတည်ဆောက်ကတည်းကိုက ၄၅ ဒီဂရီ တိမ်းစောင်းမှသာလျှင် မှောက်တယ်။ ဥပမာ ကျွန်တော်တို့ ဆိုရင် ပစိဖိတ်ပင်လယ်မှာ ဆိုက်ကလုန်းမုန်တိုင်းထိတယ်၊ သင်္ဘောဟာ ၄၅ ဒီဂရီ စောင်းတာတောင် မမှောက်ဘူး၊ ကပ္ပတိန်တော်လို့၊ လူမရပ်နိုင်တော့ဘူး၊ ခုံတွေဘာတွ ကျိုးပြီးတော့ သင်္ဘောကို စောင်းတဲ့အခါ ညာဘက်မှာ စောင်းတဲ့အခါမှာ ၄၅ ဒီဂရီစောင်းနေလို့ လူ မရပ်နိုင်ဘူး။ Cargo၊ ပစ္စည်းတွေက အကုန်ရွှေ့သွားတယ်၊ အဲဒါကြောင့်မို့ Cargo တည်ဆောက်မှု တက်တဲ့အခါမှာ ကပ္ပတိန်က အောက်ကို သေချာကြည့်ပြီးတော့ Save ဖြစ်မှ သူက ဒီထွက်ခွင့်ပေးတယ်၊ အခုကိစ္စ ကျွန်တော်တို့ ကြားရတဲ့အခါမှာ သင်္ဘောတိမ်းစောင်းတဲ့အခါမှာ ချက်ချင်း ဘယ်ဘက်က မှောက်တယ်လို့ သတင်းရရှိတယ်။ အဲဒါမှာ Cargo တင်မှု၊ တိုင်ကီတို့ ရေတိုင်ကီတို့၊ ဒီဇယ်တိုင်ကီ တို့ဟာ သင်္ဘော စောင်းတဲ့အချိန်မှာ တစ်ဘက်ကို အကုန်လုံးပစ္စည်းတွေရွှေ့ပြီးတော့ သင်္ဘောဟာ ပြန်မထောင်နိုင်တော့ပဲနဲ့ မှောက်တယ်ဆိုတာကို ကျွန်တော်တို့ ခန့်မှန်းရပါတယ်။

ဒါကပ္ပတိန်ရဲ့ အားနည်းမှု၊ တကယ်လို့များ အန္တရာယ်ရှိပြီဆိုရင်လဲ ကပ္ပတိန်က နောက်ဆုံးမှ ဆင်းရပါတယ်၊ ထုံးစံက သင်္ဘောအန္တရာယ်ရှိနေပြီ၊ သင်္ဘောသားတွေ တည်တည်ငြိမ်ငြိမ်နေပါ၊ ခရီးသည်တွေ တည်တည်ငြိမ်ငြိမ်နေပါ။ အခြေအနေ ဒီလိုရှိပါတယ် ဆိုပြီးတော့ ကြေညာပြီးတော့ တည်တည်ငြိမ်ငြိမ် နေဖို့ဆိုပြီးတော့ ကပ္ပတိန်ကကြေငြာပြီးတော့ နောက်ဆုံးခရီးသည်တွေပဲ ဖြစ်ဖြစ် သင်္ဘောသား နောက်ဆုံး ဆင်းပြီးမှ ကပ္ပတိန်က နောက်ဆုံး ဆင်းရပါတယ်။ အခုအခြေအနေက သင်္ဘောသားနဲ့ ကပ္ပတိန်က အရင်ဆင်းရတယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် အခု သင်္ဘောကလည်းပဲ ပင်လယ်ပြင်သွားတဲ့ သင်္ဘောလား၊ မြစ်ကြောင်းမှာသွားတဲ့ သင်္ဘောလားဆိုတာ တည်ဆောက်ကတည်းကိုက ရေစူးကို သတ်မှတ်ပါတယ်။ အခုဖြစ်တဲ့သင်္ဘောဟာ ပင်လယ်ပြင်သွားမယ့် သင်္ဘောမဟုတ်ဘူး။ ရေစူးမပြည့်စုံတဲ့ သင်္ဘော၊ မြစ်ကြောင်းသွားရမယ့် သင်္ဘောလို့ ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော်တို့ အခုအချက်အလက်တွေဆွေးနွေးတဲ့ သတင်းအရ ဆွေးနွေးတဲ့အခါမှာ လည်းပဲ ကပ္ပတိန်နဲ့ သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်ဟာ အားနည်းကြောင်း ပေါ်လွင်ထင်ရှားနေတာ တွေ့ရပါတယ်။

သဘော်ာဟာ တစ်နှစ်ကျော်လောက်မထင်ဘူး၊ အဲဒီလို ဖြစ်တဲ့ အတွက် သဘော်ာ ဟာ ခိုင်ခံ့မှုမရှိဘူးတာ ဆိုတာ ကျွန်တော်တို့ သိရှိရပါတယ်။

နောက် နောက်ဆုံးအချက်အနေနဲ့ကျွန်တော်တင်ပြချင်တာက သဘော်ာရယ်လို့ မဟုတ်ဘူး။ မြန်မာပြည်မှာ အားနည်းချက်၊ လေယာဥ်ပျံရော၊ ကားရောကျွန်တော်ကြုံဖူးတယ်၊ ဥပမာပြောရရင် Overweight ကုန်ပိုတင်တာ၊ တာချီလိတ်နဲ့ကျွန်တော်တို့ ရန်ကုန်ပြန်တဲ့အခါမှာ လေယာဥ်ပျံစီးတာ၊ လေယာဥ်ပျံစီး၊ ကျွန်တော်တို့ ခရီးထွက်တဲ့အခါမှာ လေယာဥ်ပျံ ထိုင်ခုံသွားတဲ့လမ်းကို ပစ္စည်း အပြည့် တင်သွားတယ်၊ အပြည့်တင်သွားတော့ လေယာဥ်ပျံ မတက်နိုင်ဘူး။ မတက်နိုင်တဲ့အခါမှာ ကျိုင်းတုံမှာ အရေးပေါ်ဆင်းတဲ့အခါမှာ မဆင်းနိုင်ဘူး၊ ပစ္စည်းတွေလမ်းတစ်ဝက်မှာ ချလိုက်ရတယ်၊ အဲဒီလို အခြေအနေဟာမျိုးတွေကို ကြုံဖူးတယ်၊ လေယာဥ်တောင်မှ ဒါကြောင့် လေယာဥ်ပျံ ပျက်ကျဆိုတာက အခု သဘော်ာတွေ ကျွန်တော်တို့ အတွေ့အကြုံအရသိရတယ်။ ထိုနည်းအတိုင်းပဲ ကားမှာလည်းပဲ ကျွန်တော်တို့ ရန်ကုန်နဲ့ ဒီကိုလာတာ ကျွန်တော်တို့ အခု Express ကားတွေ၊ Tour Gate တစ်ခုမှာ ခရီးသည်တွေ ခဏဆင်းပါအုံးတဲ့၊ ကုန်ပိုတင်လို့တဲ့၊ အထဲမှာ ပစ္စည်းတွေ အများကြီးတင်လို့၊ ဥပမာပြောချင်တာက အဲဒီလို အခြေအနေအမျိုးမျိုးဟာ ဌာနဆိုင်ရာအသီးသီး သက်ဆိုင်ရာ ကုန်းလမ်း သယ်ယူပို့ဆောင်ရေး ရော၊ လေကြောင်းရော၊ ရေကြောင်းရော၊ အဓိကတာဝန်ရှိသော ကြီးကြပ်မှု အားနည်းတဲ့ အတွက်ကြောင့် ဖြစ်တယ်ဆိုတာကို အခုလို လူပေါင်းမြောက်မြားစွာ မဖြစ်သင့်၊ မဖြစ်ထိုက်ပဲနဲ့ ဖြစ်ရလေတဲ့အတွက် နောက်နောင် အဲဒီ့အတွေ့အကြုံအရ အတိုချုံး ကျွန်တော် ဆွေးနွေးပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီကိစ္စက မတ်လ (၁၃)ရက် သောကြာနေ့ ဖြစ်တယ်။ စနေ၊ တနင်္ဂနွေ လွှတ်တော်နားထားတယ်၊ (၁၄)၊(၁၅)၊(၁၆)ရက်နေ့မှာ ကျွန်တော်တို့သတိရပါတယ်။ အနည်းဆုံးလွှတ်တော် အနေနဲ့ ဝမ်းနည်းကြောင်း ထည့်ဖို့ကောင်းတယ်။ သို့သော် လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်မရှိတဲ့အတွက် ဥက္ကဋ္ဌ ဆိုပြီး ထည့်တဲ့အခါကျလည်း Cheap popularity ယူရာရောက်မယ်၊ တကယ်ပဲ ကျွန်တော် အဲလို အမှတ်ရခဲ့တာပေ့ါ၊ ဒီကိစ္စက အမှန်တော့ နည်းနည်းလေးတောင် နောက်ကျသွားတယ်၊ ဒီထဲမှာလည်း ခုနလို့ ဒီအဆိုထဲမှာလည်း မူလအဆိုရှင် သဘောတူတယ်ဆိုရင် ဝမ်းနည်းကြောင်းထည့်မယ် ဆိုရင် ရပါတယ်။ အသက်သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပစ္စည်းဆုံးရှုံးမှုများအတွက် အမျိုးသားလွှတ်တော် က ဝမ်းနည်းကြောင်းနှင့် လျော်ကြေးပေးရေးကိစ္စရပ်များ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ အရေးယူဆောင်ရွက်ပေးပါရန် ဆိုရင် ပိုပြီးတော့ လေးနက်မယ်လို့ ယူဆပါတယ်။ ဦးအုန်းတင် ဘယ်လို သဘောရလဲ။

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဥက္ကဋ္ဌကြီး ကျွန်တော် သဘော တူပါတယ်။

**အချိန်၊ ၁၆း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးအုန်းတင် တင်သွင်းတဲ့ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်၊ ည(၈)နာရီခန့်တွင် မြေပုံမြို့နယ် နောင်တော်ပင်လယ်ဝ၊ မျောက်ကျိန်ကျွန်းအနီး ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန် အမှတ်(၃)နှစ်ထပ်သဘော်ာ နစ်မြုပ်ရခြင်းကြောင့် အသက်များ၊ များထည့်လိုက်မယ်နော်၊ အသက်များ

သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပစ္စည်းဆုံးရှုံးမှုများအတွက် အမျိုးသားလွှတ်တော်က ဝမ်းနည်းကြောင်းနှင့် လျော်ကြေးပေးရေးကိစ္စများအား စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးတကြီးအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ လွှတ်တော်ရဲ့ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့နည်းလမ်းနဲ့ဆောင်ရွက်မှာ ဖြစ်ပါတယ်၊

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ်မှာ ထောက်ခံ(၁၂၆)မဲ၊ ကန့်ကွက်မရှိ၊ ကြားနေမရှိ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးအုန်းတင်ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၀) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၁) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၆း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၀ ရက် (သောကြာနေ့) နေ့လယ် ၁၃း၀၀ နာရီ သို့မဟုတ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးအပြီး မိနစ် (၃၀)အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၆း၁၇ နာရီအချိန်တွင် ရပ်နားပါသည်။]